www.burmeseclassic.com



နှစ်ပေါင်းလေးဆယ်ကာလ

# နိုင်ငံတော်သမ္မတများ

(၁၉၄၈ - ၁၉၈၈)

တင်နိုင်တိုး

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဖြေ့စာအုပ်ဂျာ

**တင်နိုင်တိုး** နှစ်ပေါင်းလေးဆယ်ကာလ နိုင်ငံတော် သမ္မတများ (၁၉၄၈ - ၁၉၈၈)

စာမူခွင့်ပြုချက်အမှတ် –၃၁၀၂၂၀၁၀၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် –၃၁၀၁၉၁၁၀၁၁

ပုံနှိပ်ခြင်း – ပထမကြိမ်၊၂၀၁၁၊နိုဝင်ဘာ

အုပ်ရေ – ၅၀၀

မျက်နှာဖုံး ဒီဇိုင်း –အံ့ဘွယ်ဇင်

အတွင်းဖလင် – 'ပုံရိပ်ရှင်'

ထုတ်ဝေသူ – ဒေါ်သင်းသင်းမွန်၊သင်းစာပေ

အမှတ်(၁၀)ရတနာမြိုင်လမ်း၊ ၁၂ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် – မုံရွေး၊ ၈၀/ ခသံလွင်လမ်း၊ ဗဟန်းမြို့နယ်၊

ကွန်ပြူတာစာစီ –DREAM CITY

စာအုပ်ချုပ် – ကိုမြင့်

တန်ဖိုး – ၁၅၀၀ ကျပ်

တင်နိုင်တိုး ၆၂၃.၁

နိုင်ငံတော် သမ္မတများ /တင်နိုင်တိုး ရန်ကုန်၊

သင်းစာပေ၊ ၂၀၁၁။

၁၃၀ - စာ၊ ၁၃ × ၂၀ စင်တီ။

(၁) နိုင်ငံတော် သမ္မတများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| - | မိတ်ဆက်အမှာ | ၇ |
| ၁။ | သမ္မတ စဝ်ရွှေသိုက်<br>(၄ ဇန်နဝါရီ ၁၉၄၈ – ၁၂ မတ် ၁၉၅၂) | ၁၁ |
| ၂။ | သမ္မတ ဒေါက်တာဘဦး<br>(၁၂ မတ် ၁၉၅၂ – ၁၂ မတ် ၁၉၅၇) | ၂၉ |
| ၃။ | သမ္မတ ဦးဝင်းမောင်<br>(၁၃ မတ် ၁၉၅၇ – ၂ မတ် ၁၉၆၂) | ၄၇ |
| ၄။ | တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၊ သမ္မတ ဦးနေဝင်း<br>(၂ မတ် ၁၉၆၂ – ၉ နိုဝင်ဘာ ၁၉၈၁) | ၆၁ |
| ၅။ | သမ္မတ ဦးစန်းယု<br>(၉ နိုဝင်ဘာ ၁၉၈၁ – ၂၅ ဇူလိုင် ၁၉၈၈) | ၈၉ |
| ၆။ | သမ္မတ ဦးစိန်လွင်<br>(၂၇ ဇူလိုင် ၁၉၈၈ – ၁၂ ဩဂုတ် ၁၉၈၈) | ၁၀၃ |
| ၇။ | ဒုတိယသမ္မတ ဦးအေးကို<br>(၁၂ ဩဂုတ် ၁၉၈၈ – ၁၉ ဩဂုတ် ၁၉၈၈) | ၁၀၉ |
| ၈။ | သမ္မတ ဒေါက်တာမောင်မောင်<br>(၁၉ ဩဂုတ် ၁၉၈၈ – ၁၈ စက်တင်ဘာ ၁၉၈၈) | ၁၁၅ |
| - | ကျမ်းကိုးစာရင်း | ၁၂၇ |


www.burmeseclassic.com

www.burmeseclassic.com



# မိတ်ဆက်အမှာ

ခင်မင်ရင်းနှီးသူ ကဗျာဆရာ စိုင်းဝင်းမြင့်က နိုင်ငံတော်သမ္မတများ အကြောင်း စာအုပ်တစ်အုပ် ရေးပေးရန် မေတ္တာရပ်ခံလာပါသည်။ ဝမ်းပန်းတသာ ပင် ရေးပေးပါမည်ဟု ကတိပြုလိုက်မိပါသည်။ နိုင်ငံတော်သမ္မတ အဆက်ဆက်က အကြောင်းအရာအားဖြင့် မစိမ်းလှသော်လည်း ထူးခြားချက်များ၊ လူသိနည်းသော အမှတ်အသား အချက်အလက်များကို ထည့်သွင်း ရေးသားလိုသော စာရေးသူ၏ ပင်ကိုဆန္ဒအတိုင်း အခက်အခဲအချို့ရှိမည် ဖြစ်ကြောင်း ကြိုတင်မှန်းဆမိပါသည်။ သို့သော် စိတ်ပိုင်းဖြတ်ပြီးဖြစ်ပါက ဖြစ်အောင်လုပ်တတ်သော ဇွတ်တရွတ်စိတ်ကြောင့်ပင် ဤစာအုပ်ကို ရေးဖြစ်သွားပါသည်။

သမ္မတဟူသည် ပါဠိဘာသာ စကားဖြစ်ပြီး နိုင်ငံအကြီးအကဲဟု အဓိပ္ပာယ်ရပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိချိန်မှစ၍ ၁၉၈၈ ခုနှစ်အထိ သမ္မတ၊ နိုင်ငံတော် အကြီးအကဲ အဆက်ဆက် ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁။ စဝ်ရွှေသိုက် (၄ ဇန်နဝါရီ ၁၉၄၈ – ၁၂ မတ် ၁၉၅၂)
၂။ ဒေါက်တာဘဦး (၁၂ မတ် ၁၉၅၂ – ၁၂ မတ် ၁၉၅၇)
၃။ မန်းဝင်းမောင် (၁၃ မတ် ၁၉၅၇ – ၂ မတ် ၁၉၆၂)
၄။ ဦးနေဝင်း (၂ မတ် ၁၉၆၂ – ၉ နိုဝင်ဘာ ၁၉၈၁)
၅။ ဦးစန်းယု (၉ နိုဝင်ဘာ ၁၉၈၁ – ၂၅ ဇူလိုင် ၁၉၈၈)
၆။ ဦးစိန်လွင် (၂၇ ဇူလိုင် ၁၉၈၈ – ၁၂ ဩဂုတ် ၁၉၈၈)
၇။ ဦးအေးကို (၁၂ ဩဂုတ် ၁၉၈၈ – ၁၉ ဩဂုတ် ၁၉၈၈)
၈။ ဒေါက်တာ မောင်မောင် (၁၉ ဩဂုတ် ၁၉၈၈ – ၁၈ စက်တင်ဘာ ၁၉၈၈) တို့ ဖြစ်ပါသည်။

'သမ္မတ' ဟူသော အသုံးအနှုန်းက ကိုလိုနီခေတ်ကပင် ရှိခဲ့သည်။ ကိုလိုနီခေတ် နိုင်ငံရေး ဦးဆောင်အဖွဲ့အစည်းတစ်ခု ဖြစ်သည့် ဂျီစီဘီအေ အသင်းကြီး၏ ဥက္ကဋ္ဌကို 'သမ္မတ' ဟူ၍ ခေါ်ဆိုကြသည်။ သမ္မတ ဦးချစ်လှိုင်၊ သမ္မတ ဦးစိုးသိမ်းတို့မှာ ထင်ရှားခဲ့ကြသူများ ဖြစ်ပါသည်။ သို့သော် ဤစာအုပ်တွင် ယင်းသမ္မတများ အကြောင်း မပါဝင်ပါ။ လွတ်လပ်ရေး ရရှိပြီးကာလမှ စ၍ နိုင်ငံတော်သမ္မတ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြဖူးသူများ အကြောင်းကိုသာ ရတန်သ၍ အချက်အလက်များဖြင့် ရေးသားဖော်ပြထားခြင်း ဖြစ်ပါသည်။

နိုင်ငံတော် သမ္မတများသည် ခေတ်အဆက်ဆက် အခြေအနေ အမျိုးမျိုးကို ရင်ဆိုင်ဖြတ်ကျော်ခဲ့ရသည်။ နိုင်ငံတော် အရေးအရာနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် အမျိုးမျိုးကို ချမှတ် အကောင်အထည် ဖော်ခဲ့ကြရသည်။ ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ကြရာ၌ အောင်မြင်မှုများ ရရှိသကဲ့သို့ မအောင်မြင်ခဲ့သည်များလည်း ရှိပါ

www.burmeseclassic.com

www.burmeseclassic.com




သည်။ မည်သို့ဆိုစေကာမူ နိုင်ငံတော်သမ္မတ (သို့မဟုတ်) နိုင်ငံတော်အကြီးအကဲ အဆက်ဆက်သည် နိုင်ငံတော် ကောင်းကျိုးအတွက် တာဝန်ထမ်းဆောင်ခဲ့ကြရာ၌ စိတ်စေတနာ သန့်ရှင်းဖြူစင်စွာ လုပ်ဆောင်ခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်များပီပီ မေတ္တာ၊ ကရုဏာတရားတို့ကို ရှေ့တန်းတင်လျက် ကျရာတာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ခဲ့ကြသည်။

ဤစာအုပ်တွင် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အကြီးအကဲတစ်ဦးချင်း၏ မျိုးရိုးဆက်နွယ်၊ အတ္ထုပ္ပတ္တိ အကြောင်းအရာ၊ သမ္မတ သက်တမ်းကာလအတွင်း ဖြစ်ရပ်များ စသည်တို့ကို ကြိုးစားရှာဖွေတင်ပြထားပါသည်။ ပြီးပြည့်စုံမည် မဟုတ်သည့်တိုင် လူငယ်လူရွယ်များ ဗဟုသုတ ရရှိစေရေးအတွက် ရည်ရွယ် ရေးသားထားပါသည်။

**တင်နိုင်တိုး**

www.burmeseclassic.com

www.burmeseclassic.com



## ၁။ သမ္မတ စဝ်ရွှေသိုက်

(၄ ဇန်နဝါရီ ၁၉၄၈ – ၁၂ မတ် ၁၉၅၂)

သမ္မတ စဝ်ရွှေသိုက်သည် ညောင်ရွှေစော်ဘွားဆက်မှ ပေါက်ဖွားလာသူ ဖြစ်၏။ စဝ်ရွှေသိုက်ကို ၁၆ အောက်တိုဘာ ၁၈၉၆ ည ၁၀ နာရီအချိန်တွင် ဖွားမြင်ခဲ့သည်။ အမည်ရင်းက စဝ်ရွှေဆိုက် ဖြစ်သည်။ စဝ်ရွှေသိုက်၏ မယ်တော်သည် သူ့အား ဖွားမြင်ချိန် မီးမဖွားနိုင်ဘဲ ဒုက္ခအခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ဘုန်းတန်ခိုးကြီးသူ ဖြစ်သဖြင့်သာ ယင်းသို့ မီးမဖွားနိုင် ဖြစ်ရသည်ဆိုပြီး လောကီယတြာအားဖြင့် မယ်တော်အား ရွှေထီးမိုးပေးကာ မွေးဖွားစေခဲ့သည်။ ထိုအချိန်ကာလမှာ အင်းလေးဖောင်တော်ဦး ဘုရားပွဲ လှည့်လည်ချိန်လည်း ဖြစ်ရာ ကရဝိက်ဖောင်တော်က စေတီတော်မြတ်အား ဦးခိုက်ဆိုက်မိချိန်တွင် ဖွားမြင်ခဲ့ရာမှ စဝ်ရွှေဆိုက်ဟု အမည်မှည့်ခေါ်ခဲ့ကြသည်။ ယင်းနောက် စဝ်ရွှေဆိုက်မှ စဝ်ရွှေသိုက်ဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။


စဝ်ရွှေသိုက်၏ မိဘများကို ညောင်ရွှေစော်ဘွားကြီး (ဆာ) စောမောင်နှင့် မဟာဒေဝီတို့ ဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်း အပါ



www.burmeseclassic.com

www.burmeseclassic.com






သမ္ဘူတ စဝ်ရွှေသိုက်၏ဇာတာ



www.burmeseclassic.com

www.burmeseclassic.com



အဝင် စာအုပ်စာတမ်းများ၌ ဖော်ပြ ရေးသားကြသည်။ စင်စစ်အားဖြင့် စဝ်ရွှေသိုက်၏ မိဘများမှာ အင်းတိန်မြို့စား စဝ်ချုံနှင့် စဝ်နန်းတို့သာ ဖြစ်ပါသည်။ စော်ဘွားကြီး ဆာစောမောင်က စဝ်ရွှေသိုက်ကို ငယ်စဉ်ကပင် မွေးစားထားခဲ့ရာမှ ယင်းကဲ့သို့ ရေးသားဖော်ပြကြခြင်း ဖြစ်သည်။

ညောင်ရွှေစော်ဘွား ဖြစ်လာခဲ့သူ (ဆာ) စောမောင်နှင့် စဝ်ရွှေသိုက်၏ ဖခင် အင်းတိန်မြို့စား စဝ်ချုံတို့သည် ညီအစ်ကိုများ ဖြစ်ကြသည်။ စဝ်ချုံနှင့် စဝ်နန်းတို့မှ စဝ်ရွှေအုပ်နှင့် စဝ်ရွှေသိုက်တို့ကို ဖွားမြင်ခဲ့သည် ဆိုပါသည်။ (ဆာ) စောမောင်သည် မြန်မာဘုရင် အသိုင်းအဝိုင်းနှင့် နီးစပ်သူ ဖြစ်၏။ ၁၈၅၂ ခုနှစ် တွင် ညောင်ရွှေစော်ဘွား စဝ်သုဒေဝ (Sao Hsu Dewa) လုပ်ကြံခံခဲ့ရရာ မင်းတုန်းမင်းက စော်ဘွား၏ မဟာဒေဝီနှင့် သားစောမောင်တို့ကို နန်းတွင်းသို့ ခေါ်ယူထားခဲ့၏။ စောမောင်မှာ ၁၈၄၈ ခုနှစ်တွင် ဖွားမြင်သူဖြစ်ရာ နန်းတွင်းသို့ ရောက်ရှိချိန်က ၅ နှစ်အရွယ်မျှသာ ရှိပါသေးသည်။ သူ့ကို မင်းတုန်းမင်းနှင့် မိဖုရားခေါင် စကြာဒေဝီတို့က အလွန်ချစ်မြတ်နိုးခဲ့ရာ မင်းတရားကြီး၏ မွေးစားသားဟူ၍ပင် ဆိုကြသည်။

ညောင်ရွှေကို စော်ဘွားစဝ်ဟုံ (၁၈၅၂–၅၈)၊ စဝ်နော်ဖ (၁၈၅၈–၆၄) တို့ အုပ်ချုပ်ခဲ့ပြီးနောက် ၂၃ အောက်တိုဘာ ၁၈၆၄ တွင် အသက် ၁၇ နှစ် အရွယ်ရှိပြီ ဖြစ်သော စောမောင်အား မင်းတုန်းမင်းက ညောင်ရွှေစော်ဘွား အရိုက်အရာ ပေးအပ်ခဲ့သည်။ မဟာဝံသ သုဓမ္မ ရာဇာဘွဲ့ခံ ညောင်ရွှေစော်ဘွား စောမောင်သည် မြန်မာဘုရင်၏ စောင့်ရှောက်ချီးမြှင့်မှုဖြင့် ၁၈၈၅ ခုနှစ်အထိ ညောင်ရွှေမြို့ကို



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ခဲ့သည်။ စဝ်နော်ဖမှာ အိမ်ရှေ့စံ ကနောင်မင်းသားကြီးအား လုပ်ကြံမှုတွင် ပါဝင် ပတ်သက်နေသဖြင့် တောင်ငူသို့ ထွက်ပြေးသွားသည်။ ယင်းနောက် ရန်ကုန်သို့ သွားရောက်ကာ မြင်ကွန်းမင်းသားနှင့် ပူးပေါင်းခဲ့သည်။ နောက်ပိုင်း ယိုးဒယားသို့ ထွက်ခွာသွားပြီး ထိုဒြ ကွယ်လွန်သွားသည် ဆိုပါသည်။

သီပေါမင်း ပါတော်မူချိန်၌ စောမောင်မှာ မန္တလေး နန်းတွင်းတွင် ရှိနေပါသည်။ သူသည် လဲချားမိဖုရားနှင့် မင်းတုန်းမင်း၏ သားတော် ကိုယ်တော်ကြီးတို့အား ခေါ်ယူကာ ညောင်ရွှေသို့ ထွက်ခွာလာခဲ့သည်။ ညောင်ရွှေတွင် လက်နက်လူသူ စုဆောင်းကာ ရတနာပုံ နေပြည်တော် ကို ပြန်လည် တိုက်ခိုက်သိမ်းပိုက်ရန် ကြိုးပမ်းခဲ့သေး၏။ သို့သော် ဗြိတိသျှအစိုးရ အသိအမှတ်ပြု ညောင်ရွှေစော်ဘွား စောအုံ၏ ထောက်ခံမှုကို မရရှိသည့်အပြင် ဝိုင်းဝန်း တိုက်ခိုက်ခြင်းကိုပင် ခံရကာ သာမိုင်းခန်းဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ၁၈၉၇ ခုနှစ် စောအုံ ကွယ်လွန်သွားသောအခါမှ စောမောင် ညောင်ရွှေစော်ဘွား အရာ ပြန်လည်ရရှိခဲ့သည်။

ညောင်ရွှေစော်ဘွား စောမောင်သည် သားသမီး အရင်းအချာ မရှိသဖြင့် အစ်ကိုဖြစ်သူ အင်းတိန်မြို့စား စဝ်ချို၏သား စဝ်ရွှေသိုက်ကို သားအဖြစ် မွေးစားခဲ့သည်။ ဗြိတိသျှတို့၏ ဩဇာအာဏာကို မလွန်ဆန် နိုင်သည့်အလျောက် ညောင်ရွှေစော်ဘွားကြီး စောမောင်မှာ အလိုက် အထိုက် နေထိုင်ခဲ့ရရာ ၁၉၀၁ ခုနှစ်တွင် K. S. M ဘွဲ့၊ ၁၉၀၈ ခုနှစ်တွင် C. I. E ဘွဲ့၊ ၁၉၁၆ ခုနှစ်တွင် Knight ဘွဲ့များ ရရှိကာ ဆာစောမောင် ဖြစ်လာခဲ့သည်။ ညောင်ရွှေစော်ဘွား ဆာစောမောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မဟာဒေဝီတို့သည်ပင် စဝ်ရွှေသိုက်၏ မိဘများအဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။

စဝ်ရွှေသိုက်ကို ကုန်းဘောင်မင်းဆက်မှ တိုက်ရိုက် ဆင်းသက်လာသူ ဟူ၍လည်း ဆိုနိုင်ပါသည်။ ဖခင် စဝ်ချို၏မယ်တော်မှာ မိတ္ထီလာမြို့ဝန် မဟာမင်းကလေး၏သမီး ဖြစ်၏။ အလောင်းမင်းတရား၏ သားတော် ပင်းတလဲ မင်းသားတွင် သားသမီး ၅ ဦး ထွန်းကားရာ သားကြီးမောင်လင်းမှာ မှော်ဘီသုံးထပ်ကျောင်း ဘုန်းတော်ကြီး ဦးသုဓာတ ဖြစ်လာပြီး၊ သားလတ် မောင်ဝင်းက မဟာမင်းကလေးဘွဲ့ခံ မိတ္ထီလာမြို့ဝန် ဖြစ်လာခဲ့သည်။ မဟာမင်းကလေး၏ သမီးတစ်ယောက်သည် ညောင်ရွှေစော်ဘွားကြီး စဝ်ဆေဥ၏ သားတော်ကြီး စဝ်သုဒေဝနှင့် လက်ဆက်ခဲ့ရာမှ စဝ်ရွှေသိုက်၏ဖခင် စဝ်ချိုကို ဖွားမြင်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် စဝ်ချို၏ အရီးတော်မှာလည်း ပုဂံမင်း၏ မိဖုရားတစ်ပါး ဖြစ်သော နန်းရွှေပင် ဖြစ်ပါသည်။ မိဖုရားနန်းရွှေပင်သည် ပုဂံမင်း နန်းကျသွားပြီးနောက် ရန်ကုန်မြို့၊ မြေနီကုန်းရပ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထို့နောက် အင်းစိန် စော်ဘွားကြီးကုန်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။

ဖခင်ဘက်မှ ညောင်ရွှေစော်ဘွားအနွယ်၊ ဘွားတော်ဘက်မှ အလောင်းမင်းတရားမှ တိုက်ရိုက် ဆင်းသက်လာသော စဝ်ရွှေသိုက်သည် မဟာသမ္မတမင်းမှ တိုက်ရိုက် ဆင်းသက်လာသည့် ဘိန္နကရာဇာမင်းမျိုးမင်းနွယ်အစစ် ဖြစ်သည်ဟု ဆိုပါသည်။ စဝ်ရွှေသိုက်သည် ဦးရီးတော် စော်ဘွားကြီး ဆာစောမောင်နှင့် မဟာဒေဝီတို့၏ မ,စမှု ဖြင့်ပင် အရွယ်ရောက်သောအခါ တောင်ကြီးမြို့ စော်ဘွားသားများ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသို့ တက်ရောက် ပညာသင်ယူခဲ့ရ၏။ ယင်း စော်ဘွားသားများကျောင်းမှာ ယခု တောင်ကြီးမြို့ အမှတ် ၂ အစိုးရ အထက်တန်းကျောင်းပင် ဖြစ်ပါသည်။

၁၉၁၄ ခုနှစ်၊ အသက် ၁၈ နှစ်အရွယ်တွင် ပထမ ကမ္ဘာစစ်ကြီးဖြစ်ပွားလာသောအခါ စဝ်ရွှေသိုက် ဘားမားရိုင်ဖယ် (Burma Rifle) အင်္ဂလိပ်စစ်တပ်သို့ စစ်သားကလေးအဖြစ် ဝင်ရောက် အမှုထမ်း၏။ ထိုစဉ်က စဝ်ရွှေသိုက်မှာ လစာ ၉ ကျပ် ၄ ပဲ မျှသာ ရရှိသည့် သာမန်စစ်သားကလေး ဖြစ်ပါသည်။ မကြာမီ ဆူဗေဒါခေါ် အရာခံဗိုလ်ရာထူး တိုးမြှင့်ခန့်အပ်ခံခဲ့ရသည်။ ပထမ ကမ္ဘာစစ်ကြီးသည် အရှေ့အာရှနိုင်ငံများသို့ပါ ကူးစက်လာမည့် အသွင်အပြင်ဖြစ်လာသောအခါ ဗြိတိသျှအစိုးရ လက်အောက်ခံ နိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံမှ မက်ဆိုပိုတေးမီးယား စစ်မြေပြင်သို့ သွားရောက်အမှုထမ်းရန် စစ်သားစုဆောင်းမှုများ ပြုခဲ့သည်။

ဆူဗေဒါကလေး စဝ်ရွှေသိုက်မှာလည်း မက်ဆိုပိုတေးမီးယားသို့ ထွက်ခွာရန် ရန်ကုန်မြို့၌ သင်္ဘောထွက်မည့် ရက်ကို စောင့်ဆိုင်းနေရစဉ် အစီအစဉ် ပြောင်းလဲသွားပြီး ရွှေဘိုစစ်ဌာနချုပ်သို့ ထောက်လှမ်းရေးအရာရှိအဖြစ် ပြောင်းရွှေ့ပေးခြင်း ခံခဲ့ရသည်။ ထို့နောက် မြန်မာနိုင်ငံတွင် ပထမ ကျောင်းသားသပိတ် အစပျိုးချိန် ၁၉၂၀–၂၃ ခုနှစ်များအတွင်း မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း နယ်ခြားဒေသ၌ မြန်မာစစ်အရာရှိ တာဝန်ခံအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ယင်းနောက် စဝ်ရွှေသိုက် ဗြိတိသျှစစ်တပ်မှ အနားယူခဲ့သည်။

၃ ဒီဇင်ဘာ ၁၉၂၆ တွင် စဝ်ရွှေသိုက်၏ မွေးစားအဖ ညောင်ရွှေစော်ဘွားကြီး ဆာစောမောင် ကွယ်လွန်သွားပါသည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ညောင်ရွှေစော်ဘွား အရိုက်အရာအတွက် ဆက်ခံရမည့် အခြေအနေ ဖြစ်လာသည်။ ၁၉၂၇ ခုနှစ် အောက်တိုဘာလတွင် စဝ်ရွှေသိုက်ကို ညောင်ရွှေစော်ဘွား အဖြစ် ရွေးချယ်ကြသည်။ ဒေသခံအများ၏ ဆန္ဒအရ ၉ မတ်လ ၁၉၂၈ တွင် စဝ်ရွှေသိုက် ညောင်ရွှေစော်ဘွား ဖြစ်လာပါသည်။ တစ်နှစ်အကြာ ၈ မတ် ၁၉၂၉ တွင် စော်ဘွားအဖြစ် အခမ်းအနားဖြင့် ဆက်ခံခဲ့သည်။ စဝ်ရွှေသိုက်ကို နယ်သူနယ်သား များက ညောင်ရွှေစော်ဘွားအဖြစ် လေးစားချစ်ခင်ကြသည်။ ထိုစဉ်က စဝ်ရွှေသိုက်မှာ အသက် ၃၃ နှစ် အရွယ်သာ ရှိပါသေးသည်။

၁၉၂၉–၃၀ ပြည့်နှစ်များအတွင်း ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက် နိုင်ငံရပ်ခြား ခရီးထွက်ခွာခဲ့သည်။ ဟောင်ကောင်၊ တရုတ်ပြည်၊ ဥရောပနှင့် အင်္ဂလန်တို့သို့ ဒေသန္တရ ဗဟုသုတ ရှာမှီးရန် နှစ်ကြိမ်တိုင်တိုင် သွားရောက်ခဲ့ခြင်း ဖြစ်သည်။ ၂၇ နိုဝင်ဘာ ၁၉၃၁ တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ အထက်လွှတ်တော်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ သီးခြားမျက်နှာစုံညီ အစည်းအဝေးကို ကျင်းပ ခဲ့ရာ မြန်မာပြည်မှ ကိုယ်စားလှယ် ၂၄ ဦး တက်ရောက်ခဲ့ရာတွင် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်သည်လည်း ကိုယ်စားလှယ် တစ်ဦး အဖြစ် ပါဝင်ခဲ့သည်။

ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်သည် ၁၉၃၇ ခုနှစ် ဇွန်လတွင် သိန္နီ မြောက်ပိုင်းစော်ဘွား စဝ်ခွန်စံတုန်ဟုန်းနှင့် အလယ်ဟော်နန်းမိဖုရား စဝ်နန်းကုန်းစုန်၏သမီးနှင့် လက်ဆက်ခဲ့သည်။ ၁၅ ဧပြီ ၁၉၃၈ တွင် ညောင်ရွှေမြို့၌ စော်ဘွားစဝ်ရွှေသိုက်နှင့် မဟာဒေဝီတို့မှ သား စဝ်ခံဖကို ဖွားမြင်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပွားလာသောအခါ စဝ်ရွှေသိုက်အား ဗြိတိသျှစစ်တပ်မှ ဆင့်ခေါ်သဖြင့် စစ်မှုထမ်းခဲ့ရပြန်ပါသည်။ ၁၉၄၂ ခုနှစ်အထိ စစ်ရေးတာဝန်များ ယူခဲ့ရသည်။ မြန်မာနိုင်ငံ ဂျပန်အစိုးရ လက်အောက်သို့ ကျရောက်ခဲ့ရပြီးနောက် ၁၅ ဒီဇင်ဘာ ၁၉၄၂ တွင် ရှမ်းပြည်အတွင်း နယ်ပေါင်း ၃၇ နယ်အနက် ၃၄ နယ်ကို မိမိတို့ နယ်မြေများအား ပြန်လည် အုပ်ချုပ်ခွင့်ပြုခဲ့ရာ စဝ်ရွှေသိုက်သည်လည်း ညောင်ရွှေစော်ဘွား အဖြစ် တာဝန်ယူခဲ့ရ၏။ ရှမ်းပြည်နယ် ဘုရင်ခံအဖြစ် ကာနယ်နာကားဒါးက ဂျပန်တို့၏ ဝါဒသဘောထားများကို ရှင်းလင်းပြောကြားကာ သုံးရက်ကြာ ကွန်ဖရင့် ကျင်းပပြီး ပြန်လည်ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်သည် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးအတွက်လည်း ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ ၂၈ မတ် ၁၉၄၆ တွင် ရှမ်းမြန်မာယဉ်ကျေးမှု အသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့ရာ၌ စဝ်ရွှေသိုက်က ဥက္ကဋ္ဌ၊ ဦးစောက အတွင်းရေးမှူး အဖြစ် ပါဝင်ခဲ့သည်။ ရှမ်းပြည်နယ်တစ်လွှား စည်းလုံး ညီညွတ်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့ရာတွင်လည်း ၁၇ မေ ၁၉၄၆ တွင် ရှမ်းနယ်ရှင်များ ကောင်စီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ စဝ်ရွှေသိုက်က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါသည်။ ၁၂ ဖေဖော်ဝါရီ ၁၉၄၇ တွင် ပင်လုံစာချုပ်ကို တိုင်းရင်းသား သွေးစည်း ညီညွတ်ရေးအတွက် ချုပ်ဆိုခဲ့ရာတွင် ညောင်ရွှေ စော်ဘွား စဝ်ရွှေသိုက် ပါဝင်လက်မှတ် ရေးထိုးခဲ့သည်။

၉ ဧပြီ ၁၉၄၇ တွင် တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ကျင်းပခဲ့ရာ၌ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်သည် နယ်စပ်ဒေသ



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းအမတ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ၂၉ ဇူလိုင် ၁၉၄၇ တွင် ဒုတိယအကြိမ်မြောက် တိုင်းပြည်ပြုလွှတ်တော် ညီလာခံ ကျင်းပသော အခါ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်အား လွှတ်တော်ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ခဲ့ကြသည်။ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်သည် ၁၉၄၇ ခုနှစ်၌ပင် မဟာဒေဝီနှင့်အတူ အင်္ဂလန်နိုင်ငံ အဲလီဇဘက် မင်းသမီး၏ လက်ထပ်မင်္ဂလာ အခမ်းအနားသို့ သွားရောက်ခဲ့သေး၏။ ၄ ဇန်နဝါရီ ၁၉၄၈ တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိသောအခါ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်သည် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ပထမဆုံး သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။

မြန်မာ့လွတ်လပ်ရေးအောင်ပွဲ အခမ်းအနား တက်ရောက်ရန် အတွက် နိုင်ငံတော် ယာယီသမ္မတ စဝ်ရွှေသိုက်သည် နံနက် ၄ နာရီအချိန်တွင် တိုင်းပြည်ပြု လွှတ်တော်ရှေ့ရှိ မြက်ခင်းပြင်သို့ ရောက်ရှိလာခဲ့သည်။ သူနှင့်အတူ ကိုယ်ရံတော် ဗိုလ်များ ဖြစ်ကြသော ကာနယ်မြင့်သိန်း၊ ကာနယ်ထင်စီ၊ အတွင်းဝန် ဦးရွှေဘော်၊ အိမ်တော်ဝန် ဦးစံဖေ စသူတို့ လိုက်ပါလာခဲ့ကြ၏။ ယာယီအစိုးရ ဝန်ကြီးချုပ်၊ ယာယီပါလီမန် (တိုင်းပြည်ပြုလွှတ်တော်) ဥက္ကဋ္ဌ၊ ယာယီအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဖဆပလ အလုပ်အမှုဆောင် လူကြီးများ၊ နိုင်ငံခြား အထူးသံတမန်များ၊ ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် ရာထူးဝန်များ၊ အစိုးရဌာန အကြီးအကဲများ စသည်ဖြင့် အစုံအလင် ရောက်ရှိလာကြ၏။ နံနက် ၄ နာရီ ၂၀ မိနစ် တိတိတွင် စည်တော်ရွှမ်းသံနှင့် အတူ ယူနီယံဂျက်အလံကို ချကာ နိုင်ငံတော် အလံကို လွှင့်ထူခဲ့ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လပ်ရေး ရရှိသောနေ့၌ပင် နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်က ကတိသစ္စာပြုရာတွင်–

"ကျွန်ုပ် စဝ်ရွှေသိုက်သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို တည်မြဲအောင် ထိန်းသိမ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တရားဥပဒေများကို စောင့်ရှောက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်တကွ တရားဥပဒေတို့နှင့် လျော်ညီစွာ မိမိ၏ တာဝန်ဝတ္တရားများကို ယုံကြည်လေးမြတ် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပါမည်။ ပြည်ထောင်စု မြန်မာနိုင်ငံ ဘေးရန်အန္တရာယ်အပေါင်းတို့ကို တွန်းလှန်ဖယ်ရှားရန် ကြီးစွာသော သတိဝီရိယဖြင့် အားထုတ်ပါမည်။ ကျွန်ုပ်သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏အကျိုးငှာ ပြည်ထောင်စု မြန်မာနိုင်ငံအား ကျွန်ုပ်၏ အသက်နှင့် ကိုယ်ကို အပ်နှင်းသည်ဟု လေးနက် တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်" ဟူ၍ ပါရှိခဲ့သည်။

နိုင်ငံတော်သမ္မတ ဖြစ်ပြီး သုံးရက်မြောက်နေ့တွင် အိမ်တော်၌ သံဃာတော် အရှင်သူမြတ်များအား ပင့်ဖိတ်ကာ ဆွမ်းကပ်လှူခဲ့သည်။ ထို့ပြင် ရွှေတိဂုံစေတီတော် ရာဟုထောင့်နှင့် အနောက်ဘက် မုခ်ဝအနီးကွက်လပ်တို့တွင်လည်း ဗောဓိပင်ပျိုများ စိုက်ပျိုးခဲ့သည်။ ၂၄ ဇန်နဝါရီ ၁၉၄၈ တွင် ပဲခူးမြို့သို့ သွားရောက်ကာ ဆင်တော်စီး၍ မဟာဒေဝီနှင့်အတူ ပဲခူး ရွှေမော်ဓော စေတီတော်ကို ပန္နက်ချပေးခဲ့သည်။ သံဖြူခင်းလမ်း တစ်လျှောက် လမ်းဘေးဝဲယာတွင် ပရိသတ် အပေါင်း ပြည့်နှက်နေပါသည်။ သမ္မတကြီးနှင့် မဟာဒေဝီတို့က မိမိတို့ ကိုယ်ပိုင်ငွေထဲမှ ၆၆၆ ကျပ်တိတိကို ပဲခူး ရွှေမော်ဓောဘုရားသို့ လှူဒါန်းခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက် နိုင်ငံတော်သမ္မတ ဖြစ်လာပြီးနောက် လစ်လပ်သွားသော ညောင်ရွှေစော်ဘွားရာထူးကို သားစဝ်ဖဆိုင်အား လွှဲအပ်ခဲ့သည်။ ၄ ဇန်နဝါရီ ၁၉၄၈ ၌ပင် ညောင်ရွှေစော်ဘွားသစ်က ညောင်ရွှေ ဟော်အလယ်ဆောင်တွင် စော်ဘွားအရိုက်အရာကို ဆက်ခံခဲ့ပါသည်။ ညောင်ရွှေ စော်ဘွားသစ်သည် ညောင်ရွှေနယ်ကို အစဉ်အလာမပျက် ဆက်လက် အုပ်ချုပ်ခဲ့သည်။ နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်မှာမူ ရန်ကုန်မြို့ သမ္မတအိမ်တော်၌ နေထိုင်ရင်း တိုင်းပြည်ကိစ္စအဝဝကို စီမံ အုပ်ချုပ်ခဲ့ရသည်။

စဝ်ရွှေသိုက် သမ္မတဖြစ်လာပြီးနောက် တိုင်းရင်းသား လူမျိုးများအရေးကို အလေးပေး ဆောင်ရွက်ခဲ့သည်။ ၁၈ ဖေဖော်ဝါရီ ၁၉၄၈ တွင် သမ္မတ စဝ်ရွှေသိုက်နှင့်အဖွဲ့ ချင်းပြည်နယ် ဖလမ်းမြို့သို့ သွားရောက်ခဲ့သည်။ ၂၀ ဖေဖော်ဝါရီ ၁၉၄၈ တွင် ဖလမ်း၌ လူထုညီလာခံတစ်ရပ် ကျင်းပခဲ့ရာ ပရိသတ် ငါးထောင်ကျော် တက်ရောက်ခဲ့သည်။ ယင်းညီလာခံမှ ချင်းဝိသေသတိုင်းအတွင်း လူထုဆန္ဒအရ ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်သောစနစ်ကို ဖွဲ့စည်းရန် အားလုံးသဘောတူ ဆုံးဖြတ်ခဲ့ကြရာ ထိုနေ့ကို ချင်းအမျိုးသားနေ့ အဖြစ် သတ်မှတ်ခဲ့ကြသည်။

သမ္မတ စဝ်ရွှေသိုက် တာဝန်ယူစ ကာလ၌ပင် နိုင်ငံတော်အာဏာကို ဖြတ်လမ်းမှ ရယူလိုသော သခင်သန်းထွန်း ဦးဆောင်သည့် ကွန်မြူနစ်ပါတီက ဖဆပလအစိုးရ ရယူခဲ့သော လွတ်လပ်ရေးသည် အစစ်အမှန် မဟုတ်၊ အတုအယောင်သာ ဖြစ်သည်ဟု စွပ်စွဲတိုက်ခိုက်လာခဲ့သည်။ မကြာမီ ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ လက်နက်



www.burmeseclassic.com

www.burmeseclassic.com



စွဲကိုင် တိုက်ခိုက်ကြတော့မည် ဖြစ်ကြောင်း သတင်း ထွက်ပေါ်လာ၏။ သို့ဖြင့် ၂၈ မတ်၊ ၁၉၄၈ တွင် ကွန်မြူနစ်ပါတီဝင် ခေါင်းဆောင်များကို ဖမ်းဆီးအရေးယူရန် ပြင်ဆင်ခဲ့ရာ လွန်ခဲ့သည့် ညကပင် တောခိုသွားကြောင်း သိကြရတော့သည်။

ပြည်သူ့ရဲဘော်အဖွဲ့သည် ဖဆပလနှင့် တောခိုကွန်မြူနစ်ပါတီအကြား ကြားဝင်စေ့စပ်ပေးရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သို့သော် ဖဆပလက ကွန်မြူနစ်တို့၏ လက်နက်ကိုင် လမ်းစဉ်ကို စွန့်လွှတ်ပြီးမှသာ တွေ့ဆုံဆွေးနွေးနိုင်မည်ဟု ဆိုလာသည်။ ယင်းသို့ ညှိနှိုင်းမရ ဖြစ်နေချိန်တွင် ပြည်သူ့ရဲဘော်အဖွဲ့မှ ဗိုလ်ဖိုးကွန်း၊ ဗိုလ်ထိန်ဝင်း၊ ဗိုလ်ထွန်းလင်းတို့ ဦးဆောင်သော ရဲဘော်ဖြူအဖွဲ့ ၂၉ ဇူလိုင် ၁၉၈၄ တွင် တောခိုသွားကြသည်။ ဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန်တို့ ဦးဆောင်သည့် ရဲဘော်ဝါအဖွဲ့က ဖဆပလနှင့်အတူ ကျန်ရစ်ခဲ့သည်။

သရက်မြို့နှင့် မင်္ဂလာဒုံတို့တွင် တပ်စွဲထားကြသည့် တပ်မတော် တပ်ရင်း ၁ နှင့် ၃ တို့မှ တပ်သားများက ၁၀ ဩဂုတ် ၁၉၄၈ တွင် တောခိုသွားကြပြန်သည်။ လွတ်လပ်ရေး ရစကာလ မြန်မာနိုင်ငံတွင် အခြေအနေက ယိမ်းယိုင်လာခဲ့သည်။ အခြေအနေ ဆိုးဝါးလာသဖြင့် ၁၁ ဩဂုတ် ၁၉၄၈ တွင် ရန်ကုန် နယ်နိမိတ်အတွင်း ည မထွက်ရ အမိန့်ထုတ်ပြန်လိုက်ရသည်။ ထိုအတောအတွင်း ကရင် သောင်းကျန်းသူများကလည်း တစ်စခန်း ထလာခဲ့ရာ ရန်ကုန်အစိုးရဟု ခေါ်ရလောက်အောင်ပင် မြန်မာတစ်ပြည်လုံး ရန်သူပတ်လည် ဝိုင်းလျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉ ဩဂုတ် ၁၉၄၈ တွင် နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်က မြန်မာပြည် အသံလွှင့်ဌာနမှ မိန့်ခွန်းပြောကြားသည်။ မြန်မာပြည် အခြေအနေဆိုးသို့ ရောက်ရှိနေပြီး အရေးကြီးသော မကောင်းဆိုးဝါး ဘဝသို့ ရောက်နေပြီ ဖြစ်ကြောင်း သမ္မတ စဝ်ရွှေသိုက်က ကြေညာသည်။ အရေးကြီးအခြေအနေ ဖြစ်ပေါ်နေ၍ ၁၉၄၈ ခုနှစ် စစ်ဥပဒေ ထုတ်ပြန်ကြေညာမှုဆိုင်ရာ တစ်ချက်လွှတ် ဥပဒေ အမှတ် ၅ နှင့် ၆ ကို ထုတ်ပြန်ခဲ့ရသည်။ ၁၉၄၉ ခုနှစ်အတွင်း ကေအဲန်ဒီအို (KNDO) သောင်းကျန်းသူများက မြန်မာပြည်အနှံ့၊ မြို့ရွာအားလုံးကို သိမ်းပိုက်လိုက်သည်။ တစ်ဖက်မှလည်း ယူနန်နယ်ထဲမှ ကူမင်တန် တပ်များ ကျိုင်းတုံခရိုင်အတွင်း ကျူးကျော် ဝင်ရောက်လာခဲ့ကြသည်။

၁၉၅၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် မြို့ရွာ အများအပြားကို အစိုးရတပ်များ ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ၂၆ နိုဝင်ဘာ ၁၉၅၀ တွင် နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်က မဟာဗန္ဓုလပန်းခြံ အတွင်းမှ အမြင့်ပေ ၁၅၀ ရှိ လွတ်လပ်ရေး ကျောက်တိုင်ကို ဖွင့်လှစ်ပေးခဲ့သည်။ အခြေအနေ တည်ငြိမ်စပြုလာသောအခါ သမ္မတကြီးက ရွေးကောက်ပွဲ ကျင်းပရန် ကြိုးပမ်း ဆောင်ရွက်သည်။ ရွေးကောက်ပွဲက တစ်နေ့တည်း တစ်ကြိမ်တည်း ကျင်းပရန် အခြေအနေ မပေးသေး။ နယ်မြေအလိုက်ခွဲ၍ ကျင်းပသွားရန် ပြင်ဆင်၏။ ၁၂ ဇွန် ၁၉၅၁ တွင် ရွေးကောက်ပွဲ စတင်ကျင်းပနိုင်ခဲ့သည်။

ဘာသာတရား ရိုသေကိုင်းရှိုင်းသူ သမ္မတကြီး စဝ်ရွှေသိုက်သည် ၇ ဇူလိုင် ၁၉၅၁ တွင် သမ္မတအိမ်တော်၌ သားတော်နှစ်ပါးအား သာသနာ့ဘောင်ကို သွတ်သွင်းရန် အလှူမင်္ဂလာပွဲ ကျင်းပခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားက စည်ကားသိုက်မြိုက်လှသည်။ ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် ဝင်ရောက် ဆံချပေးသည်။ နိုင်ငံခြားသား အချို့က ရှင်ပြုမင်္ဂလာအခမ်းအနားကို ရုပ်ရှင်ရိုက်ကူး မှတ်တမ်းတင်ခဲ့ကြသည်။ အလှူ့အတန်း ရက်ရောသူ သမ္မတကြီးသည် ကမ္ဘာအေးစေတီတော် သို့လည်း ကိုယ်ပိုင်ငွေထဲမှ ၃၃၃ ကျပ်ကို လှူဒါန်းခဲ့သေး၏။

သမ္မတကြီး စဝ်ရွှေသိုက်သည် ညောင်ရွှေနယ်တွင်လည်း ဗုဒ္ဓ သာသနာတော် ထွန်းကားရေးအတွက် နှစ်စဉ် ငွေကြေးအမြောက် အမြား အကုန်အကျခံကာ စာပြန်ပွဲများ ကျင်းပပေးခဲ့သည်။ ဘာသာ တရား ကိုင်းရှိုင်း ယုံကြည်သော်လည်း သမ္မတကြီးက ဗေဒင်၊ အတိတ်နိမိတ် စသည်တို့ကိုတော့ အယုံအကြည် မရှိပေ။ ကိုယ်တိုင် လည်း အယူသီးတတ်သူ မဟုတ်၊ အယူသီးမှုကိုလည်း မနှစ်သက်ပေ။ တစ်ကြိမ်တွင် ရခိုင်ပြည်သို့ တိုင်းခန်းလှည့်လည်ရန် သမ္မတ အိမ် တော်မှ ထွက်ခွာစဉ် မြေနီကုန်းအဝိုင်း အနီး၌ ကိုယ်ရံတော်များ လိုက်ပါသော ဂျစ်ကား တိမ်းမှောက်ပြီး ကိုယ်ရံတော်တစ်ဦး ဒဏ်ရာ အပြင်းအထန် ရရှိသွားသည်။

နိုင်ငံတော် သမ္မတကြီး စဝ်ရွှေသိုက်သည် သတင်းကြားသိ ရသည်နှင့် ကိုယ်တိုင် သွားရောက်ကြည့်ရှုပြီး ခရီးစဉ်ကို မဖျက်ဘဲ မင်္ဂလာဒုံလေဆိပ်သို့ ဆက်သွား၏။ လေဆိပ်၌လည်း လေယာဉ် တက်မည်အပြုတွင် စက်ချွတ်ယွင်းပြီး ရတ်တရက် ထွက်မရ ဖြစ် ပြန်သည်။ သို့သော် အတိတ်နိမိတ်တို့ကို မယုံကြည်သူ သမ္မတကြီး စဝ်ရွှေသိုက်က ခရီးစဉ်ကို မဖျက်သိမ်းဘဲ ရခိုင်ပြည်သို့ အရောက် သွားခဲ့၏။ ဤသည်ကပင် သမ္မတ စဝ်ရွှေသိုက်၏ ထူးခြားမှုတစ်ရပ်ဟု ဆိုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တွင် မြန်မာသတင်းစာဆရာ တစ်ဦးက သမ္မတကြီး စဝ်ရွှေသိုက်၏ လစာနှင့် ပတ်သက်၍ မေးမြန်းခဲ့သည်။ သမ္မတကြီးက "သမ္မတအဖြစ် လခ ၇၀၀၀ ကျပ် ရတယ်။ ဒါပေမယ့် ၄ နှစ်ကြာ သမ္မတလုပ်ပြီးလို့ စာရင်းရှင်းလိုက်တော့ တစ်ပြားမှ မစုဆောင်းမိတဲ့အပြင် ရှမ်းပြည်က ယူလာတဲ့ ၅ သောင်းလောက်ပါ ကုန်ခန်းတာကို တွေ့ရတယ်။ ဘာတွေကုန်မှန်းလည်း မသိဘူး။ ဒီလိုပဲ တတိတိ ဘယ်ရောက်ကုန်မှန်း မသိဘူး" ဟူ၍ ဖြေကြားခဲ့သည်။

နိုင်ငံတော် သမ္မတကြီး စဝ်ရွှေသိုက်သည် ၁၂ မတ် ၁၉၅၂ တွင် သမ္မတသက်တမ်း ကုန်ဆုံးသွားပြီးနောက် လူမျိုးစု လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရ၏။ ယင်းရာထူးဖြင့် ၁၉၆၀ ပြည့်နှစ်အထိ တာဝန်ယူခဲ့ရသည်။ ထိုသို့ တာဝန်ထမ်းဆောင်စဉ် အတွင်း ၁၇ ဩဂုတ် ၁၉၅၅ တွင် စဝ်ရွှေသိုက်၏ မယ်တော် ကွယ်လွန်သွားပါသည်။ မယ်တော်၏ ရုပ်ကလာပ်ကို ၂၁ ဩဂုတ် ၁၉၅၅ တွင် ညောင်ရွှေမြို့၌ အခမ်းအနားဖြင့် သဂြိုဟ်ခဲ့သည်။ စဝ်ရွှေသိုက်သည် ၂၂ မေ ၁၉၅၈ ခုနှစ်တွင် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ၂၉ ဧပြီ ၁၉၅၉ တွင် အခြား ရှမ်းစော်ဘွားများနှင့်အတူ စော်ဘွားအာဏာ စွန့်ခဲ့ရ၏။ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လတွင်လည်း မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်လျက် ချက်ကိုစလိုဗက်ကီးယားနိုင်ငံသို့ သွားရောက်ခဲ့ရသည်။

၁၈ စက်တင်ဘာ ၁၉၆၀ တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ ပြုလုပ်ရေးကို ကန့်ကွက်သည့် ဟောပြောပွဲတစ်ရပ်ကို ကျင်းပခဲ့ရာ စဝ်ရွှေသိုက်က သဘာပတိ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ဆောင်ရွက်ခဲ့သည်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ အဖြစ် ပြဋ္ဌာန်းခြင်းသည် ပင်လုံစိတ်ဓာတ်ကို ချိုးဖောက်ရာ ရောက်ကြောင်း၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက တိုင်းရင်းသား လူနည်းစု၏ အခွင့်အရေးကို အကာအကွယ်ပေးရန် ကတိပြုခဲ့ကြောင်း ထောက်ပြခဲ့သည်။

နိုင်ငံတော်၏ အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရန် ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ခဲ့ပြီးနောက် ၇ နိုဝင်ဘာ ၁၉၆၀ တွင် တောင်ကြီးမြို့ စားမြိန်ရိပ်သာ၌ ဆွေးနွေးပွဲ ကျင်းပပြီး အခြေခံဥပဒေစိစစ်ရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ရာ စဝ်ရွှေသိုက်လည်း ပါဝင်ခဲ့သည်။ ထို့နောက် ၂၅ ဖေဖော်ဝါရီ ၁၉၆၁ တွင် အခြေခံဥပဒေ ပြင်ဆင်ရေး ၆ ဦး ကော်မတီ၌လည်း စဝ်ရွှေသိုက် ပါဝင်ခဲ့၏။ ၁၅ မတ် ၁၉၆၁ တွင် ရန်ကုန်မြို့ ကမ်းနားလမ်း ၆ ထပ်ရုံးသစ်ကြီး၌ ပြည်နယ်များ ပြဿနာသုံးသပ်ရေး ကော်မတီ အစည်းအဝေး ကျင်းပစဉ် ရှမ်းပြည်နယ်မှ တင်သွင်းသော အခြေခံဥပဒေ ပြင်ဆင်ရေး စာတမ်းကို စဝ်ရွှေသိုက်က ရှင်းလင်းပြောကြားခဲ့ပါသည်။

၂ မတ် ၁၉၆၂ တွင် နိုင်ငံတော် အာဏာအရပ်ရပ်ကို ဗိုလ်ချုပ်ကြီး နေဝင်းက ဦးဆောင်သိမ်းပိုက်စဉ် နိုင်ငံတော် သမ္မတဟောင်း စဝ်ရွှေသိုက် ဖမ်းဆီး ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ရန်ကုန်မြို့ ကုက္ကိုင်းလမ်းနှင့် ဗွတ္တလစ်လမ်းထောင့်တွင် နေထိုင်သည့် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်အိမ်သို့ တပ်မတော်သားများ ရောက်ရှိလာစဉ် ခုခံပစ်ခတ်မှုများ ရှိခဲ့သည်။ လုံခြုံရေး အစောင့်များ၏ ပစ်ခတ်မှုကြောင့် ဗြိန်



www.burmeseclassic.com

www.burmeseclassic.com



လည် ပစ်ခတ်ရာတွင် စဝ်ရွှေသိုက်၏ သားငယ် အသက် ၁၇ နှစ် အရွယ်ရှိ စဝ်မီမီသိုက် ထိမှန်ကွယ်လွန်သွားသည်။ ဤကိစ္စကို စဝ်မီမီသိုက်၏ အစ်ကို စဝ်စန် (ယူဂျင်းသိုက်) က ရန်ကင်း ရဲစခန်းသို့ တိုင်ကြားခဲ့သည်။ ရန်ကင်းရဲစခန်းက ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ပေးသည်။


တော်လှန်ရေး ကောင်စီသည် စဝ်မီမီသိုက် ကွယ်လွန်သွားသည့်အတွက် အထူးကြေကွဲ ဝမ်းနည်းမိပါကြောင်း သဝဏ်လွှာကို ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်နှင့် မဟာဒေဝီတို့ထံ ပေးပို့ခဲ့သည်။ သို့သော် ထိုစဉ်က မဟာဒေဝီ စဝ်ဟိန်ခမ်းမှာ အင်္ဂလန်ရောက်နေ၍ ဗိုလ်မှူးကြီး စောမြင့်က စဝ်ရွှေသိုက်၏ သားကြီး စဝ်ဆိုင်အုံထံ ပေးအပ်ခဲ့သည်။ ၄ မတ် ၁၉၆၂ စဝ်မီမီ၏ ဈာပနသို့လည်း တော်လှန်ရေးကောင်စီက လွမ်းသူပန်းခွေ ပေးပို့ခဲ့သည်။ ညောင်ရွှေ စော်ဘွားကြီး စဝ်ရွှေသိုက်သည် ထိန်းသိမ်းခံထားရစဉ်အတွင်း ၂၁ နိုဝင်ဘာ ၁၉၆၂ တွင် ကွယ်လွန်သွားပါသည်။

ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်သည် စစ်မှုရေးရာ၊ အားကစား၊ ဘောလုံး၊ ရေကူး၊ ဟော်ကီ၊ ခရစ်ကက်၊ တောပစ်ခြင်းတို့၌ ဝါသနာပါ၏။ သမ္မတကြီး စဝ်ရွှေသိုက်နှင့် မဟာဒေဝီ စဝ်ဟိန်ခမ်းတို့မှ သား ၇ ဦး၊ သမီး ၄ ဦး ဖွားမြင်ခဲ့ပါသည်။ မဟာဒေဝီ စဝ်ဟိန်ခမ်းသည် ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲတွင် သိန္နီ မြောက်ပိုင်း ပြည်သူ့လွှတ်တော်အမတ် အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရ၏။ သားစဝ်ခန်းဖ (Sao Khan Pha) သည် ၁၅ ဧပြီ ၁၉၃၈ တွင် ညောင်ရွှေမြို့၌ ဖွားမြင်ခဲ့သူ ဖြစ်ပြီး အင်္ဂလန်နိုင်ငံ ကိန်းဘရစ် တက္ကသိုလ်၌



www.burmeseclassic.com

www.burmeseclassic.com



## ၂။ သမ္မတ ဒေါက်တာဘဦး

(၁၂ မတ် ၁၉၅၂ – ၁၂ မတ် ၁၉၅၇)


နိုင်ငံတော်သမ္မတ ဒေါက်တာဘဦးသည် ဖခင်ဘက်မှ ဟသ်ာတ မင်းသမီး၊ မိခင်ဘက်မှ ပုသိမ်မြို့ဝန် အဆက်အနွယ်မှ ဆင်းသက်လာသူ ဖြစ်ပါသည်။ ဒေါက်တာဘဦးကို ၂၆ မေ ၁၈၈၇ နံနက် ၈ နာရီအချိန်တွင် ရောဝတီတိုင်း၊ ပုသိမ်မြို့၌ ဖွားမြင်ခဲ့သည်။ မွေးချင်းညီအစ်ကိုမောင်နှမ သုံးဦးရှိရာ ကပ္ပတိန်လှဖူး၊ ဦးမြဘူးနှင့် ဦးဘဦးတို့ ဖြစ်ကြပါသည်။ မိဘများမှာ အရေးပိုင် ဦးဘိုးလှ နှင့် ဒေါ်ညွန့်တို့ ဖြစ်ကြ၏။

ဒေါက်တာဘဦး၏ဖခင် ဦးဘိုးလှက နန်းတွင်း အဆက်အနွယ်မှ ဆင်းသက်လာသူ ဖြစ်သည်။ ဘိုးတော်ဘုရား၏ သမီးတော် ဟသ်ာတ မြို့စား မင်းသမီးသည် တောင်ထားဝယ် ဗိုလ်မောင်မောင်ဖြူနှင့် လက်ဆက်ကာ သားတော် ဟသ်ာတ မြို့စား ဦးစံမင်းနှင့် ဦးရွှေဝတို့ကို ဖွားမြင်ခဲ့သည်။ ဦးစံမင်း၏သား ဦးရာပိုနှင့် ဇနီး ဒေါ်လေးတို့မှ



www.burmeseclassic.com

www.burmeseclassic.com



## ၂။ သမ္မတ ဒေါက်တာဘဦး

(၁၂ မတ် ၁၉၅၂ – ၁၂ မတ် ၁၉၅၇)

နိုင်ငံတော်သမ္မတ ဒေါက်တာဘဦးသည် ဖခင်ဘက်မှ ဟင်္သာတ မင်းသမီး၊ မိခင်ဘက်မှ ပုသိမ်မြို့ဝန် အဆက်အနွယ်မှ ဆင်းသက်လာသူ ဖြစ်ပါသည်။ ဒေါက်တာဘဦးကို ၂၆ မေ ၁၈၈၇ နံနက် ၈ နာရီအချိန်တွင် ရောဝတီတိုင်း၊ ပုသိမ်မြို့၌ ဖွားမြင်ခဲ့သည်။ မွေးချင်းညီအစ်ကိုမောင်နှမ သုံးဦးရှိရာ ကပ္ပတိန်လှဖူး၊ ဦးမြဘူးနှင့် ဦးဘဦးတို့ ဖြစ်ကြပါသည်။ မိဘများမှာ အရေးပိုင် ဦးဘိုးလှ နှင့် ဒေါ်ညွန့်တို့ ဖြစ်ကြ၏။


ဒေါက်တာဘဦး၏ဖခင် ဦးဘိုးလှက နန်းတွင်း အဆက်အနွယ်မှ ဆင်းသက်လာသူ ဖြစ်သည်။ ဘိုးတော်ဘုရား၏ သမီးတော် ဟင်္သာတ မြို့စား မင်းသမီးသည် တောင်ထားဝယ် ဗိုလ်မောင်မောင်ဖြူနှင့် လက်ဆက်ကာ သားတော် ဟင်္သာတ မြို့စား ဦးစံမင်းနှင့် ဦးရွှေဝတို့ကို ဖွားမြင်ခဲ့သည်။ ဦးစံမင်း၏သား ဦးရာပိုနှင့် ဇနီး ဒေါ်လေးတို့မှ



www.burmeseclassic.com

www.burmeseclassic.com






သမ္မတ ဒေါက်တာဘဦး၏ဇာတာ



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးလှကို ဖွားမြင်ခဲ့ခြင်းဖြစ်ရာ ဦးဘိုးလှ၏သား ဒေါက်တာ ဘဦးက ဟသ်ာတမြို့စား မင်းသမီး၏ တီတော်စပ်သူ ဖြစ်ပါသည်။

ထို့အတူ ဒေါက်တာဘဦး၏ မိခင် ဒေါ်ညွန့်က ပုသိမ်မြို့ဝန်၏ အဆက်အနွယ်မှ ဆင်းသက်လာသူ ဖြစ်သည်။ ပုသိမ်မြို့ဝန် ဦးမြတ်ပုံနှင့် ဝန်ကတော် ဒေါ်ထွန်းလှတို့မှ ဒေါ်ဦးကို ဖွားမြင်ပါသည်။ ဒေါ်ဦးသည် ဦးရွှေကူနှင့် လက်ဆက်ကာ ဦးဆိတ်ကို ဖွားမြင်၏။ ဦးဆိတ်က ဒေါ်ညွန့်၏ဖခင် ဖြစ်သည်။ သို့ဖြစ်၍ ဒေါ်ညွန့်၏သား ဒေါက်တာဘဦးက ပုသိမ်မြို့ဝန် ဦးမြတ်ပုံ၏ တီတော်စပ်သူ ဖြစ်ပါသည်။

မောင်ဘဦး ငယ်စဉ်က ပုသိမ်မြို့ တိုင်းရင်းမြန်မာ မူလတန်းကျောင်း၊ မအူပင်မြို့ အစိုးရ အလယ်တန်းကျောင်းတို့တွင် ပညာဆည်းပူးခဲ့သည်။ ထို့နောက် ပုသိမ်အစိုးရ အထက်တန်းကျောင်း၊ ရန်ကုန်အစိုးရ အထက်တန်းကျောင်းတို့၌ ဆက်လက် ပညာဆည်းပူး ခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် ရန်ကုန် အစိုးရအထက်တန်းကျောင်းမှ မတ်ထရစ်စာမေးပွဲ အောင်မြင်ခဲ့သည်။ စာမေးပွဲတွင် ဒုတိယအဆင့်ဖြင့် အောင်မြင်သဖြင့် စကောလားရှစ် ရသည်။ ထိုစဉ်က ကျောင်းအုပ်ဆရာကြီးမှာ ဂျီဝေးလ်(စ်) ဖြစ်သည်။

ဦးဘဦးသည် ရန်ကုန်ကောလိပ်၌ ဆက်လက် ပညာသင်ယူခဲ့ပြီး ပထမ ဝိဇ္ဇာတန်း (FA) စာမေးပွဲ အောင်မြင်ချိန် ၁၉၀၇ ခုနှစ် စက်တင်ဘာလတွင် အင်္ဂလန်သို့ ဥပဒေပညာ သင်ယူရန် ဟီယာဖို့ဒ်ရှိုင်းယား သင်္ဘောဖြင့် ထွက်ခွာသွားခဲ့သည်။ ကိန်းဘရစ် တက္ကသိုလ်၊ ထရိနတီကောလိပ်တွင် ပညာဆည်းပူးခဲ့ရာ ၁၉၁၂ ခုနှစ်တွင်



www.burmeseclassic.com

www.burmeseclassic.com



အယ်လ်အယ်လ်ဘီ (LLB) ဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ ၁၉၁၃ ခုနှစ်တွင် ဘာရစ်စတာဝတ်လုံဘွဲ့များ ရရှိကာ မြန်မာပြည်သို့ ပြန်လာခဲ့သည်။ ရန်ကုန်သို့ ဟင်ဒါဆင်သင်္ဘောဖြင့် ပြန်လည် ရောက်ရှိလာပြီးနောက် ပုသိမ်သို့ ခေတ္တပြန်ကာ ရန်ကုန်တွင် ဝတ်လုံအလုပ် လုပ်ကိုင်ခဲ့သည်။

၁၉၁၃ ခုနှစ်၌ပင် ခရိုင်တရားသူကြီး ဦးအောင်ဖေနှင့် ဒေါ်ရှင် (ဖခင်၏ အစ်မအကြီးဆုံး) တို့ သမီး မငြိမ်းငြိမ်းနှင့် လက်ထပ်ခဲ့သည်။ ဦးဘဦးနှင့် ဒေါ်ငြိမ်းငြိမ်းတို့မှ သားနှစ်ယောက် ထွန်းကားခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် ဒေါ်ငြိမ်းငြိမ်း ကွယ်လွန်သွားပြီးနောက် ယင်းနှစ် ဧပြီလတွင် ရန်ကုန်၌ အစိုးရ အမှုလိုက် ရှေ့နေဝင်လုပ်သည်။ ယင်းနှစ် ဒီဇင်ဘာလတွင် ဖျာပုံခရိုင် စက်ရှင်တရားသူကြီး ဖြစ်လာ၏။ ၁၉၂၃ ခုနှစ်ကုန်ပိုင်းတွင် အရေးပိုင် ဦးဘိုးဘ (KSM, ATM) ၏ သမီး မောင်နှမဝမ်းကွဲ တော်စပ်သူ ဒေါ်အေးနှင့် ထပ်မံ လက်ဆက်ခဲ့သည်။ ထို့နောက် တောင်ငူသို့ ခရိုင်စက်ရှင် တရားသူကြီး အဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရသည်။

ဦးဘဦးသည် တောင်ငူမြို့မှတစ်ဆင့် မအူပင်၊ မကွေး၊ မြောင်းမြ ခရိုင်များသို့ ခရိုင်စက်ရှင် တရားသူကြီး အဖြစ် ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ခဲ့ရသေး၏။ ၁၉၃၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် တရားလွှတ်တော် တရားဝန်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ ယင်းနှစ် စက်တင်ဘာလတွင် ရန်ကုန်ခရိုင်စက်ရှင် တရားသူကြီး အဖြစ် ပြောင်းရွှေ့ ခန့်အပ်ခြင်း ခံခဲ့ရ၏။ ထို့နောက် ယင်းနှစ် နိုဝင်ဘာလတွင် အင်းစိန်ခရိုင် စက်ရှင်တရားသူကြီး အဖြစ် ပြောင်းရွှေ့ အမှုထမ်းခဲ့ရ ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံ၌ တောင်သူလယ်သမား အရေးတော်ပုံ ဖြစ်ပွားနေချိန် ဖြစ်သည်။ ၁၉၃၁ ခုနှစ်တွင် ဦးဘဦးသည် တောင်သူလယ်သမား ခေါင်းဆောင် ဆရာစံနှင့်အဖွဲ့အား စစ်ဆေး အရေးယူရသည့် အထူးခုံရုံးအဖွဲ့ဝင်အဖြစ် မလွှဲမရှောင်သာ တာဝန် ယူခဲ့ရသည်။ ဦးဘဦး အနေဖြင့် ဂဠုန်ဆရာစံနှင့် အထင်ကရ ခေါင်းဆောင်အချို့ကို ကယ်တင်ခြင်း မပြုနိုင်ခဲ့သော်လည်း ဂဠုန် ဆရာစံ၏ နောက်လိုက်များကိုမူ ရတန်သ၍ ကယ်တင်ခဲ့သည်။ ၁၉၃၂ ခုနှစ် ဧပြီလအထိ အင်းစိန်၊ ပြည်၊ သရက်ခရိုင် စက်ရှင် တရားသူကြီး၊ အထူးတရား သူကြီးရာထူးများဖြင့် အမှုထမ်းခဲ့ရသည်။

၁၉၃၂ ခုနှစ်၊ ဧပြီလတွင် ဦးဘဦးအား အမြဲတမ်း တရား လွှတ်တော် တရားဝန်ကြီး အဖြစ် ခန့်အပ်လိုက်ပါသည်။ ဦးဘဦးက ယင်းရာထူးဖြင့် ဒုတိယကမ္ဘာစစ် ဖြစ်ပွားချိန်အထိ အမှုထမ်းခဲ့ရသည်။ ၁၉၃၆ ခု၊ နိုဝင်ဘာလတွင် ၉၁ ဌာန အုပ်ချုပ်ရေးသစ်အတွက် ရွေး ကောက်ပွဲ ကျင်းပသောအခါ ဦးဘဦးက ရွေးကောက်ပွဲဆိုင်ရာ အထူး ခုံရုံးဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရ၏။ ရွေးကောက်ပွဲတွင် ဦးဘဘောတို့ ငါးပွင့်ဆိုင်အဖွဲ့က ၄၆ နေရာ၊ ဒေါက်တာဘမော်၏ ဆင်းရဲသား ဝံသာနုအဖွဲ့က ၁၆ နေရာ၊ ဦးချစ်လှိုင်၏ လှိုင်မြတ်ပေါ် အဖွဲ့က ၁၂ နေရာရရှိရာ ဦးဘဦးက ဦးအေးအား ဦးဘဘောထံ စေ လွှတ်ပြီး အစိုးရအဖွဲ့ ဖွဲ့ပေးရန် ပြောကြားခဲ့ရသည်။ သို့သော် ငါးပွင့်ဆိုင် အဖွဲ့အတွင်း ရာထူးခွဲဝေရေး ပြဿနာကြောင့် မပြေ မလည်ဖြစ်ကာ ဦးဘဘောတို့ အစိုးရ မဖွဲ့နိုင်ခဲ့ပေ။

၁၉၃၈ ခုနှစ်တွင် ကျောင်းသားသပိတ်နှင့်အတူ ၁၃၀၀ ပြည့် အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ရသည်။ ချောက်ရေနံမြေ အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



များက မိုင် ၄၀၀ ကွာဝေးသော ရန်ကုန်မြို့သို့ ခြေကျင် ချီတက်ခဲ့ကြသည်။ ရန်ကုန်တွင် ကျောင်းသား ခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရ၏။ ထိုစဉ် ဦးဘဦးသည် ကျောင်းသားသပိတ် စုံစမ်းရေး ကော်မတီဝင်အဖြစ် မလွှဲမရှောင်သာ ဆောင်ရွက်ခဲ့ရပြန်သည်။ ဦးဘဦး အနေဖြင့် နယ်ချဲ့အင်္ဂလိပ်တို့၏ အမှုထမ်းတစ်ဦး အဖြစ် မျိုးချစ်မြန်မာတို့အပေါ် တရားစီရင်ရသည့် အလုပ်ကို စက်ဆုပ်လာဟန် ရှိ၏။ ၁၉၄၁ ခုနှစ်တွင် ဇနီးဒေါ်အေး ကွယ်လွန်ခဲ့ပြီး ၆ လအကြာတွင် ပထမ အိမ်ထောင်မှ မွေးသည့် သားငယ်နှင့် ဒုတိယ အိမ်ထောင်နှင့် မွေးသော သမီးနှစ်ဦးတို့ ကွယ်လွန်သွားခဲ့သည်။

၁၉၄၂ ခုနှစ်တွင် ဂျပန်တို့ မြန်မာပြည်သို့ ဝင်ရောက်လာသည်။ ထိုစဉ် အုပ်ချုပ်ရေးကဏ္ဍတွင် တရားစီရင်ရေးဘက်မှ ဝင်ရောက် အမှုထမ်းရန် သက်ဆိုင်ရာ အာဏာပိုင်များက ဦးဘဦးကို ကမ်းလှမ်းခဲ့ကြသည်။ ဦးဘဦးက ဂျပန်တို့၏ ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့သည်။ သို့သော် ဂျပန်တို့၏ ဖိအားပေးမှုကြောင့် ဦးဘဦး အဓိပတိ ဒေါက်တာဘမော် လက်ထက်တွင် တရားလွှတ်တော်ချုပ် တရားဝန်ကြီးအဖြစ် အမှုထမ်းခဲ့ရသည်။

၁၉၄၅ ခု၊ ဧပြီလတွင် ဗြိတိသျှတို့ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက် လာခဲ့ရာ ဦးဘဦးအား ရန်ကုန်မြို့အုပ်ချုပ်ရေး အဖွဲ့ဝင် အဖြစ် တာဝန်ပေးခဲ့သည်။ ၂၀ ဇွန် ၁၉၄၅ တွင် ဗြိတိသျှအရာရှိများက ရန်ကုန်မြစ်တွင်းရှိ ကန်ဘာလင် (Cumberland) စစ်သင်္ဘောထက်သို့ မြန်မာခေါင်းဆောင်များကို ဖိတ်ကြားကာ စက္ကူပြုံ စာတမ်းကိစ္စ ဆွေးနွေးကြစဉ် ဦးဘဦးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ခဲ့ရ၏။ ဦးဘဦးသည် ထိုစဉ်က တရားလွှတ်တော်ချုပ် တရားဝန်ကြီး အဖြစ် ဆက်လက် အမှုထမ်းနေရဆဲ ဖြစ်သည်။

အရှေ့တောင်အာရှ ဒေသဆိုင်ရာ မဟာမိတ်များ၏ စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန် မြန်မာနိုင်ငံသို့ လာရောက်ခဲ့စဉ်က ဦးဘဦးသည် အိုးရီးယင့်ကလပ် ဥက္ကဋ္ဌ အဖြစ် ဧည့်ခံခဲ့ရရာတွင် စကားစမြည် ပြောဆိုရင်း မြန်မာနိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးအပ်ရန် စကားဆိုခဲ့သေးသည်။ ဦးဘဦးသည် မြန်မာ့လွတ်လပ်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ရာ၌လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့ကြောင့်လည်း ၁၅ ဇူလိုင် ၁၉၄၅ တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မောင့်ဘက်တန်တို့ ဆွေးနွေးအပြီး ဇူလိုင်လ ၁၇ ရက်နေ့တွင် မြန်မာပြည်အစိုးရ ကိုယ်စားလှယ်များနှင့် စစ်ဘက်ဆိုင်ရာ အာဏာပိုင်များ ပါဝင်သည့် အာဏာလွှဲပြောင်းရေး ကော်မရှင်ကို ဖွဲ့စည်းနိုင်ခဲ့ခြင်း ဖြစ်သည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဗြိတိသျှအစိုးရက ဦးဘဦးအား ဆာဘွဲ့ ပေးအပ်ခဲ့ရာ ဆာဘဦးဟူ၍ အမည်ထင်ရှားလာခဲ့သည်။ ဆာဘဦးသည် လူမှုရေး လုပ်ငန်း အများအပြားကို ဦးဆောင် ဦးရွက်ပြုခဲ့ရာတွင် အိုးရီးယင့်ကလပ်ဥက္ကဋ္ဌ၊ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ၊ သူနာပြုတပ်ဖွဲ့ဥက္ကဋ္ဌ၊ တက္ကသိုလ် ရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌ၊ ပန်းဥယျာဉ်အသင်းဥက္ကဋ္ဌ စသည့် တာဝန်များကိုလည်း လုပ်ဆောင်ခဲ့သည်။ ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်လည်း ဦးဘဦးက အရေးပါသောနေရာမှ ပါဝင်ခဲ့၏။

၄ ဇန်နဝါရီ ၁၉၄၈ တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိသောအခါ ဆာဘဦးကို တရားလွှတ်တော်ချုပ်၊ တရားဝန်ကြီးချုပ်



www.burmeseclassic.com

www.burmeseclassic.com



ရာထူးများ ပေးအပ်ခဲ့သည်။ အဂ္ဂမဟာသရေ စည်သူဘွဲ့ကိုလည်း ချီးမြှင့်ခဲ့သည်။ ၅ အောက်တိုဘာ ၁၉၄၈ တွင် ဆာဘဦး ဥက္ကဋ္ဌ အဖြစ် ပါဝင်သော ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေး ကော်မရှင်အဖွဲ့ကို ဖွဲ့စည်းကာ ကရင်ပြည်နယ် အရေးကို ဖြေရှင်း ဆောင်ရွက်ပေးစေခဲ့သည်။

၁၉ ဖေဖော်ဝါရီ ၁၉၄၉ တွင် ရွေးကောက်ပွဲ ကြီးကြပ် စီမံရေးအဖွဲ့ကို ဖွဲ့စည်းရာ၌လည်း ဆာဘဦးက အဖွဲ့ဝင်တစ်ဦး အဖြစ် ပါဝင်ခဲ့သည်။ ထို့ပြင် ၅ မေ ၁၉၄၉ တွင် ကေအဲန်ဒီအို ခေါင်းဆောင် စောဘဦးကြီးနှင့် ငြိမ်းချမ်းရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးရာတွင်လည်း ဆာဘဦးက နိုင်ငံတော်ဘက်မှ ပါဝင်ဆောင်ရွက်ခဲ့ရသည်။ ဆာဘဦးသည် နိုင်ငံတော် တရားဝန်ကြီး ချုပ်အဖြစ် အမှုထမ်းနေစဉ်အတွင်း ၁၈ ဖေဖော်ဝါရီ ၁၉၅၀ တွင် ဖခင် အငြိမ်းစား အရေးပိုင် ဦးဘိုးလှ ကွယ်လွန်သွားပါသည်။

မြန်မာ့အလင်း သတင်းစာ နာရေးကြော်ငြာ၌–

**ပင်စင်အငြိမ်းစား အရေးပိုင်မင်း ဦးဘိုးလှ**

**အသက် (၈၅) နှစ်**

ပုသိမ်မြို့ မန်ကျည်းပင်တန်း အိမ်နံပါတ် ၃၃ နေ၊ မင်းကတော် ဒေါ်ဒေါ်ညွန့်၏ခင်ပွန်း၊ နိုင်ငံတော် တရားဝန်ကြီးချုပ် ဆာဘဦး၊ လွှတ်တော် ရှေ့နေကြီး ကပ္ပတိန် ဦးဘဖူးနှင့် ဇနီး ဒေါ်မြရီ၊ အထက်တန်း ရှေ့နေ ဦးမြဘူးတို့၏ ဖခင်၊ ဝတ်လုံတော်ရ ဦးကျော်ဦး + ဇနီး EVE၊ ဦးထွန်းရှိန် (B.A) + ဇနီး ဒေါ်အမာကြည်၊ တရားမဝန်ထောက် ဦးစိန်ထွန်း + ဇနီး ခင်သန်းမြင့်၊ မောင်မြင့်၊

www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ဦး၊ ခင်စောဦး၊ မောင်မောင်နှင့် မောင်ဘတို့၏ အဘိုး၊ ပင်စင်အငြိမ်းစား အရေးပိုင်မင်း ဦးဘိုးလှ (CIE, K.S.M, A.T.M, MRAS) သည် ၁၃၁၁ ခု၊ တပေါင်းလဆန်း ၃ ရက် (၁၈-၂-၅၀) စနေနေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် လူကြီးရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်ပါသောကြောင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၁၃၁၁ ခု၊ တပေါင်းလဆန်း ၉ ရက် (၂၄-၂-၅၀) သောကြာနေ့ ညနေ ၃ နာရီအချိန်တွင် အထက်ပါ နေအိမ်မှ ကမ်းရပ်ကွက် မိဂဒါရုံ ကျောင်းတိုက်သို့ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါ၍ ဆွေမျိုးအများနှင့်တကွ မိတ်သင်္ဂဟအပေါင်းတို့အား သိသာရန် အကြောင်းကြားအပ်ပါသည်။

ဟူ၍ ဖော်ပြပါရှိပါသည်။

၁၂ မတ် ၁၉၅၂ တွင် သမ္မတစဝ်ရွှေသိုက်၏ သမ္မတသက်တမ်း ကုန်ဆုံးသွားရာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဆာဘဦးအား နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ဆာဘဦး သည် နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်ခန့်အပ်ခြင်း ခံရသော အခါ ဗြိတိသျှအစိုးရတို့ ပေးအပ်ခဲ့သည့် ဆာဘွဲ့ကို စွန့်လွှတ်ခဲ့သည်။ နိုင်ငံတော်အစိုးရက ဆာဘဦးအား အဂ္ဂမဟာ သီရိသုဓမ္မဘွဲ့ ထပ်မံချီးမြှင့်ခဲ့သည့်နည်းတူ ရန်ကုန်တက္ကသိုလ်မှလည်း ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ သို့ဖြင့် ဒေါက်တာဘဦး ဟူ၍ အမည် ထင်ရှားလာခဲ့သည်။

ဒေါက်တာဘဦး သမ္မတဖြစ်လာပြီးနောက် ၇ ဖေဖော်ဝါရီ ၁၉၅၃ တွင် ပြည်တော်သာ သဘောင်္ကထက်မှနေ၍ ပထမဆုံး ရေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းလမ်းခရီးကို ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ၂၁ မတ် ၁၉၅၃ တွင် ကမ္ဘောဒီးယား သာသနာပိုင် ဆရာတော်နှင့်အဖွဲ့၊ သံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော်များအား အိမ်တော်သို့ ပင့်ဖိတ်ကာ ဆွမ်းကပ်လှူခဲ့သည်။ ဘာသာတရားကို ရိုသေကိုင်းရှိုင်းလှသည့် နိုင်ငံတော်သမ္မတကြီး အနေဖြင့် ကုသိုလ်ရေး လုပ်ငန်းများအား စဉ်ဆက်မပြတ် လုပ်ကိုင်ခဲ့သည်။

၃၀ ဇန်နဝါရီ ၁၉၅၄ တွင် နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦးသည် ရန်ကုန်မှ ပဲခူးမြို့သို့ ကြွရောက်ကာ လျှော်ဒဏ်ကြောင့် ပြန်လည် ပြုပြင်တည်ဆောက် ပြီးစီးသည့် ရွှေမော်ဓော စေတီတော်မြတ်အား ကြည်ညို ဖူးမြော်ပါသည်။ ထို့နောက် သံဃာအပါး တစ်ထောင်အား ဆွမ်းကပ်လှူခဲ့သည်။ ၁၁ ဧပြီ ၁၉၅၄ တွင် သမ္မတကြီး ဒေါက်တာဘဦး ပဲခူးသို့ ကြွရောက်လာပြန်ပါသည်။ ထို့နောက် ရွှေမော်ဓော စေတီတော် ပထမဘုံ ငွေထီးတော် ပထမအဆင့်ကို ရဟန်းရှင်လူ ပရိသတ်များနှင့်အတူ တင်လှူခဲ့သည်။ ထီးတော်တင်စဉ် အမြောက်များ ပစ်ဖောက်ပြီး မြန်မာ့လေတပ်မတော်မှလည်း လေယာဉ်ပျံဖြင့် စေတီတော်ကို လှည့်ဝဲကာ ကောင်းကင်ယံမှ ပန်းများကြဲချ ပူဇော်ခဲ့သည်။

နိုင်ငံတော် သမ္မတကြီးသည် ၁၇ မေ ၁၉၅၄ တွင် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးကို စတင်ဖွင့်လှစ်ခဲ့ရာ၌ သင်္ဂါယနာ ဒါယကာ အဖြစ် ခံယူခဲ့သည်။ ထို့နောက် ၂၀ မေ ၁၉၅၄ တွင် ဆဋ္ဌသင်္ဂါယနာတင် သံဃာတော် အပါး ၂၅၀၀ ကို အိမ်တော်ဝင်းအတွင်း ပင့်ဖိတ်ကာ နေ့ဆွမ်း ဆက်ကပ်ခဲ့သည်။ သမ္မတကြီး ဒေါက်တာဘဦးသည်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း မျက်ခြည်မပြတ် လုပ်ဆောင်ခဲ့၏။ ၂၇ အောက်တိုဘာ ၁၉၅၄ တွင် အင်း၀ (စစ်ကိုင်း) တံတားကို သမ္မတကြီးကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။

၆ ဇန်နဝါရီ ၁၉၅၅ တွင် ယူဂိုဆလားဗီးယားနိုင်ငံ သမ္မတ မာရှယ် တီတိုးက သမ္မတကြီး ဒေါက်တာဘဦးအား ယူဂိုဆလပ် တံခွန်တော်ဘွဲ့ (ပထမဆင့်) (Yugoslav Banner - First Class) ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့ပြင် ယင်းနှစ်၌ပင် ယိုးဒယားဘုရင်၏ ဂုဏ်ထူးဆောင် ဆင်ဖြူဘွဲ့တံဆိပ်ကိုလည်း ရရှိခဲ့သည်။

၂၂ မတ် ၁၉၅၆ တွင် ဆိုဗီယက်နိုင်ငံ အစိုးရက သမ္မတကြီး ဒေါက်တာဘဦးအား ဆိုဗီယက်နိုင်ငံထုတ် မော်တော်ကားတစ်စီး လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ ယင်းနောက် ၁၂ မတ် ၁၉၅၇ တွင် သမ္မတသက်တမ်း ကုန်ဆုံးသွားပါသည်။

ဒေါက်တာဘဦးသည် အငြိမ်းစားယူခဲ့ပြီးနောက် ၁၉၅၉ ခုနှစ်တွင် **My Burma; the autobiography of a president** (ကျွန်ုပ်၏ မြန်မာပြည်၊ သမ္မတတစ်ဦး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ) အမည်ရှိ စာအုပ်ကို ရေးသားပြုစုခဲ့ပါသည်။ (ယင်းစာအုပ်ကို ယခုအခါ စာရေးဆရာ စိန်ဝင်းစိန်က ကျွန်ုပ်၏ မြန်မာနိုင်ငံ၊ သမ္မတ တစ်ဦး၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ အမည်ဖြင့် ဘာသာပြန်ဆို ရေးသား ထုတ်ဝေပြီး ဖြစ်ပါသည်)

၂၅ ဧပြီ ၁၉၆၀ တွင် ဒေါက်တာဘဦး ဥက္ကဋ္ဌအဖြစ် ပါဝင်သော နိုင်ငံတော် အစိုးရ အကြံပေးအဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။ ယင်းအဖွဲ့တွင် အဖွဲ့ဝင်များ အဖြစ် တရားဝန်ကြီးချုပ်ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ဦးသိမ်းမောင်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတင်၊ တရားဝန်ကြီး ဟောင်း ဦးအုံးဖေ၊ ဝန်ကြီးဟောင်း ဦးချစ်သောင်းတို့ ပါဝင်ခဲ့ကြသည်။ ၂၉ မေ ၁၉၆၀ တွင် နိုင်ငံတော်အစိုးရ အကြံပေးအဖွဲ့အား မွန်နှင့် ရခိုင်ပြည်နယ်များ ကိစ္စကို ဆောင်ရွက်ရန် သက်ဆိုင်ရာက တာဝန် လွှဲပြောင်းပေးအပ်ခဲ့သည်။ ၃ ဖေဖော်ဝါရီ ၁၉၆၁ တွင် ရန်ကုန်မြို့ ဝန်ကြီးချုပ် နေအိမ်၌ ဒေါက်တာဘဦးက မွန်ပြည်နယ် အရေးကိစ္စကို ဆွေးနွေး ပြောကြားခဲ့သည်။

ဒေါက်တာဘဦးသည် လက်ရှိ အခြေခံဥပဒေကို ဖယ်ဒရယ်မူ အဖြစ် ပြောင်းလဲရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ အကြံပေး အဖွဲ့ ဥက္ကဋ္ဌအနေဖြင့် ဦးဆောင်ခဲ့ရသည်။ အထူးသဖြင့် ရှမ်းပြည်နယ် ကိုယ်စားလှယ်များနှင့် ရပလဖ အဖွဲ့ဝင်များက ဖယ်ဒရယ်မူအတွက် စည်းရုံးလှုပ်ရှားနေချိန်တွင် ဒေါက်တာဘဦးတို့ အကြံပေးအဖွဲ့က ဖယ်ဒရယ်မူကို လေ့လာကာ နိုင်ငံတော် အစိုးရအား အကြံပေးနိုင်ရန် ပြင်ဆင်ကြရသည်။ ဒေါက်တာဘဦးတို့သည် ၂၂ ဇူလိုင် ၁၉၆၁ တွင် ရှမ်းပြည်နယ်ဥက္ကဋ္ဌ စဝ်ခွန်ချိုနှင့် ဦးစွာ တွေ့ဆုံကာ အခြား ပြည်နယ်၊ ပြည်မများမှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ခေါ် အကြံဉာဏ် ရယူခဲ့သည်။

ဒေါက်တာဘဦး ဦးဆောင်သည့် နိုင်ငံတော်အစိုးရ အကြံပေး အဖွဲ့သည် ၁၉ ဇန်နဝါရီ ၁၉၆၂ တွင် မြန်မာ–အင်္ဂလိပ် နှစ်ဘာသာ ဖြင့်သာ အစီရင်ခံစာ တင်သွင်းခဲ့သည်။ အစီရင်ခံစာမှာ အကြံပေး သည့် သဘောသာ ဖြစ်ပြီး လိုက်နာရမည် ဟူ၍ကား မဆိုနိုင်ပေ။ ယင်းအစီရင်ခံစာတွင် (၁) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (၂)



www.burmeseclassic.com

www.burmeseclassic.com



နစ်နာသည် ဆိုသော အချက်အလက်များကို ပြေပျောက်အောင် ဆောင်ရွက်ရန် နည်းလမ်းများ (အုပ်ချုပ်ရေးဆိုင်ရာ)၊ (၃) ပြည်ထောင်စု အစိုးရ ဝန်ထမ်းအရာရှိကြီးများသည် အုပ်ချုပ်ရေးအရ ဖြစ်စေ၊ လူမှုရေးအရ ဖြစ်စေ၊ ပြည်နယ်အရာရှိများ၊ ပြည်နယ်လူထုများ တို့နှင့် ဆက်ဆံပေါင်းသင်းရာ၌ ထားရှိအပ်သော သဘောထားများ ဟူ၍ ခေါင်းစဉ် ၃ ခု ခွဲခြား ပြုစုထားပါသည်။

ပြည်သူ့လွှတ်တော် ညီလာခံ ကျင်းပနေစဉ်အတွင်း ၂၄ ဖေဖော်ဝါရီ ၁၉၆၂ ညနေ ၆ နာရီဘွင် ရန်ကုန်မြို့ ပြည်လမ်း အသံလွှင့်ရုံ ခန်းမဆောင်၌ ဖယ်ဒရယ်မူ ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ဝန်ကြီးချုပ် ဦးနုက သဘာပတိ အဖြစ် ဆောင်ရွက်ပြီး ဒေါက်တာဘဦး ဦးဆောင်သော နိုင်ငံတော် အကြံပေး အဖွဲ့ဝင်များက ခန်းမဆောင်ထိပ်မှ နေရာယူခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ပထမ၊ ဖဆပလ၊ ပမညတ အဖွဲ့တို့မှ ကိုယ်စားလှယ်များ အပြင် ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်များလည်း ရိုးရာဝတ်စုံများ ဝတ်ဆင်လျက် တက်ရောက်ခဲ့ကြသည်။

၁ မတ် ၁၉၆၂ ညနေ ၆ နာရီတွင် ဖယ်ဒရယ်မူ ဆွေးနွေးပွဲ ဒုတိယနေ့ကို ကျင်းပပါသည်။ သဘာပတိ ဝန်ကြီးချုပ် ဦးနုက အလွန်အရေးကြီးသည့် ကိစ္စဖြစ်သဖြင့် အခြားကိုယ်စားလှယ်များနှင့် တိုင်းပြည်ကပါ အချိန်ယူ လေ့လာရမည်ဖြစ်ရာ မတ်လ ၁ ရက်နေ့တွင် ပမညတနှင့် ဖဆပလကိုယ်စားလှယ် တစ်ဦးစီသာ ပြောကြားကြရန်၊ မတ်လ ၇ ရက်နေ့တွင် နှီးနှောဖလှယ်ပွဲကို ပြန်လည် ကျင်းပရန် ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနေ့ ညသန်းခေါင်ယံ၌ပင် နိုင်ငံတော်



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကဲ၊ ဝန်ကြီးများ၊ တောင်တန်းဒေသအမတ်များ၊ ရှမ်းစော်ဘွားများကို ဖမ်းဆီးလိုက်ကာ ၂ မတ် ၁၉၆၂ တွင် တပ်မတော်မှ အာဏာသိမ်းလိုက်ပါသည်။

ဒေါက်တာဘဦးသည် အာဏာသိမ်းစဉ် ဖမ်းဆီးခံခဲ့ရခြင်း မရှိခဲ့ပေ။ ၉ နိုဝင်ဘာ ၁၉၆၃ တွင် ဒေါက်တာဘဦး ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသည်။ နောက်တစ်နေ့ထုတ် ရန်ကုန်သတင်းစာပါ သတင်းဖော်ပြချက်အရ ဒေါက်တာဘဦးသည် ကျန်းမာရေး အခြေအနေအရ ဆေးဝါးကုသမှု ခံယူနေရာမှ ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်း၊ အမှတ် ၅၄ နေအိမ်တွင် ၉ နိုဝင်ဘာ ၁၉၆၃ နံနက် ၃ နာရီအချိန် အသက် ၇၆ နှစ်အရွယ်၌ ကွယ်လွန်သွားကြောင်း သိရှိရ၏။ ကွယ်လွန်စဉ် သားဦးကျော်ဦး (ဝတ်လုံတော်ရ)၊ ဦးမြဦး (ဘီအိုစီ ကုမ္ပဏီ)၊ ဦးမြင့်ဦး (မက္ကနွမ်မက္ကင်ဇီ) နှင့် သမီး ဒေါ်ခင်စောဦးတို့ ကျန်ရစ်ခဲ့ကြောင်းလည်း ဖော်ပြထားပါသည်။

သတင်းစာပါ နာရေးကြော်ငြာမှာမူ အောက်ပါအတိုင်း ဖြစ်သည်။

**ကွယ်လွန်အနိစ္စရောက်ခြင်း**

**ဦးဘဦး**

အဂ္ဂမဟာ သီရိသုဓမ္မ၊ အဂ္ဂမဟာ သရေစည်သူ ဒေါက်တာဦးဘဦး၊ အမ်အေ (Cantab)၊ ဝတ်လုံတော်ရ နိုင်ငံတော် သမ္မတဟောင်း၊ ကပ္ပတိန်ဘဖူး (I.A) လွှတ်တော်ရှေ့နေနှင့် ဦးမြဘူး၊ လွှတ်တော် ရှေ့နေတို့၏ အစ်ကိုကြီး။ ဦးကျော်ဦး၊ အမ်အေ (Cantab) ဝတ်လုံတော်ရ၊ ဦးမြဦး (ခင်ယဉ်ပြုံး)၊ ဘီအိုစီ၊ ချောက်မြို့၊ ဦးမြင့်ဦး (Mackinnon Mackenzie)၊ (တင်တင်မှု)၊ ခင်စောဦး



www.burmeseclassic.com

www.burmeseclassic.com



(ဦးသန်းအောင် ဝတ်လုံတော်ရ) တို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးဘဦးသည် ၁၉၆၃ ခု၊ နိုဝင်ဘာလ ၉ ရက်၊ စနေနေ့ နံနက် ၃ နာရီအချိန်တွင် နေအိမ် အမှတ် ၅၄၊ ရွှေတောင်ကြားလမ်း၊ ရန်ကုန်မြို့တွင် ကွယ်လွန်အနိစ္စရောက်ရာ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၉၆၃ ခု၊ နိုဝင်ဘာလ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၃ နာရီအချိန်တွင် အထက်ပါနေအိမ်မှ ကြံတော သုသာန်ဟောင်းသို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါသည်။

ဒေါက်တာဘဦး၏ **My Burma, the autobiography of a President** စာအုပ်သည် သူ၏ ငယ်စဉ် ကလေးဘဝမှစ၍ အတွေ့အကြုံများကို မှတ်တမ်းတင်ထားသောစာအုပ် ဖြစ်သည်။ စာအုပ်တွင် ကလေးဘဝ အိပ်မက်မက်မြင်ပုံကို စိတ်ဝင်စားစွာ ဖော်ပြထားပါသည်။ မောင်ဘဦး အောဘီအမ်ကျောင်းတွင်နေစဉ် ထူးဆန်းသော အိပ်မက်များ မက်မြင်ခဲ့ခြင်း ဖြစ်သည်။ ပထမပတ် သောကြာနေ့တွင် ကောင်းကင်ယံမှ နေမင်းကြီး ထိန်လင်းစွာ ထွန်းတောက်နေသည်ကို မက်မြင်ခဲ့သည်။ ဒုတိယ သောကြာနေ့ညတွင် လမင်းကြီး ထိန်ထိန်သာပုံကို မက်မြင်ပြီး၊ တတိယ သောကြာနေ့ညတွင် ကြယ်များ ပေါ်ထွက်လာသည်ဟု လည်းကောင်း၊ စတုတ္ထနေ့ညတွင် စွန်ကို အမြင့်သို့လွှတ်တင်ရာ၌ အခြားစွန်များက မောင်ဘဦး စွန်ကြိုးနားပတ်လည်တွင် ဝိုင်းလျက် ဦးခိုက်နေသည်ဟု လည်းကောင်း၊ ပဉ္စမနေ့ညတွင် မောင်ဘဦး လှူသားစားပြီး ပုသိမ်မြို့ အိမ်ခေါင်မိုးများထက်သို့ လှည့်လည် ပျံသန်းနေသည်ဟု လည်းကောင်း မက်မြင်ခဲ့သည်။

မောင်ဘဦးက သူ၏ အိပ်မက်များ အကြောင်းကို အဘိုးဖြစ်သူ ဦးဆိတ်အား ပြောပြသည်။ ဦးဆိတ်က မြေးမောင်ဘဦးအား တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတစ်ဦး ဖြစ်လိမ့်မည်။ ဘာဖြစ်မည်ကိုတော့ အဘိုး မသိ။ လွတ်လပ်စွာ နေရပြီဆိုလျှင်ဖြင့် နိုင်ငံ့ခေါင်းဆောင် ဖြစ်လာလိမ့်မည်။ ယခု သူတစ်ပါးလက်အောက် ဖြစ်နေ၍ မပြောနိုင်သေး။ အိပ်မက် အကြောင်းကို အခြားသူတွေ မပြောလေနှင့်ဟူ၍ မှာကြားပြောဆိုခဲ့ သည်။ ထိုစဉ်ကာလမှစ၍ မောင်ဘဦးက သူ ကြီးပြင်းလာလျှင် တရားသူကြီး လုပ်မည်ဟု သန္နိဋ္ဌာန်ချမှတ်ခဲ့သည် ဆိုပါသည်။

My Burma (Myanmar) စာအုပ်၌ပင် ဒေါက်တာဘဦးက မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် ဆက်နွယ်နေသည့် မိသားစု ရေးရာ ကိစ္စများကိုလည်း ထည့်သွင်း ဖြေရှင်း ရေးသားထားပါသည်။ ၁၉၂၁ ခုနှစ်တွင် ဗြိတိသျှအာဏာပိုင်တို့က ဆရာတော် ဦးဥတ္တမအား ဖျာပုံခရိုင် ဒေးဒရဲမြို့ ဆူးကလပ်ကျေးရွာ၌ အစိုးရကို အကြည်ညို ပျက်အောင် ဟောပြောသည်ဆိုကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ် ချမှတ်ခဲ့သည်။ ဤအမှုကို ကိုင်တွယ်ရမည့် သူက ဖျာပုံခရိုင် အရေး ပိုင် ဦးဘိုးလှ ဖြစ်သည်။ ဦးဘိုးလှသည် ဒေါက်တာဘဦး၏ ဖခင် ဖြစ်၏။ ဦးဘိုးလှက ဤအမှုကို မကိုင်တွယ်လိုသဖြင့် အခြားသူ တစ်ဦး အား လွှဲပြောင်းခွင့် တောင်းခံခဲ့သည်။

တရားလွှတ်တော်မှ မအူပင်ခရိုင် အရေးပိုင် ဦးဖိုးဘောကို လွှဲ ပြောင်းပေးသည်။ ဦးဖိုးဘော (KSM, ATM) သည်လည်း ဒေါက်တာ ဘဦး၏ ဦးလေးတော်စပ်သူ ဖြစ်ပါသည်။ ဦးဖိုးဘောသည်လည်း အမှုကို မကိုင်တွယ်လိုသဖြင့် တရားလွှတ်တော်သို့ လွှဲပြောင်းပေးပါရန် လျှောက်ထားတင်ပြခဲ့သည်။ သို့သော် တရားလွှတ်တော်က ခွင့်မပြု၍ ဦးဖိုးဘောကပင် ဆရာတော် ဦးဥတ္တမအား ပြစ်ဒဏ် ချမှတ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အရေးပိုင် ဦးဖိုးဘောက ဆရာတော်အား အကျဉ်းထောင်အတွင်း သက်သာမှုရှိစေရန် စီမံဆောင်ရွက်ပေးခဲ့ရာ ဆရာတော်ကပင် ကျေးဇူးတင်လျက် ရှိနေခဲ့သည် ဆို၏။

ဒေါက်တာဘဦးကိုယ်တိုင် ဆရာစံအမှု၌ အမိန့်ချမှတ်ရာတွင်လည်း တောင်သူလယ်သမားများဘက်မှ တတ်နိုင်သမျှ ဖေးမခဲ့ပုံကို သူ၏ စာအုပ်တွင် ဖော်ပြထားပါသည်။ ထူးခြားသည်ကား ဒေါက်တာဘဦး၏ **My Burma (Myanmar)** စာအုပ်တွင် ဗေဒင်ဆရာတစ်ဦးအကြောင်း ထည့်သွင်းရေးသား ထားခြင်းပင် ဖြစ်ပါသည်။ ဒေါက်တာဘဦးက–

"ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီး ကျွန်ုပ်၏ ဘဝအပြောင်းအလဲ ဖြစ်ခဲ့ရပုံသည်လည်း ကျွန်ုပ်၏ ဦးနှောက်တွင်းသို့ ဝင်ရောက်ခဲ့ပါသည်။ ဗြိတိသျှလက်ထက်မှ ကျွန်ုပ်၏ ရာထူးသည်လည်း အလိုအလျောက် ပြုတ်သွားခဲ့လေပြီ။ ဆရာကြီး၏ ဗေဒင်ဟောပြောချက်များအနက် ပထမပိုင်းများသည် သွေးထွက်အောင် မှန်နေပြီဖြစ်ရာ ကျွန်ုပ်မှာ ဗေဒင်ပညာရှိ ဆရာကြီးအား လိုက်လံရှာဖွေခဲ့သည်။ ကျွန်ုပ် သူ့အပေါ် ရိုင်းစိုင်းစွာ ပြုမူဆက်ဆံခဲ့ခြင်းများကို တောင်းပန်လိုသည့်အပြင် ကျွန်ုပ်၏ အနာဂတ်အကျိုး၊ အကောင်းအဆိုးဇာတာ စစ်ဆေးကြည့်လိုပါသေး၏။ သို့သော် ဗေဒင်ပညာရှိ ဆရာကြီးအား ကျွန်ုပ် လုံးဝ စုံစမ်း၍ မရတော့ပါချေ"

ဟူ၍ ရေးသားဖော်ပြထားပါသည်။

ဒေါက်တာဘဦးသည် သူ၏ မိဘမျိုးရိုး ဆက်နွယ်မှုနှင့် ပတ်သက်၍လည်း အလေးဂရုပြုတတ်သူ ဖြစ်သည်။ သူသည် နန်းတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာတ မင်းသမီး၏ အဆက်အနွယ် ဖခင်နှင့် ပုသိမ်မြို့ဝန်၏ အဆက်အနွယ် မိခင်တို့မှ ဖွားမြင်သူ ဖြစ်ကြောင်း သိရှိသော်လည်း ဆွေစဉ်မျိုးဆက် ဆင်းသက်ပုံကို အသေအချာ သိလိုခဲ့သည်။ သို့ဖြင့် နိုင်ငံတော်သမ္မတ ဖြစ်လာချိန်တွင် ဆွေစဉ်မျိုးဆက် အကြောင်း လေ့လာစုံစမ်းပေးပါရန် အငြိမ်းစား ပုလိပ်မင်းကြီး သရေစည်သူ ဦးဘမောင်ကို မေတ္တာရပ်ခံခဲ့သည်။ မကြာမီ မြင်းခြံ ဓေယျသိန်ရပ်နေ ဒေါ်ဂျမ်း (ဒေါက်တာဘဦးတို့အဘိုး ဦးရာပို၏ နှမ အငယ်ဆုံး) နှင့် တွေ့ဆုံခဲ့ရာမှ ဟသ်ာတ မင်းသမီး အဆက်အနွယ်ကို သိရှိလာခဲ့ရ သည်။

စာရေးဆရာမကြီး (အန်တီ) ဒေါ်ခင်စောတင့်၏ "ရွှေတောင်ကြားသူ" ဆောင်းပါး (ရန့်သစ်၊ အမှတ် ၂၂၊ ၂၀၁၀) တွင် သမ္မတကြီး ဒေါက်တာဘဦး၏သမီး ခင်စောဦး (Irene) မှာ သက်တူရွယ်တူ ဖြစ်ပြီး ယခု စင်ကာပူ၌ နေထိုင်ကြောင်း ဖော်ပြပါရှိပါသည်။ ၂၀ မေ ၁၉၅၅ ရက်စွဲပါ ဗမာ့ခေတ် သတင်းစာတွင် သမ္မတကြီး ဒေါက်တာဘဦးနှင့် ကွယ်လွန်သူ ဒေါ်အေးအေးတို့၏ တစ်ဦးတည်းသောသမီး မခင်စောဦးခေါ် မစ္စအိုင်ရင်ဘဦးနှင့် မောင်သန်းအောင်တို့ ထိမ်းမြားလက်ထပ်ခဲ့ကြောင်း မောင်သန်းအောင်မှာ တရားလွှတ်တော် ဝန်ကြီးချုပ် ဦးထွန်းဖြူနှင့် ဒေါ်တင်တင်တို့၏သား ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



## ၃။ သမ္မတ ဦးဝင်းမောင်

## (၁၃ မတ် ၁၉၅၇ – ၂ မတ် ၁၉၆၂)

သမ္မတ ဦးဝင်းမောင်က ကရင်တိုင်းရင်းသား တစ်ဦး ဖြစ်သဖြင့် မန်းဝင်းမောင် ဟူသော အမည်ဖြင့်လည်း ထင်ရှားခဲ့သည်။ မန်းဝင်းမောင်ကို ၁၇ ဧပြီ ၁၉၁၆ တွင် ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် လှည်းဆိပ်ကျေးရွာ၌ ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးရွှေရင်နှင့် ဒေါ်သာယာတို့ ဖြစ်ကြသည်။ ဖခင် ဦးရွှေရင်က ပညာအုပ် ဖြစ်သည်။

သမ္မတ ဦးဝင်းမောင်၏ မျိုးရိုးစဉ်ဆက်နှင့် ပတ်သက်၍ မသိရှိရသေးပေ။ မန်းဝင်းမောင်သည် ငယ်စဉ်က ကျုံပျော်မြို့နယ် လှည်းဆိပ်ကျေးရွာတွင် စတင် ပညာဆည်းပူးခဲ့ပါသည်။ ထို့နောက် ပုသိမ်မြို့ မွန်ကရင် အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူ၏။ ၁၉၃၃ ခုနှစ်တွင် ယင်းအထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်ပြီး ရန်ကုန်သို့ ရောက်ရှိလာခဲ့သည်။ ရန်ကုန်တွင် ဂျပ်ဆင်ကောလိပ်၌ ဆက်လက် ပညာဆည်းပူး၏။ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့ ရရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မန်းဝင်းမောင်သည် ဘွဲ့ရပြီးနောက် သန်လျင်မြို့၊ ဘီအိုစီ ရေနံကုမ္ပဏီ စာရင်းဌာနတွင် ဝင်ရောက် အလုပ်လုပ်ကိုင်ခဲ့သည်။ ယင်းနောက် အတွင်းဝန်များရုံး၌ အစိုးရအမှုထမ်း သွားရောက် လုပ်ကိုင်ခဲ့ပြန်၏။ ၁၉၄၀ ပြည့်နှစ်တွင် ဗြိတိသျှစစ်တပ်သို့ ဝင်ရောက် အမှုထမ်းရာ အရာခံဗိုလ်အဆင့် ရရှိခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် မန်းဝင်းမောင် မေမြို့ (ပြင်ဦးလွင်) ဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်ခဲ့၏။

၁၉၄၂ ခုနှစ် ဂျပန်ဝင်လာချိန်တွင် ဗြိတိသျှတပ်များ အိန္ဒိယသို့ ဆုတ်ခွာကြရသည်။ ထိုစဉ် မျက်နှာဖြူ ဗိုလ်သင်တန်း ကျောင်းအုပ်ကြီးက အိန္ဒိယသို့ လိုက်ပါလျှင် ထောက်လှမ်းရေးဘက်၌ ဗိုလ်အဆင့်ပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ သို့သော် မန်းဝင်းမောင်က မလိုက်ဘဲ မြန်မာနိုင်ငံ၌သာ နေကျန်ရစ်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင်ပင် ရန်ကုန်မြို့နေ ဦးစံလှ၊ ဒေါ်ခွေးတို့၏ သမီး မမြမေနှင့် လက်ဆက်ခဲ့သည်။

မန်းဝင်းမောင်သည် ၁၉၄၃–၄၄ ခုနှစ်များအတွင်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖတပအဖွဲ့နှင့် အဆက်အသွယ် ရရှိခဲ့သည်။ 'ဖတပ' မှာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ် (Anti Facist Organization) ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် အတိုကောက် AFO ဟု ခေါ်ဆိုကြသည်။ မန်းဝင်းမောင်က ဖတပ၏ လမ်းညွှန်မှုဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ကရင်တိုင်းရင်းသားများအား စည်းရုံးကာ ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ပါဝင်စေခဲ့သည်။ သူကိုယ်တိုင်မှာလည်း ၁၉၄၄ ခုနှစ်၊ စက်တင်ဘာလထဲတွင် တော်



www.burmeseclassic.com

www.burmeseclassic.com



မန်းဝင်းမောင်သည် ဘွဲ့ရပြီးနောက် သန်လျင်မြို့၊ ဘီအိုစီ ရေနံကုမ္ပဏီ စာရင်းဌာနတွင် ဝင်ရောက် အလုပ်လုပ်ကိုင်ခဲ့သည်။ ယင်းနောက် အတွင်းဝန်များရုံး၌ အစိုးရအမှုထမ်း သွားရောက် လုပ်ကိုင်ခဲ့ပြန်၏။ ၁၉၄၀ ပြည့်နှစ်တွင် ဗြိတိသျှစစ်တပ်သို့ ဝင်ရောက် အမှုထမ်းရာ အရာခံဗိုလ်အဆင့် ရရှိခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် မန်းဝင်းမောင် မေမြို့ (ပြင်ဦးလွင်) ဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်ခဲ့၏။

၁၉၄၂ ခုနှစ် ဂျပန်ဝင်လာချိန်တွင် ဗြိတိသျှတပ်များ အိန္ဒိယသို့ ဆုတ်ခွာကြရသည်။ ထိုစဉ် မျက်နှာဖြူ ဗိုလ်သင်တန်း ကျောင်းအုပ်ကြီးက အိန္ဒိယသို့ လိုက်ပါလျှင် ထောက်လှမ်းရေးဘက်၌ ဗိုလ်အဆင့်ပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ သို့သော် မန်းဝင်းမောင်က မလိုက်ဘဲ မြန်မာနိုင်ငံ၌သာ နေကျန်ရစ်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင်ပင် ရန်ကုန်မြို့နေ ဦးစံလှ၊ ဒေါ်ခွေးတို့၏ သမီး မမြမေနှင့် လက်ဆက်ခဲ့သည်။

မန်းဝင်းမောင်သည် ၁၉၄၃-၄၄ ခုနှစ်များအတွင်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖတပအဖွဲ့နှင့် အဆက်အသွယ် ရရှိခဲ့သည်။ 'ဖတပ' မှာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ် (Anti Facist Organization) ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် အတိုကောက် AFO ဟု ခေါ်ဆိုကြသည်။ မန်းဝင်းမောင်က ဖတပ၏ လမ်းညွှန်မှုဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ကရင်တိုင်းရင်းသားများအား စည်းရုံးကာ ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ပါဝင်စေခဲ့သည်။ သူကိုယ်တိုင်မှာလည်း ၁၉၄၄ ခုနှစ်၊ စက်တင်ဘာလထဲတွင် တော်



www.burmeseclassic.com

www.burmeseclassic.com



လှန်ရေးအတွက် ကသာ၊ မြစ်ကြီးနားမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ခက်ခဲပင်ပန်းစွာ သွားရောက်ခဲ့သည်။

၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် မန်းဝင်းမောင်တို့ အဖွဲ့ အိန္ဒိယသို့ ရောက်ရှိကြသည်။ မန်းဝင်းမောင်က ထိုအဖွဲ့တွင် ဒုတိယခေါင်းဆောင်အဖြစ် တာဝန်ပေးခံခဲ့ရခြင်း ဖြစ်သည်။ အိန္ဒိယသို့ ရောက်ရှိခဲ့ပြီးနောက် ကာလကတ္တား စစ်တက္ကသိုလ်နှင့် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ ကိုလံဘို စစ်စခန်းတို့တွင် စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ကြရသည်။ လေ့ကျင့်မှုကာလမှာ အချိန်တိုတောင်းလှသည့်အလျောက် ပင်ပန်းဆင်းရဲမှုဒဏ်ကို ခံခဲ့ကြရသည်။

၃၀ မတ် ၁၉၄၅ ညပိုင်းတွင် တောင်ငူခရိုင် ဖြူးမြို့နယ် ကြို့ ပင်သာ ကျေးရွာအနီးသို့ မန်းဝင်းမောင် လေထီးဖြင့် ခုန်ဆင်းခဲ့ရသည်။ ထိုစဉ် မြေပြင်အရောက်တွင် အကျမတော်သဖြင့် ခြေထောက် ကျိုးသွားခဲ့၏။ မန်းဝင်းမောင်က ဒဏ်ရာရသည့်ကြားမှပင် ဖက်ဆစ်တော်လှန်ရေးအတွက် ကရင်ဗမာ ရဲခေါင် ပြောက်ကျားများကို အောင်မြင်စွာ စည်းရုံးနိုင်ခဲ့သည်။ နှစ်လခန့်ကြာအောင် ဂျပန်တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲခဲ့၏။ ယင်းနောက် ဆေးဝါးကုသရန် အိန္ဒိယနိုင်ငံ ကာလကတ္တားဆေးရုံသို့ လေယာဉ်ဖြင့် ပေးပို့ခြင်းခံရသည်။

မန်းဝင်းမောင်သည် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလတွင် သခင်သိန်းဖေ (မြင့်)နှင့်အတူ အိန္ဒိယမှ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာခဲ့၏။ ထို့နောက် ကရင်ဗမာ စည်းလုံးညီညွတ်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်တော့သည်။ ၁၉၄၅ ခုနှစ် အတွင်း၌ပင် မန်းဘခိုင် ဥက္ကဋ္ဌအဖြစ် ပါဝင်သော ကရင်လူငယ်များ



www.burmeseclassic.com

www.burmeseclassic.com



အစည်းအရုံး၌ ဒုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့၏။ ထို့ပြင် ကရင်လူငယ် အစည်းအရုံးက ထုတ်ဝေသည့် တိုင်းရင်းသားဂျာနယ်၌လည်း အယ်ဒီတာအဖြစ် တာဝန်ယူခဲ့သေးသည်။

မန်းဝင်းမောင်သည် စစ်ပြီးခေတ်တွင် ဖဆပလနှင့်အတူ လက်တွဲကာ လွတ်လပ်ရေးတိုက်ပွဲ ဝင်ခဲ့၏။ ၆ ဧပြီ ၁၉၄၇ တွင် ကရင်အမျိုးသားအဖွဲ့ချုပ် (KNU) ကို တည်ထောင်သောအခါ မန်းဝင်းမောင်သည် အမှုဆောင်အဖွဲ့ဝင် တစ်ဦးအဖြစ် ပါဝင်ခဲ့ပါသည်။ သို့သော် အောင်ဆန်း အက်တလီစာချုပ်ကို ကေအဲန်ယူက ကန့်ကွက်ချိန်တွင် မန်းဝင်းမောင်သည် မန်းဘခိုင်နှင့်အတူ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ၌ ပါဝင်ခဲ့ကြသည်။ ၁၁ ဧပြီ ၁၉၄၇ တွင် မန်းဝင်းမောင် ပုသိမ်မြောက်ပိုင်း မဲဆန္ဒနယ်မှ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

၁၉ ဇူလိုင် ၁၉၄၇ တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရပြီးနောက် သခင်နု ဦးဆောင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ယင်းအစိုးရအဖွဲ့၌ မန်းဝင်းမောင်သည် ဓာတ်သတ္တုဌာနဝန်ကြီးအဖြစ် ပါဝင်ခဲ့ရသည်။ တိုင်းပြည်ပြုလွှတ်တော် ညီလာခံ နှစ်ကြိမ် ကျင်းပပြီးစီးချိန်တွင် ဗြိတိသျှနန်းရင်းဝန် အက်တလီက မြန်မာပြည်ဆိုင်ရာ အတွင်းဝန် လော့ဒ်လစ်စတိုဝယ်လ် (Lord Listowel) အား မြန်မာနိုင်ငံသို့ စေလွှတ်ကာ အာဏာလွှဲပြောင်း မယူမီ ချုပ်ဆိုရမည့် စာချုပ်အတွက် ဆွေးနွေးညှိနှိုင်းစေခဲ့သည်။ သူ၏ အကြံပေးချက်ဖြင့် ၂၅ စက်တင်ဘာ ၁၉၄၇ တွင် ဘဏ္ဍာရေးဝန်ကြီး ဦးတင်ထွတ် ဦးဆောင်သော မြန်မာနိုင်ငံ ဘဏ္ဍာ

www.burmeseclassic.com

www.burmeseclassic.com



ရေးမစ်ရှင် အဖွဲ့ကို အင်္ဂလန်သို့ စေလွှတ်ခဲ့ရာ ယင်းအဖွဲ့တွင် မန်းဝင်းမောင် လိုက်ပါသွားခဲ့သည်။

၄ ဇန်နဝါရီ ၁၉၄၈ တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိစဉ် အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ၌ မန်းဝင်းမောင်သည် လမ်းပန်းဆက်သွယ်ရေး အဆောက်အဉီနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး အဖြစ် တာဝန်ယူခဲ့ရသည်။ အလုပ်သမား ဝန်ကြီးဘဝတွင် သတ္တုတွင်းဝန်ကြီး လင်းခေး ဦးထွန်းမြင့်နှင့်အတူ မော်ချီးမိုင်း အလုပ်သမားကိစ္စနှင့် ပတ်သက်၍ ရှမ်းပြည်နယ်သို့ ခရီးထွက်ခဲ့ကြသည်။ ထိုစဉ် သက်ဆိုင်ရာသို့ ကြိုတင် ကြေးနန်းပို့ထားသည့်တိုင် ဟဲဟိုးလေဆိပ်တွင် ကြိုဆိုမည့်သူမရှိ ဖြစ်ခဲ့ရသည်။ လင်းခေး ဦးထွန်းမြင့်အပေါ် ကျေနပ်မှုမရှိသဖြင့် ပြည်နယ်အစိုးရက လျစ်လျူရှုခဲ့ခြင်း ဖြစ်သည်။

သို့ဖြင့် ဟဲဟိုးလေဆိပ်တွင် အနီးအပါး ကားလိုက်ရှာရာ ဦးထွန်းမြင့်၏အသိ ဦးစိန်ဟန်ဆိုသူ၏ ကျောက်တင်လော်လီ ပက်လက်ကားကိုသာ တွေ့ရရာ မန်းဝင်းမောင်အား ရှေ့ခေါင်းခန်း ဒရိုင်ဘာ ဘေးမှထိုင်စေ၍ ဦးထွန်းမြင့်က ကားပက်လက်နောက်မှ ငုတ်တုတ်လိုက်ပါခဲ့ရသည်။ ၁၅ ဇူလိုင် ၁၉၄၈ တွင် မန်းဝင်းမောင် ဝန်ကြီးရာထူးမှ နုတ်ထွက်ခဲ့၏။ ၄ ဧပြီ ၁၉၄၉ တွင် ဝန်ကြီးအဖွဲ့အတွင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ကာ အသစ်ပြန်လည် ဖွဲ့စည်းခဲ့ရာတွင် မန်းဝင်းမောင်အား ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပါသည်။ ၁၉၄၉-၅၀ ပြည့်နှစ်များအတွင်း မန်းဝင်းမောင်သည် ရန်ကုန်တက္ကသိုလ် အဓိပတိအဖြစ်လည်း တာဝန်ယူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မန်းဝင်းမောင်သည် ၂၂ ဒီဇင်ဘာ ၁၉၅၁ တွင် ကျင်းပသည့် ရွေးကောက်ပွဲ၌လည်း မအူပင်တောင်ပိုင်း မဲဆန္ဒနယ်မှ တိုင်းပြည်ပြုလွှတ်တော် ကရင်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရ၏။ ရွေးကောက်ပွဲအပြီး ၁၆ မတ် ၁၉၅၂ တွင် ဝန်ကြီးအဖွဲ့သစ် ဖွဲ့စည်းရာ၌ မန်းဝင်းမောင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲတွင်လည်း မန်းဝင်းမောင် မအူပင် တောင်ပိုင်း မဲဆန္ဒနယ်မှ ကရင်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပြန်သည်။ ၁၂ ဇွန် ၁၉၅၆ တွင် ဝန်ကြီးအဖွဲ့ကို ဖွဲ့စည်းသောအခါ မန်းဝင်းမောင် ပြည်တွင်းရေကြောင်းနှင့် ပင်လယ်ဆိပ်ကမ်းဆိုင်ရာ ဝန်ကြီး အဖြစ် ခန့်အပ်ခံခဲ့ရသည်။

၁၃ မတ် ၁၉၅၇ တွင် မန်းဝင်းမောင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် ခံခဲ့ရသည်။ နိုင်ငံတော်သမ္မတသစ် ရွေးချယ်တင်မြှောက်ရေးအတွက် လူမျိုးစု လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ပါလီမန် ၂ ရပ် တွဲဖက်လျက် ညီလာခံ ကျင်းပခဲ့ရာ လူမျိုးစု လွှတ်တော်နာယက စဝ်ရွှေသိုက်က သဘာပတိ အဖြစ် ဆောင်ရွက်ခဲ့သည်။ ညီလာခံတွင် သမ္မတလောင်း အမည်စာရင်း တင်သွင်းလွှာ ၃ စောင် ရရှိခဲ့ရာ ၃ စောင်စလုံးက ဦးဝင်းမောင် အမည်ကို တင်သွင်းထားကြ၏။ သို့ဖြင့် သမ္မတတင်မြှောက်ရန် ယှဉ်ပြိုင်သူ မရှိတော့ဘဲ ဦးဝင်းမောင်ကို သမ္မတအဖြစ် တင်မြှောက်ကြောင်း သဘာပတိ စဝ်ရွှေသိုက်က ကြေညာပေးခဲ့ရာ လက်ခုပ်သြဘာသံများ ညံသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးချုပ် ဦးနုက ညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌–

"မန်းဝင်းမောင်နှင့် ကျွန်တော်တို့ဟာ လွတ်လပ်ရေး တိုက်ပွဲဝင်ကတည်းက လက်တွဲ ဆောင်ရွက်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက် မကြာခင်ပဲ ဖြူနီကြောင်ကျား သူပုန်ထပြီး ကေအင်ဒီအို သောင်းကျန်းမှု ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ မန်းဝင်းမောင်က လက်နက်နဲ့ အာဏာသိမ်းတာကို မလိုလားဘဲ ဒီမိုကရေစီနဲ့ အာဏာသိမ်းတာကိုသာ ထောက်ခံခဲ့ပါတယ်။ ဒါကြောင့် တော်ရုံတန်ရုံ ရဲရင့်တဲ့ သူ့လိုပုဂ္ဂိုလ်မျိုး ရှားပါတယ်။ မန်းဝင်းမောင်ကို ကေအင်ဒီအိုကလည်း သစ္စာဖောက်လို့ ကြေညာခဲ့ပါတယ်။ တကယ်လို့များ ကေအင်ဒီအို လက်ထဲ တိုင်းပြည်ကျရောက်သွားရင် ရှေးဦးစွာ သစ္စာဖောက်အဖြစ်နဲ့ သတ်ပစ်ရင် မန်းဝင်းမောင် ပထမဆုံး ခံရမှာပဲ"

ဟူ၍ ပါရှိခဲ့သည်။

၁၃ မတ် ၁၉၅၇ တွင် မန်းဝင်းမောင်သည် ဒုတိယမြောက် ရွေးချယ်ခံ သမ္မတကြီး ဖြစ်လာခဲ့သည်။ ထိုစဉ်ကာလမှစ၍ မန်းဝင်းမောင်၏ အမည်ကို နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင် ဟူ၍သာ ဖော်ပြရေးသားကြပါသည်။ သမ္မတ ဦးဝင်းမောင် တိုင်းပြည်အုပ်ချုပ်ရေး တာဝန်ယူရချိန်တွင် နိုင်ငံရေး တည်ငြိမ်မှု မရှိပေ။ ပါတီတွင်း ညီညွတ်ရေးကွဲပြားမှု၊ အာဏာရရှိရေးအတွက် ကြိုးပမ်း ဆောင်ရွက်မှုများ ဖြစ်ပေါ်နေချိန် ဖြစ်သည်။ ၅ ဇွန် ၁၉၅၈ တွင် ဖဆပလ ၂ ခြမ်းကွဲသွားကာ နုတင့်အုပ်စုနှင့် ဆွေငြိမ်းအုပ်စု ဟူ၍ ဖြစ်လာခဲ့သည်။ နိုင်ငံတော် သမ္မတအနေဖြင့် မည်သို့မျှ ဝင်ရောက်ဖျန်ဖြေနိုင်ခဲ့ခြင်း မရှိပေ။ ပြောင်မဲပေးစနစ်ဖြင့် ဦးနုအုပ်စုက အစိုးရဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



၃၀ ဇွန် ၁၉၅၈ တွင် သမ္မတ ဦးဝင်းမောင်က သတင်းစာဆရာများအား အိမ်တော်သို့ ဖိတ်ခေါ်ကာ လှည့်လည်ပြသ ညှိခံခဲ့သည်။ နိုင်ငံတော် သမ္မတကြီးက သူ့အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာနေကြောင်း၊ ယင်းဥပဒေအရ သမ္မတသည် ရုပ်ပြမျှသာဖြစ်ကြောင်း၊ မည်သည့် အာဏာမျှ မရှိကြောင်း၊ သမ္မတဖြစ်ပြီးမှ ပညာသုံးရပ်သာ တတ်မြောက်ကြောင်း၊ ၎င်းတို့မှာ တောင်ရှည်ပုဆိုးကို ၂ မိနစ်နှင့် ဝတ်တတ်ခြင်း၊ မြင်းစီးတတ်ခြင်း၊ ဂေါက်ရိုက်တတ်ခြင်းတို့ပင် ဖြစ်ကြောင်း ရင်ဖွင့်ခဲ့သည် ဆိုပါသည်။

၃၀ ဇူလိုင် ၁၉၅၈ တွင် သမ္မတ ဦးဝင်းမောင်က သင်ပုန်းခြေ လွှတ်ငြိမ်းချမ်းသာခွင့်ကို ထုတ်ပြန်ခဲ့သည်။ ထိုအတောအတွင်း အခြေအနေများ ရှုပ်ထွေးလာခဲ့ပြန်ရာ ၂၈ အောက်တိုဘာ ၁၉၅၈ တွင် ဝန်ကြီးချုပ်ဦးနုက ဗိုလ်ချုပ်ကြီး နေဝင်းအား ဝန်ကြီးချုပ်ရာထူး လွှဲပြောင်းပေးအပ်ကာ အိမ်စောင့်အစိုးရကို ဖွဲ့စည်းခဲ့သည်။ ၄ ဧပြီ ၁၉၆၀ တွင် ရွေးကောက်ပွဲ ပြီးစီး၍ ဦးနု ဝန်ကြီးချုပ် အဖြစ် ပြန်လည်ရယူခဲ့သည်။ သို့သော် ဦးနု၏ ပြည်ထောင်စု အစိုးရအာဏာ ရရှိစဥ်ပင် ဖယ်ဒရယ်မူကိစ္စက ပေါ်ပေါက်လာခဲ့သည်။

၅ ဇူလိုင် ၁၉၆၁ တွင် ရှမ်းကိုယ်စားလှယ်များက သမ္မတ ဦးဝင်းမောင်နှင့် လာရောက် တွေ့ဆုံကာ ဖယ်ဒရယ်မူကိစ္စ ဆွေးနွေးခဲ့ကြသည်။ ယင်းသို့ တွေ့ဆုံရာတွင် သမ္မတကြီး ဦးဝင်းမောင်က စိတ်ရှည်ရှည်ထားကာ မိသားစု အသွင်မျိုးဖြင့် ဖြေရှင်းကြစေလိုကြောင်း ပြန်လည် ပြောကြားခဲ့၏။ ရှမ်းကိုယ်စားလှယ်များထဲတွင် လင်းခေး ဦးထွန်းမြင့်၊ မိုးနဲစော်ဘွား စောပြည့်၊ လဲချားစော်ဘွား စဝ်နွံ၊



www.burmeseclassic.com

www.burmeseclassic.com



သာမိုင်းခန်းဆော်ဘွား စဝ်ထွန်းအေး စသည့် ရှမ်းပြည်စော်ဘွား အများစု ပါဝင်ကြ၏။

၁၅ စက်တင်ဘာ ၁၉၆၁ တွင် ဝန်ကြီး ဦးဘစောက ပြည်သူ့လွှတ်တော် ညီလာခံ၌ နိုင်ငံတော်ဘာသာ သာသနာ ချီးမြှောက်ထောက်ပံ့ရေး ဥပဒေကြမ်းကို တင်သွင်းသည်။ ယင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုခဲ့သည်။ ယင်းနောက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (တတိယ ပြင်ဆင်ချက်) အက်ဥပဒေကြမ်းကို လွှတ်တော်၌ တင်သွင်းသည်။ ထိုအချိန်မှစ၍ သမ္မတကြီး ဦးဝင်းမောင် သီလဆောက်တည်ခြင်း၊ သက်သတ်လွတ်စားခြင်း၊ သံဃာများအား ဆွမ်းကပ်လှူခြင်းများ ပြုခဲ့သည်။ ၂၅ ဩဂုတ် ၁၉၆၁ တွင် ဝန်ကြီးချုပ် ဦးနုက နိုင်ငံတော်ဘာသာ အောင်မြင်သည့် အထိမ်းအမှတ် အဖြစ် တိရစ္ဆာန်ကောင်ရေ ၅၄၀ ကို ဘေးမဲ့လွှတ်ခဲ့ပြီး အကျဉ်းသား ၉၈ ဦးကို သေဒဏ်မှ တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲချမှတ်ခဲ့သည်။

၄ ဇန်နဝါရီ ၁၉၆၂ တွင် ၁၄ ကြိမ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ကျင်းပရာ၌ သမ္မတကြီး ဦးဝင်းမောင်က "လွန်ခဲ့သောနှစ်အတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍ အသီးသီးတွင် အထူးခြားဆုံးသော ဆောင်ရွက်ချက်မှာ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူများစု ဗုဒ္ဓဘာသာဝင်တို့ လိုလားတောင့်တကြသည့် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းနိုင်ခြင်းပင် ဖြစ်သည်" ဟု မိန့်ကြားခဲ့သည်။

၂ မတ် ၁၉၆၂ တွင် တပ်မတော်က အာဏာသိမ်းလိုက်၏။ ယင်းနေ့ နံနက် ၃ နာရီအချိန်တွင် အင်းလျားလမ်းနေ အိမ်သစ်၌တွင်



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်သည့် သမ္မတ ဦးဝင်းမောင်အား လာရောက် ဖမ်းဆီးခဲ့သည်။ ဝန်ကြီးချုပ် ဦးနု အပါအဝင် ဝန်ကြီးများ၊ ရှမ်းစော်ဘွားများ၊ အမတ်များ အများအပြားကို ထိန်းသိမ်းလိုက်ပါသည်။ သမ္မတ ဦးဝင်းမောင်သည် ၅ နှစ်အကြာ ၁၉၆၇ ခုနှစ်တွင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ၁၉၆၈ ခုနှစ် နိုဝင်ဘာလတွင် တော်လှန် ရေးကောင်စီက ပြည်တွင်း အကြံပေး ၃၃ ဦး အဖွဲ့ ဖွဲ့စည်းစဉ် သမ္မတဟောင်း ဦးဝင်းမောင်လည်း ပါဝင်ခဲ့သည်။

၁၉၈၈–၈၉ ခုနှစ်များတွင် သမ္မတဟောင်း ဦးဝင်းမောင်သည် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၄ ဇူလိုင် ၁၉၈၉ တွင် အသက် ၇၄ နှစ်အရွယ်ရှိ သမ္မတဟောင်း ဦးဝင်းမောင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မြမေနှင့် သားသမီးများ ကျန်ရစ်ခဲ့၏။ သမ္မတဟောင်း ဦးဝင်းမောင်သည် ၁၉၅၇ ခုနှစ်တွင် အဂ္ဂမဟာသရေ စည်သူဘွဲ့၊ အဂ္ဂမဟာ သီရိသုဓမ္မဘွဲ့၊ လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယအဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမအဆင့်) ဘွဲ့တံဆိပ်များကို ရရှိခဲ့သည်။ ၂ မတ် ၁၉၅၉ တွင် ယိုးဒယားဘုရင်၏ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်၊ ၁၉၆၀ ပြည့်နှစ်တွင် တော်လှန်ရေး ကြယ်တံဆိပ် (ဒုတိယအဆင့်) တို့ကိုလည်း ရရှိခဲ့၏။

သမ္မတဟောင်း ဦးဝင်းမောင် ကွယ်လွန်စဉ် ပုံနှိပ်ခြင်း မပြု ရသေးသော 'ဒွေးဝင်းမောင်ပြောသော လေထီးသမ္မတ' အမည်ရှိ ကိုယ်ရေးမှတ်တမ်း လက်ရေးမူ ကျန်ရစ်ခဲ့ကြောင်း သိရှိရ၏။ ဦးဝင်းမောင်နှင့် ပတ်သက်၍ ဖက်ဆစ်တော်လှန်ရေး ကာလက

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယသို့ အတူသွားရောက်ခဲ့သည့် မြန်မာပြည် ကွန်မြူနစ် ပါတီဝင် ဗိုလ်မှူးချစ်ကောင်း (ဦးစိုးမောင်) အား သေဒဏ် ချမှတ်ထားခြင်း အပေါ် စီရင်ချက်ကို ပယ်ဖျက်၍ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်းအား ဆိုစမှတ်ပြုကြသည်။ ဗိုလ်မှူး ချစ်ကောင်းကလည်း သူ၏ 'အနှစ်နှစ်ဆယ်' စာအုပ်တွင် "သမ္မတကြီးသည် ကျွန်တော့်အား လုံးဝ လွတ်ငြိမ်းခွင့်ပေးပြီး လွတ်လိုက်၏။ သူသည် ရဲဘော်စိတ်ကို အထင်အရှား ပြသလိုက်ခြင်း ဖြစ်၏" ဟူ၍ ရေးသားဖော်ပြခဲ့သည်။

သမ္မတ ဦးဝင်းမောင်သည် ဇနီး ဒေါ်မြမေနှင့် သားသမီး ၆ ဦး ထွန်းကားခဲ့ရာတွင် ကွယ်လွန်ချိန်၌ ဇနီးနှင့် သားသမီးများ ကျန်ရစ်ပါသည်။ နာရေးကြော်ငြာတွင်–

**အဂ္ဂမဟာ သရေစည်သူ**

**အဂ္ဂမဟာ သီရိသုဓမ္မ**

**ဦးဝင်းမောင်**

**(မန်းဝင်းမောင်)**

**အသက် (၇၄) နှစ်**

**နိုင်ငံတော်သမ္မတဟောင်း**

**လွတ်လပ်ရေး**

**မော်ကွန်းဝင် ဒုတိယအဆင့်**

**နိုင်ငံ့ဂုဏ်ရည် ပထမဆင့်**

ရန်ကုန်မြို့၊ အမှတ် ၅၊ ဥယျာဉ်လမ်း (အင်းလျားလမ်း) နေ ကွယ်လွန်သူ (ဦးရွှေရင် + ဒေါ်သာယာ) တို့၏ သား၊ ဒေါ်မြမေ၏ ခင်ပွန်း၊ ဒေါ်သိန်းကြယ်၏ မောင်၊ ဒေါ်မေမေရင်၊ ဦးမြင့်ရွှေ

www.burmeseclassic.com

www.burmeseclassic.com



(ကွယ်လွန်) တို့၏ အစ်ကို၊ ဦးအောင်ဝင်း + (ဒေါ်နော်ချယ်ရီ)၊ ဦးအယ်လဘတ်ဝင်းမောင် (ဒေါက်တာတင်တင်ဝင်း)၊ ဒေါ်ခင်မိုးဝင်း၊ ဦးရွှေလင်း (ကွယ်လွန်) (ဒေါ်နော်သန်းရီ)၊ ဒေါ်ခင်အေးဝင်း + (ဗိုလ်မှူး မြင့်ချစ်)၊ ဦးငွေးဝင်းမောင် + (ဒေါ်ရီရီကြိုင်) တို့၏ ဖခင်၊ မြေး ၂၀ ယောက်၊ မြစ် ၂ ယောက် တို့၏ အဘိုးသည် ၄-၇-၈၉ အင်္ဂါနေ့ နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း၊ သင်္ဂြိုဟ်မည့် နေ့ရက်အချိန်ကို ထပ်မံ ကြေညာပါမည်။

**ကျန်ရစ်သူ မိသားစု**

ဟူ၍ ဖြစ်ပါသည်။

❒



www.burmeseclassic.com

www.burmeseclassic.com



## ၄။ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၊ သမ္မတ ဦးနေဝင်း

(၂ မတ် ၁၉၆၂ – ၉ နိုဝင်ဘာ ၁၉၈၁)


ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံတော်အကြီးအကဲ အဆက်ဆက်တွင် ဦးနေဝင်းမှာ သက်တမ်းအရှည်ကြာဆုံး နိုင်ငံတော်အကြီးအကဲ ဖြစ်ပါသည်။ ဦးနေဝင်းသည် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းအဖြစ် (၂ မတ် ၁၉၆၂) (၄ မတ် ၁၉၇၄) အထိ တာဝန်ယူခဲ့ပြီး နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းအဖြစ် (၄ မတ် ၁၉၇၄) မှ (၉ နိုဝင်ဘာ ၁၉၈၁) အထိ တာဝန်ယူခဲ့ပါသည်။ ဦးနေဝင်းသည် ဘိုးတော်ဘုရား (ဗဒုံမင်း) ၏ သားတော် အိမ်ရှေ့ ရွှေတောင်မင်းသားကြီး ဦးပေါ်နှင့် ကိုယ်လုပ်တော် တစ်ဦးတို့ စုံဖက်ရာမှ ပေါက်ဖွား ဆင်းသက်လာသော အဆက်အနွယ် ဖြစ်ကြောင်း မှတ်သားရဖူးပါသည်။

ဦးနေဝင်းကို အဘ ဦးဖိုးခ၊ အမိ ဒေါ်မိလေးတို့မှ ပြည်ခရိုင်၊ ပေါင်းတလည်မြို့တွင် ဖွားမြင်ခဲ့သည်။ အမည်ရင်းက မောင်ရှုမောင်

www.burmeseclassic.com

www.burmeseclassic.com






ဦးနေဝင်း၏ ဇာတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဖခင် ဦးဖိုးခသည် ပေါင်းတလည်သား ဖြစ်ပြီး ယခင်က မြေတိုင်းဌာနတွင် အမှုထမ်းခဲ့ဖူးပါသည်။ နောက်ပိုင်း အမှုထမ်းအလုပ်မှ ထွက်ကာ ကုန်သည်ပွဲစား လုပ်သည်။ မိခင် ဒေါ်မိလေးက ပေါက်ခေါင်းသူ ဖြစ်၏။ မိဘနှစ်ပါးစလုံးမှာ ဂုဏ်ပကာသန မက်မောကြသူများ မဟုတ်ဘဲ ရိုးရိုးအေးအေး နေထိုင်တတ်ကြသူများ ဖြစ်သည်။ ဦးဘိုးဆစ်၊ ဒေါ်နန်းရှေးတို့မှာ ဦးနေဝင်း၏ ဘိုးဘွားတော်စပ်သူများ ဖြစ်ကြသည်။

ဦးနေဝင်းကို ၆ ဇူလိုင် ၁၉၁၀ ညနေ ၆ နာရီ ချိန်တွင် ဖွားမြင်ပါသည်။ ဦးနေဝင်း၏ မွေးသက္ကရာဇ်နှင့် ပတ်သက်၍ အဓိကအားဖြင့် မှတ်ကွဲ ၃ မျိုး တွေ့ရှိရပါသည်။ **Who's Who in Burma (Myanmar)** စာအုပ်တွင် ၂၄ မေ ၁၉၁၁၊ ဒေါက်တာမောင်မောင်၏ 'မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း' စာအုပ်တွင် ၁၄ မေ ၁၉၁၁၊ ကျော်ငြိမ်း၏ 'ရဲဘော်သုံးကျိပ်' စာအုပ်တွင် ၆ ဇူလိုင် ၁၉၁၀ ဟူ၍ ဖြစ်ပါသည်။ ဤမှတ်ကွဲများအနက် ၆ ဇူလိုင် ၁၉၁၀ ကိုသာ အမှန်ဟု မှတ်ယူပါသည်။

သမ္မတကြီး ဦးနေဝင်း၏ ဇာတာတွင် ကြာသပတေးဂြိုဟ်မှာ ကံရာသီတွင်သာ ရပ်တည်လျက် ရှိပါသည်။ အကယ်၍ ၁၉၁၁ ခု မေလအတွင်း ဖွားမြင်သူဖြစ်လျှင် ကြာသပတေးဂြိုဟ်မှာ တူရာသီ ၁၅ အံသာဝန်းကျင်တွင် ရှိနေမည် ဖြစ်သည်။ သို့ဖြစ်၍ ၁၉၁၀ ပြည့်နှစ်တွင်သာ ဖွားမြင်သူ ဖြစ်ရပါမည်။ တနင်္ဂနွေဂြိုဟ်သည် မေထုံရာသီတွင် ရပ်တည်သဖြင့် အင်္ဂလိပ်ပြက္ခဒိန်အရ ဇွန်လ ၁၃ နှင့် ဇူလိုင်လ ၁၃ ရက်နေ့အတွင်း ဖွားမြင်ပါသည်။ ထို့ပြင် တနင်္ဂနွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် တနင်္လာဂြိုဟ်တို့မှာ တစ်ရာသီတည်းတွင် ပူးယှဉ်လျက်ရှိနေရာ လကွယ်နေ့ဝန်းကျင် ဖြစ်ပေလိမ့်မည်။ နှစ်တစ်ရာ ပြက္ခဒိန်တွင် ဤအချက်အလက်များနှင့် ကိုက်ညီမှုရှိသော ရက်မှာ ၁၂၇၂ ခုနှစ် ပထမ ဝါဆိုလကွယ် (၆ ဇူလိုင် ၁၉၁၀) ဖြစ်ကြောင်း အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်ပါသည်။ ထိုနေ့သည် ဗုဒ္ဓဟူးနေ့ဖြစ်ရာ ရှုမောင်ဟူသော နေ့သင့်နံသင့် အမည်နှင့်လည်း ကိုက်ညီနေပါသည်။

သမ္ဘတကြီး ဦးနေဝင်း၏ ဇာတာကို သူ ဗိုလ်ချုပ်ကြီးဘဝက အရေးတကြီး ကိစ္စတစ်ခု ပေါ်ပေါက်စဉ် ဗိုလ်ချုပ်ကြီးကတော် ကိုယ်တိုင် ထိုခေတ်အခါက ထိပ်တန်း ဗေဒင်ဆရာကြီးထံ လာရောက် ဗေဒင်မေးမြန်းစဉ်က တွက်ချက်ဟောပြောခဲ့သည့် ဇာတာဟု အမှတ်အသား ရှိပါသည်။ သမ္ဘတကြီး ဦးနေဝင်းအား နံပါတ်ဝမ်းကြီးဟု သင်္ကေတပြုကြသကဲ့သို့ သူ၏ ဇာတာကိုလည်း ဇာတာ ၁ ဟူ၍သာ သင်္ကေတပြု မှတ်သားထားတတ်ကြပါသည်။ သိသာ ထင်ရှားသော အထောက်အထား တစ်ရပ်မှာ သမ္ဘတကြီး ဦးနေဝင်း၏ နာရေး ကြော်ငြာ ဖြစ်ပါသည်။ ဦးနေဝင်း ကွယ်လွန်စဉ် မိသားစုဝင်များက နာရေးကြော်ငြာ ထည့်သွင်းရာ၌ အသက် ၉၃ နှစ်ဟု ဖော်ပြထားပါသည်။

မြန်မာ့ထုံးတမ်းစဉ်လာအရ မွေးဖွားသည့် ရက်စွဲမှ နောက် တစ်ကြိမ် မွေးဖွားသည့် ရက်စွဲသို့ ရောက်ရှိချိန်ကို တစ်နှစ်ဟု သတ်မှတ်ပါသည်။ မွေးနေ့ကျော်သွားလျှင် အသက် တစ်နှစ်ကြီးသွားပြီ ဖြစ်သည်ဟု ဆိုနိုင်၏။ သမ္ဘတကြီး ဦးနေဝင်းသည် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလထဲတွင် ကွယ်လွန်ခဲ့ရာ၌ ၁၉၁၀ ဇူလိုင်လ အရွှင်း



www.burmeseclassic.com

www.burmeseclassic.com



ဖွားမြင်သူ ဖြစ်ရာ ၂၀၀၂ ဇူလိုင်လတွင် အသက် ၉၂ နှစ်ပြည့်ပြီး ဇူလိုင်လ ကျော်လွန်ချိန်မှစ၍ ၉၃ နှစ်ဟု ရေတွက်ဖော်ပြထားခြင်းဖြစ်သည်။ သို့ဖြစ်၍ ဓာတာနှင့်လည်း ကိုက်ညီသော ၆ ဇူလိုင် ၁၉၁၀ မှာ မွေးနေ့ ရက်စွဲအမှန် ဖြစ်ပါသည်။

မောင်ရှုမောင်သည် သူငယ်တန်းမှစ၍ ပေါင်းတလည်မြို့ မြန်မာစာသင်ကျောင်းတွင် တက်ရောက် ပညာဆည်းပူးခဲ့သည်။ ၁၉၂၀ ပြည့်နှစ် အသက် ၁၀ နှစ်အရွယ်တွင် ပြည်မြို့အမျိုးသားအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူသည်။ ပေါင်းတလည်သည် ပြည်မြို့အရှေ့ဘက် ၁၂ မိုင်ခန့်အကွာ၌ တည်ရှိပါသည်။ ၁၉၂၂ ခုနှစ်တွင် ပြည်မြို့ အစိုးရ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပြန်ကာ ၁၉၂၉ ခုနှစ်တွင် ဆယ်တန်း အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ် တက်သည်။

ကိုရှုမောင်သည် ရန်ကုန်တက္ကသိုလ်တွင် ဥပစာသိပ္ပံ (ခ) တန်းအထိ တက်ပြီး ၁၉၃၁ ခုနှစ်တွင် ကျောင်းထွက်လိုက်၏။ ထို့နောက် မီးရထား စာတိုက် ဌာနတွင် ၆ လခန့် အလုပ်ဝင်လုပ်သည်။ တစ်ဖန် စာတိုက်နှင့် ကြေးနန်းဌာနသို့ ပြောင်းရွှေ့ရသည်။ ထို၌ စာတိုက်စာရေးကလေး အလုပ်လုပ်ရသည်။ ကိုရှုမောင် အလုပ်လုပ်ခဲ့သည့် စာတိုက်မှာ ဗဟန်းစာတိုက် ဖြစ်ပြီး ယခု ရွှေဂုံတိုင် တာဝါဆောက်လုပ်ထားသည့် နေရာတွင် ရှိခဲ့ကြောင်း သိမိသူများက ဆိုပါသည်။

ကိုရှုမောင် စာတိုက်နှင့် ကြေးနန်းဌာနတွင် နှစ်နှစ်ခန့် အလုပ်လုပ်ကိုင်ခဲ့သည်။ ထိုအချိန်အတွင်း တောင်သူလယ်သမား အရေးတော်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်ပြီး မြန်မာနိုင်ငံတွင် လူငယ်များ နိုင်ငံရေးစိတ်ဓာတ် နိုးကြားတက်ကြွလာခဲ့သည်။ တို့ဗမာအစည်းအရုံး၊ တို့ဗမာသီချင်း၊ နဂါးနီ စာအုပ်စာပေများက မြန်မာ တစ်မျိုးသားလုံးကို နယ်ချဲ့ အင်္ဂလိပ်တို့အား စည်းလုံးညီညွတ်စွာ တော်လှန်ကြဖို့ ဆော်ဩနေသကဲ့သို့ ရှိသည်။ ကိုရှုမောင်သည် စာတိုက်တွင် အလုပ်လုပ်ရင်း တို့ဗမာ အစည်းအရုံးဝင် သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်ညီ၊ သခင်အောင်သန်း (နောင်ဗိုလ်စကြာ) တို့နှင့် တွေ့ဆုံရင်းနှီးလာခဲ့သည်။ တစ်ခါတစ်ရံ အလုပ်တစ်ဖက်နှင့် တို့ဗမာအစည်းအရုံး အလုပ်များကို ပင် ကူညီလုပ်ဆောင်ပေးတတ်သေး၏။ ကိုရှုမောင်က အင်္ဂလိပ်တို့၏ ကြေးနန်းနှင့် ထိပ်တန်းလျှို့ဝှက်အမိန့်များကို တို့ဗမာသခင်များထံ ပို့ပေးသည်။ နယ်အရပ်ရပ်ရှိ သခင်များကို ဖမ်းဆီးရန် ရန်ကုန်မှ ကြေးနန်းအမိန့် ပေးပို့လျှင်လည်း ကိုရှုမောင်က ကြိုတင် ဖတ်ရှုကာ သခင်များ ရှောင်တိမ်းနိုင်ရန် အကြောင်းကြား ဆက်သွယ်ပေးသည်။

၁၉၃၄-၃၅ ခုနှစ်ခန့်တွင် ကိုရှုမောင် စာတိုက်နှင့် ကြေးနန်းဌာနမှ အလုပ်ထွက်ကာ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့သည်။ ထိုစဉ် သခင်ရှုမောင် ဖြစ်လာပါသည်။ သခင်ရှုမောင်သည် တို့ဗမာအစည်းအရုံးမှ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်၏။ အထူးသဖြင့် သခင်ရှုမောင်နှင့် သခင်ချစ်တင်တို့က ပြည်လမ်းမကြီးမှ စောင့်၍ ဗြိတိသျှအရာရှိကြီးများ၏ ကားနံပါတ်များ၊ ယာဉ်မောင်းနှင့် လူကြီးများအမည်တို့ကို မှတ်သားသည်။ ရန်ကုန်ပုလိပ် မင်းကြီး ပရက်စ်ကော့ (Prescott) ၏ ကားမောင်းသူ ကိုဘချစ်နှင့်သည်း



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေဖွဲ့ထားသည်။ မြေအောက် လှုပ်ရှားမှုအတွက်လည်း လျှို့ဝှက်နေရာများ ကြိုတင်ရှာဖွေထား၏။

မြင်းမွေးသည့် ကိုစံမောင်၏ဖခင် ဦးဖိုးဝဲအိမ်၊ ၂၉ လမ်း စတုတ္ထထပ်မှ အခန်းတစ်ခန်း၊ ဘင်္ဂါလီစုနေ ကိုသိန်းအောင်၏အိမ်၊ ကိုအေးမောင်၊ ကိုမြသန်း၏အခန်း စသည့် နေရာများက ပုလိပ်စုံထောက်တို့အား ခြေရာဖျောက်ရာ နေရာများ ဖြစ်လာသည်။ ၁၉၃၈ ခုနှစ်တွင် တို့ဗမာအစည်းအရုံးက နှစ်ခြမ်းကွဲ ထွက်သွားသည်။ ၂၂ မတ် ၁၉၃၈ တွင် တို့ဗမာအစည်းအရုံး တတိယ ညီလာခံကို ပြည်မြို့၌ ကျင်းပစဉ် ဥက္ကဋ္ဌနေရာအတွက် သခင်သိန်းမောင်နှင့် သခင်ညီတို့ အပြိုင်ဖြစ်ခဲ့ကြသည်။ မဲခွဲဆုံးဖြတ်ကြရာ၌လည်း မဲက တူနေသည်။ နောက်ဆုံး သဘာပတိ သခင်လေးမောင်၏ မဲဖြင့် သခင်သိန်းမောင် ဥက္ကဋ္ဌ ဖြစ်သွားသည်။

သခင်ဗစိန်တို့ အုပ်စုက သဘာပတိတစ်ဦး အနေဖြင့် ကြားနေမှုမရှိဘဲ နှစ်ကြိမ် မဲပေးကာ စည်းကမ်းဖောက်ဖျက်သည်ဟု စွပ်စွဲပြောဆိုကြသည်။ နောက်ဆုံး အာဃာတ ကြီးမားလာကာ သခင်ဗစိန်အား ဥက္ကဋ္ဌ သခင်သိန်းမောင်က တို့ဗမာ အစည်းအရုံးမှ ထုတ်ပယ်ပစ်ရန်အထိ စွပ်စွဲပြောဆိုလာသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက နှစ်ဦးစလုံးကို နှစ်ရှည်လများ အနားယူကြရန် ဆုံးဖြတ်သည်။ ကာယကံရှင် နှစ်ဦးစလုံးက ကျေနပ်လက်ခံမှု မရှိကြသဖြင့် ၁၉၃၈ ခုနှစ်တွင် တို့ဗမာအစည်းအရုံးက သခင်ကိုယ်တော်မှိုင်းဂိုဏ်းနှင့် သခင်ဗစိန်ဂိုဏ်း ဟူ၍ နှစ်ဖွဲ့ကွဲသွားသည်။ ဤတွင် သခင်ရှုမောင်က သခင်ဗစိန်ဂိုဏ်းဘက် ပါသွား၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၉ ခုနှစ် စက်တင်ဘာလတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာခဲ့သည်။ ထိုစဉ် 'အင်္ဂလိပ်အခက် ဗမာ့အချက်' ဟူ၍ ကြွေးကြော်ကာ ၁ အောက်တိုဘာ ၁၉၃၉ တွင် ဗမာ့ထွက်ရပ်ဂိုဏ်း (Freedom Bloe) ကို ဖွဲ့စည်းလိုက်သည်။ လွတ်လပ်ရေးကို အနနည်းဖြင့် မရလျှင် လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲကြရန် ဖြစ်သည်။ ဗမာ့ထွက်ရပ်ဂိုဏ်းတွင် တို့ဗမာအစည်းအရုံး၊ ဆင်းရဲသားဝံသာနုအဖွဲ့၊ ငါးပွင့်ဆိုင်အဖွဲ့၊ နေပြည်တော်အဖွဲ့၊ ကရင်အမျိုးသားအဖွဲ့များ မှ ကိုယ်စားလှယ်များ ပါဝင်ပြီး ဥက္ကဋ္ဌက ဒေါက်တာဘမော်၊ အထွေထွေ အတွင်းရေးမှူးက သခင်အောင်ဆန်း ဖြစ်သည်။ ၁၈ နိုဝင်ဘာ ၁၉၃၉ တွင် ပြည်သူ့အရေးတော်ပုံပါတီခေါ် မြေအောက်တော်လှန်ရေးအဖွဲ့ကို ထပ်မံ ဖွဲ့စည်းလိုက်၏။

နှစ်ခြမ်းကွဲ တို့ဗမာအစည်းအရုံးမှ သခင်လူငယ်များသည် နိုင်ငံခြား အကူအညီရယူ၍ ဗြိတိသျှတို့ကို တိုက်ထုတ်ရန် သူ့နည်းသူ့ဟန်ဖြင့် ကြိုးပမ်းကြသည်။ ဗမာ့ထွက်ရပ်ဂိုဏ်း၏ အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းက သခင်လှမြိုင်နှင့်အတူ ၈ ဩဂုတ် ၁၉၄၀ တွင် တရုတ်ပြည် အမွိုင်သို့ လျှို့ဝှက် ထွက်ခွာသွားကြသည်။ အမွိုင်တွင် ဂျပန်နှင့် အဆက်အသွယ် ရရှိပြီး သခင်အောင်ဆန်း မြန်မာပြည်သို့ လျှို့ဝှက် ပြန်လည်ရောက်ရှိလာသည်။ ထို့နောက် ဂျပန်ပြည်သို့ လူငယ်များ လေးသုတ်ခွဲပြီး စစ်ပညာသင်ယူရန် သွားရောက်ကြတော့သည်။

သခင်ရှုမောင်သည် ဂျပန်သို့ စစ်ပညာသင် လိုက်ပါရန် ဆုံးဖြတ်လိုက်ပြီးနောက် ၈ ဇူလိုင် ၁၉၄၁ တွင် ကိုရီရှိမာရူး (Kousyu-

www.burmeseclassic.com

www.burmeseclassic.com



maru) သင်္ဘောဖြင့် စတုတ္ထသုတ်အဖြစ် လိုက်ပါသွား၏။ ယင်းအသုတ်တွင် သခင်ဗစိန်အုပ်စုမှ သခင်ထွန်းအုပ်၊ သခင်ရှမောင်၊ သခင်ထွန်းခင်၊ သခင်ငွေ၊ သခင်သစ်၊ သခင် ကျော်စိန်တို့ ၆ ဦး၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း အုပ်စုမှ သခင်စံလှိုင်၊ သခင်သန်းညွန့်၊ သခင်မောင်မောင်၊ သခင်ထွန်းလွင်၊ ကိုလှ (ကျောင်းသား) တို့ ၅ ဦး၊ စုစုပေါင်း ၁၁ ဦး လိုက်ပါသွားကြသည်။ ဆိပ်ကမ်းမှ မထွက်ခွာမီ သခင်ရှမောင်တို့ သင်္ဘောစက်ခန်း အနီးရှိ အခန်းငယ်အတွင်း ပုန်းအောင်းနေခဲ့ကြရသေး၏။ မြန်မာ့ရေပြင်ကို ကျော်လာသောအခါမှသာ သင်္ဘောကုန်းပတ်ပေါ်သို့ တက်ရောက်ခွင့် ရရှိကြသည်။

သင်္ဘောထက်တွင် ဂျပန်အစားအစာ သကြားများများ ထည့်၍ ကြော်ချက်ထားသော ဟင်းလျာများ ကျွေးမွေးသည်။ သို့သော် မစားနိုင်ကြ။ စင်ကာပူအဝင်တွင် အခန်းကျဉ်းကလေးထဲသို့ ပြန်ဝင်နေကြရသေး၏။ ၂၂ ဇူလိုင် ၁၉၄၁ တွင် ရှန်ဟိုင်း (Shang Hai) မြို့အနီး ဂျပန်ရေတပ်စခန်းသို့ သင်္ဘောဆိုက်ကပ်ရာ ရေတပ်ဗိုလ်မှူးဟီဒကားက ကောင်းစွာ ကြိုဆိုဧည့်ခံခဲ့သည်။ ထို့နောက် ၂၄ ဇူလိုင် ၁၉၄၁ တွင် ရှန်ဟိုင်းမှ ဂျပန်နိုင်ငံ ကျူးရှူးကျွန်း၊ နာဂစကီးမြို့အနီး ရေတပ်စခန်းသို့ လေယာဉ်ဖြင့် သွားရောက်ကြရသည်။ ယိုကူဆိုကာ ရေတပ် စခန်းသို့ သင်္ဘောသားများ အသွင်ဆောင်၍ ပို့ပေးခဲ့ခြင်း ဖြစ်သည်။ ထိုမှတစ်ဆင့် ဟာကိုနဲ (Hakone) တောင်ပေါ်စခန်းမြို့ရှိ မစ္စတာအီဝါဆာကီ (Mr. Iwasa ki) ၏ နေအိမ်သို့ အပန်းဖြေ ပို့ပေးပါသည်။

သခင်ရှမောင်တို့ အသုတ်မှာ နောင်ရဲဘော်သုံးကျိပ် ဖြစ်လာမည့် မြန်မာလူငယ်များ၏ စတုတ္ထ နောက်ဆုံးအသုတ် ဖြစ်သည်။ ဟာကိုနဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ခေတ္တ အပန်းဖြေကြပြီးနောက် ဂျပန်တို့ သိမ်းပိုက်ထားသည့် ဟိုင်နန်ကျွန်းသို့ စစ်ပညာသင်ယူရန် ဆက်လက် သွားရောက်ကြရသည်။ ဟိုင်နန် စစ်သင်တန်းကျောင်းကို စန်ယ သင်တန်းကျောင်းဟု ခေါ်ဆိုပြီး ၁၉၄၁ ခု၊ ဧပြီလတွင် စတင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ ရန်သူ အင်္ဂလိပ်တို့ရန်မှ ရှောင်ရှားသည့် အနေဖြင့် ကျောင်းအမည်ကိုပင် အရှေ့တောင်အာရှ ဖွံ့ဖြိုးရေးအတွက် ဖွင့်လှစ်သော စန်ယတောင်သူ လယ်သမား သင်တန်းကျောင်းဟု အမည်ပေးထား၏။ ကျောင်းသားအားလုံး ဂျပန်အမည် ပြောင်းလဲကြရာတွင် သခင်ရှုမောင်၏ အမည်က တကာစုဂီးစုစုမု ဟူ၍ ဖြစ်သည်။

သင်တန်းကို တပ်ဖွဲ့သုံးဖွဲ့ခွဲ၍ သင်ယူကြရသည်။ သခင်ရှုမောင်က ဒိုဆန်ပန်ခေါ် တတိယအဖွဲ့၌ ပါဝင်၏။ ဂျပန်ဆရာတို့က သခင်ရှုမောင်ကို 'တကာစုဂီး' ဟု ခေါ်ကြသည်။ ဂျပန်ရာဇဝင်တွင် ထင်ရှားသော တော်လှန်ရေး ခေါင်းဆောင်တစ်ဦး၏ အမည်ဖြစ်ကြောင်း ကာနယ်ဆူဇူကီးက ဆိုသည်။ သခင်အောင်ဆန်းကလည်း "ရဲဘော်ရှုမောင်ဟာ ကျွန်တော့်ရဲ့ ညာလက်ရုံး ဖြစ်လာလိမ့်မယ်" ဟု ဆိုကြောင်း ဆူဇူကီးက မှတ်တမ်းတင်ထား၏။ ဟိုင်နန်ကျွန်းတွင် သခင်ရှုမောင်တို့အဖွဲ့ ပင်ပန်းဆင်းရဲစွာ စစ်ရေးလေ့ကျင့်ကြရသည်။

၅ အောက်တိုဘာ ၁၉၄၁ တွင် စစ်သင်တန်း ပြီးဆုံး၍ စန်ယကျောင်းကို ပိတ်လိုက်ကာ မြန်မာလူငယ်များကို ယူလင်ဆိပ်ကမ်းမှ တစ်ဆင့် ထိုင်ဝမ်သို့ ပြောင်းရွှေ့စေခဲ့သည်။ အောက်တိုဘာလ ၈ ရက်နေ့တွင် ထိုင်ဝမ် အရှေ့ဘက်ကမ်း ဟွာလျန်သို့ ရောက်ရှိကြ၏။ ထိုမှတစ်ဆင့် ယူလီသို့ မီးရထားဖြင့် ထွက်ခွာကြရသည်။ ယူလီတွင်



www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဆူဇူကီး လာရောက်တွေ့ဆုံကာ ၁၅ အောက်တိုဘာ ၁၉၄၁ တွင် တပ်ထွက်အမိန့် ထုတ်ပြန်လိုက်ပါသည်။ ထို့နောက် ဘန်ကောက်သို့ အဆင့်ဆင့် ပြောင်းရွှေ့ကြရသည်။ ၂၈ ဒီဇင်ဘာ ၁၉၄၁ တွင် သခင်ရှမောင်တို့ ဘန်ကောက်သို့ ရောက်ရှိကြသည်။ ထိုနေ့၌ပင် ဘီအိုင်အေကို ကျယ်ပြန့်စွာ ဖွဲ့စည်းခဲ့သည်။ သခင်ရှမောင်က ဗိုလ်နေဝင်းဟု ဗိုလ်ဘွဲ့ခံယူ၏။

မြန်မာပြည်တွင်းသို့ ပြန်လည် ဝင်ရောက်ကြရန် တာဝန်များပေးအပ်ရာတွင် ဗိုလ်နေဝင်းက အတွင်းသူပုန် တပ်ဖွဲ့တပ်မှူးအဖြစ် တာဝန်ယူရပြီး တွဲဖက်အရာရှိများ အဖြစ် ဗိုလ်တာရာ၊ ဗိုလ်လင်းယုန်၊ ဗိုလ်မိုးညို၊ ဗိုလ်မြဒင်တို့ ပါဝင်ကြသည်။ ၁၂ ဇန်နဝါရီ ၁၉၄၂ တွင် ဗိုလ်မိုးကြိုး၊ ဗိုလ်ဇေယျ၊ အုချိဒါး တို့ ရဟိုင်းဘက် ထွက်ခွာချိန်တွင် အတွင်းသူပုန်တပ်ဖွဲ့ အဖြစ် တာဝန်ယူရမည့် ဗိုလ်နေဝင်းတို့ လိုက်ပါသွားကြ၏။ ဗိုလ်နေဝင်းတို့ ၈ ဦးအဖွဲ့က ရဟိုင်းမှ ၁၄ ဇန်နဝါရီ ၁၉၄၁ တွင် ထွက်ခွာသွားသည်။ သောင်ရင်းမြစ်ကို ဖောင်ဖြင့်ဖြတ်ကူးကာ မြန်မာ့မြေပေါ်သို့ ခြေချမိကြ၏။ လိုက်ပို့သော တိုင်ရာနှင့် ကီဆကောဆိုသူ ဂျပန်ရဲဘော်များ နှုတ်ဆက်လက်ပြကာ ပြန်သွားကြ၏။

ဗိုလ်နေဝင်းတို့အဖွဲ့ ရွှေကွင်းကြီးကျေးရွာ အရောက်တွင် ရွာသူရွာသားများက သင်္ကာမကင်းဖြစ်ကာ ဝိုင်းလာကြ၏။ ဗိုလ်နေဝင်းက စတီးဘရားသား သစ်ကုမ္ပဏီမှ ဖြစ်ပြီး ဆင်မလေးတစ်ကောင် ပျောက်နေသဖြင့် ရှာဖွေနေကြောင်း ပြောပြရာ မည်သူမျှ မယုံကြည်ကြပေ။ သို့ဖြင့် သူကြီးဦးဘဟန်ကို အဖြစ်မှန်အတိုင်း ပြောပြရာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လဲ့စွာ အကူအညီပေးခဲ့သည်။ သံလွင်မြစ်အတိုင်း စုန်ဆင်းကြရာ ဝက်ကြီးကျေးရွာသို့ ရောက်ရှိကြ၏။ ဆရာတော် ဦးဓောတိက က ကူညီပါသည်။ သိမ်ဆိပ်တွင်တော့ ဘုန်းတော်ကြီးကျောင်းက ပထမ လက်မခံခဲ့ပေ။ လမ်းတွင် ပုလိပ် (ရဲ) ကင်းအဖွဲ့နှင့် တိုးနေသဖြင့် လူစုခွဲ ရှောင်တိမ်းကြရသေးသည်။

အုပ်စုလိုက်သွားလျှင် အန္တရာယ်ရှိသဖြင့် ဗိုလ်နေဝင်းတို့ လူစုခွဲသွားကြသည်။ ဗိုလ်နေဝင်းနှင့် လမ်းပြတစ်ဦးတို့ နှင်းပုလဲဘူတာမှ မီးရထားစီးခဲ့ကြရာ ၂ ဖေဖော်ဝါရီ ၁၉၄၂ တွင် ရန်ကုန် ရောက်ရှိကြသည်။ ထိုစဉ် ပြည်သူ့ အရေးတော်ပုံ ပါတီမှ သခင်ကျော်ငြိမ်းနှင့် ဆက်သွယ်မိသွား၏။ မကြာမီ ဘီအိုင်အေ စစ်ကြောင်းများ အလုံးအရင်းနှင့် ဝင်လာကြသည်။ ရရာလက်နက် စွဲကိုင်လျက် ယူဆောင်လာသော အိတ်ဆောင် ပစ္စတိုကလေးများနှင့် ပဋ္ဌမံ ပြောက်ကျားစစ်ကို ဆင်နွှဲနေသော ဗိုလ်နေဝင်းတို့ အဖွဲ့သည် ဗြိတိသျှတပ်များအား ကစဉ့်ကလျား ဖြစ်စေခဲ့ရာ ဘီအိုင်အေတပ်ကြီး ရန်ကုန် ဝင်ရောက်လာချိန်တွင် ဗြိတိသျှတို့ ဆုတ်ခွာသွားကြပြီ ဖြစ်၏။

ဗိုလ်နေဝင်းသည် ဘီအိုင်အေတပ်များ ၈ မတ် ၁၉၄၂ တွင် ရန်ကုန်ကို သိမ်းပိုက်ပြီးနောက် တပ်မနှစ်တပ် ဖွဲ့စည်းခဲ့ရာတွင် တပ်မ ၂ တပ်မှူး – ဗိုလ်မှူးကြီး နေဝင်း ဖြစ်လာ၏။ ယင်းနေ့၌ပင် တပ်မ ၂ ဘီအိုင်အေတပ်များ အထက်မြန်မာပြည်သို့ စစ်ချီခဲ့ကြသည်။ ၁၅ ဇွန် ၁၉၄၂ တွင် မြန်မာတစ်ပြည်လုံးကို အင်္ဂလိပ်တို့လက်မှ အပြီးသတ် ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ဂျပန်တို့က မော်လမြိုင်ကို သိမ်းပြီးစကပင် မြန်မာနိုင်ငံအပေါ် လွတ်လပ်ရေး ကြေညာပေးမည်ဟု ကတိပြုခဲ့သော်လည်း ကတိမတည်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



၂၇ ဇူလိုင် ၁၉၄၂ တွင် ဘီအိုင်အေကို ရုပ်သိမ်းပြီး အင်အား ၅၀၀၀ အထိ လျှော့ချလိုက်သည့် ဘီဒီအေ (ဗမာ့ကာကွယ်ရေး တပ်မ) ကို ဖွဲ့စည်းလိုက်သည်။ ထိုအခါ ဗိုလ်မှူးကြီးနေဝင်းသည် တပ်ရင်း ၁ ၏ တပ်ရင်းမှူး ဗိုလ်မှူးနေဝင်း ဖြစ်သွား၏။ ထိုစဉ်က ဗိုလ်တေဇမှာ ဗိုလ်မှူးကြီးရာထူးဖြင့် စစ်သေနာပတိအဖြစ် တာဝန် ထမ်းဆောင်ခဲ့ရသည်။ ၁၆ စက်တင်ဘာ ၁၉၄၃ တွင် ဗမာ့တပ် မတော်ကို ပြန်လည် ဖွဲ့စည်းခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းက စစ် ဝန်ကြီး အဖြစ် ဆောင်ရွက်ပြီး ဗိုလ်မှူးကြီး နေဝင်းက စစ်သေနာပတိ ဖြစ်လာသည်။ သို့သော် ၁၈ ဧပြီ ၁၉၄၄ တွင် စစ်သေနာပတိ ရာထူးကို ဂျပန်အာဏာပိုင်တို့က ဗိုလ်ချုပ်အောင်ဆန်းအား ပူးတွဲ ကိုင်စေခဲ့သည်။

၃ ဇွန် ၁၉၄၄ တွင် ဂျပန်အကြံပေးအရာရှိ ဗိုလ်ချုပ် ဆာဝါ မိုတိုသည် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အထက်မြန်မာ ပြည်ရှိ တပ်ရင်းတပ်ဖွဲ့ များကို လိုက်လံ စစ်ဆေးစဉ် ဗဟိုစစ်ဦးစီး ချုပ်ရာထူး ရယူထားသော ဗိုလ်မှူးကြီးနေဝင်း လိုက်ပါခဲ့ရသည်။ ၂၃ ဩဂုတ် ၁၉၄၄ တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ် (ဖတပ) တည်ထောင်ရေး အစည်းအဝေးကို ဗိုလ်ချုပ်အောင်ဆန်း နေအိမ်၌ ကျင်းပရာ ယင်းအစည်းအဝေးသို့ ဗမာ့တပ်မတော်မှ ဗိုလ်မှူးကြီးနေဝင်း တက်ရောက်ခဲ့သည်။ ၁ မတ် ၁၉၄၅ တွင် ဖတပကို ဖတပလ (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်) ဟု ပြောင်းလဲ ဖွဲ့စည်းရာ ဗိုလ်မှူးကြီးနေဝင်း တပ်မတော် ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၂၇ မတ် ၁၉၄၅ တွင် ဖက်ဆစ်ဂျပန် တော်လှန်ရေး၌ ဗိုလ်မှူးကြီးနေဝင်းက တိုင်း ၂ ဖြစ်သော မြစ်ဝကျွန်းပေါ်ဒေသ အရှေ့ပိုင်းတိုင်းမှူးအဖြစ် တာဝန်ယူခဲ့ရသည်။ တိုင်း ၂ အဝင် တော်လှန်ရေးနယ်မြေ၌ မြစ်ဝကျွန်းပေါ် အရှေ့ပိုင်း (ဟံသာဝတီခရိုင်၊ ဖျာပုံ၊ မအူပင်ခရိုင်များ ပါဝင်ပါသည်။ ဤတပ်ဖွဲ့ကို ကျော်ခေါင်ဗလတပ်ဖွဲ့ဟူ၍ အမည်ပေးထား၏။ တိုင်း ၂ ၏ တိုင်းမှူးမှာ ဗိုလ်မှူးကြီးနေဝင်းဖြစ်ပြီး နိုင်ငံရေး ခေါင်းဆောင်က သခင်စိုး ဖြစ်သည်။ ၇ မေ ၁၉၄၅ တွင် ပြည်သူ့လွတ်လပ်ရေး တပ်မတော်က ရန်ကုန်မြို့ကို သိမ်းပိုက်ပြီး ဖြစ်ကြောင်း ဗိုလ်မှူးကြီးနေဝင်းက အသံလွှင့် ကြေညာခဲ့သည်။ ၂၃ ဇူလိုင် ၁၉၄၅ တွင် ဗမာ့တပ်မတော်ကို မျိုးချစ်ဗမာ့တပ်မတော် (Patriotic Burmese Force) (PBF) ဟု ခေါ်ဝေါ်သုံးစွဲရန် တရားဝင် ပြောင်းလဲသတ်မှတ်ခဲ့သည်။

ဗိုလ်မှူးကြီး နေဝင်းသည် ၁၉၄၅ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအထိ မျိုးချစ် ဗမာ့တပ်မတော်ကို ကြီးကြပ်ကွပ်ကဲခဲ့ရသည်။ ထိုအတောအတွင်း ၁၂ ဩဂုတ် ၁၉၄၅ တွင် ရန်ကုန်မြို့၊ တာဝါလိန်းလမ်း ဗိုလ်ချုပ်အောင်ဆန်း နေအိမ်၌ ပြုလုပ်သော ဗမာ့တပ်မတော်တိုင်းမှူးများ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့၏။ ထို့ပြင် ၁၉ ဩဂုတ် ၁၉၄၅ တွင် ရန်ကုန်မြို့ ဗဟန်းရပ် ကန်တော်ကြီးစောင်းရှိ နေသူရိန်ကဇာတ်ရုံ၌ ကျင်းပသော လူထုအစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးမှ ဖြည့်စွက် ဖွဲ့စည်းသည့် ဖဆပလ ဗဟို ဦးစီးအဖွဲ့တွင် ဗိုလ်မှူးကြီးနေဝင်းက အဖွဲ့ဝင် ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



၄ စက်တင်ဘာ ၁၉၄၅ တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့ဝင် ၁၀ ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့ ဗမာ့တပ်မတော် ဆက်လက် တည်တံ့ရေးအတွက် မောင့်ဘက်တန်နှင့် ဆွေးနွေးရန် ကန္ဒီမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာပါသည်။ ကိုယ်စားလှယ် အဖွဲ့ဝင်များထဲတွင် ဗိုလ်နေဝင်း၊ ရှေ့တန်း စစ်ဌာနချုပ်မှူး အဖြစ် လိုက်ပါသွားခဲ့၏။ ၁၅ ဒီဇင်ဘာ ၁၉၄၅ တွင် ကန္ဒီ သဘောတူညီချက် အရ တပ်မတော်ကို အသစ်ပြန်လည် ဖွဲ့စည်းခဲ့ရာ ဗိုလ်မှူးကြီး နေဝင်းက ဗမာ့သေနတ်ကိုင် တပ်ရင်း ၄ ၏ ဒုတပ်ရင်းမှူး ဗိုလ်မှူး နေဝင်း ဖြစ်သွား၏။ ၁၆ နိုဝင်ဘာ ၁၉၄၆ တွင် တပ်ရင်းမှူး ဒု ဗိုလ်မှူးကြီး ရာထူးအဆင့် တိုးမြှင့်ခန့်အပ်ခံခဲ့ရသည်။ ၈ အောက်တိုဘာ ၁၉၄၇ တွင် ဗိုလ်မှူးကြီး ဖြစ်လာခဲ့သည်။ ထို့နောက် ၁၂ ဒီဇင်ဘာ ၁၉၄၇ တွင် ဗိုလ်မှူးချုပ် အဆင့်ဖြင့် မြောက်ပိုင်းတိုင်း တိုင်းမှူးတာဝန် ယူခဲ့ရသည်။

၄ ဇန်နဝါရီ ၁၉၄၈ တွင် မြန်မာနိုင်ငံ အချုပ်အခြာ အာဏာ ပိုင် လွတ်လပ်သောနိုင်ငံ ဖြစ်လာခဲ့သည်။ လွတ်လပ်ရေး ရရှိပြီးနောက် ၁ ဩဂုတ် ၁၉၄၈ တွင် ဒုတိယ စစ်သေနာပတိချုပ် (တပ်ပေါင်းစု) ဖြစ်လာပြီး ၁၃ ဩဂုတ် ၁၉၄၈ တွင် ဗိုလ်ချုပ်အဆင့် တိုးမြှင့်ပေးခြင်း ခံရသည်။ ၁ ဖေဖော်ဝါရီ ၁၉၄၉ တွင် ဗမာ့တပ်မတော် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် ဖြစ်လာခဲ့၏။ ထိုစဉ်က ကေအင်ဒီအိုတို့ သောင်းကျန်းလျက်ရှိပြီး အင်းစိန်မြို့မှာလည်း သိမ်းပိုက်ခြင်း ခံထားရပြီး ဖြစ်သည်။ ၇ ဖေဖော်ဝါရီ ၁၉၄၉ တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ရုံးစာရေးများ သမဂ္ဂ၏ ဦးဆောင်မှုဖြင့် အစိုးရအမှုထမ်းများ သပိတ်မှောက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



၈ ဖေဖော်ဝါရီ ၁၉၄၉ တွင် ဗိုလ်ချုပ်နေဝင်းက အစိုးရ အမှုထမ်းများအား တပ်မတော်သားများ စိတ်ဖြောင့်ဖြောင့်နှင့် နိုင်ငံ့ တာဝန် ထမ်းရွက်နိုင်စေရန် အမှုထမ်းအားလုံး သပိတ်မှောက်ခြင်း မပြုကြဘဲ တိုင်းပြည် ငြိမ်ဝပ်ပိပြားရေးကို ဝိုင်းဝန်း ကူညီကြရန် မေတ္တာရပ်ခံခဲ့သည်။ ဆိုးဝါးလာသော အခြေအနေများကြောင့် ၄ ပြေီ ၁၉၄၉ တွင် ဗိုလ်ချုပ်နေဝင်းအား အစိုးရအဖွဲ့ဝင် ဒုဝန်ကြီး ချုပ်၊ ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီး အဖြစ် ရာထူးတာဝန်များ ပေးအပ်ခဲ့သည်။ ဗိုလ်ချုပ်နေဝင်းသည် မြန်မာနိုင်ငံတစ်ဝန်း ငြိမ်ဝပ် ပိပြားမှု ရရှိစေရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သောင်းကျန်းသူတို့ သိမ်းပိုက်ထားသော နယ်မြေများ မြို့ရွာများကို လည်း တစ်နယ်ပြီးတစ်နယ် တစ်မြို့ပြီးတစ်မြို့ ပြန်လည် သိမ်းပိုက် သည်။ ၁၉၄၉ ခုနှစ် ဇူလိုင်လတွင် ဗိုလ်ချုပ်ကြီး ဝီလျံစလင်းနှင့် တွေ့ဆုံရန် အင်္ဂလန်နိုင်ငံသို့ သွားရောက်ခဲ့ရသေး၏။

တိုင်းပြည် ငြိမ်းချမ်းရေး ရရှိလာပြီးနောက် ၉ စက်တင်ဘာ ၁၉၅၀ တွင် ဗိုလ်ချုပ်နေဝင်း အစိုးရအဖွဲ့မှ ပြန်လည် နုတ်ထွက်သွား သည်။ ၂၇ မတ် ၁၉၅၅ တွင် ရန်ကုန်မြို့ ရွှေအောင်ဆန်း အားကစား ပြိုင်ကွင်းအတွင်း၌ ၁၀ ကြိမ်မြောက် တော်လှန်ရေးနေ့ အခမ်းအနား ကျင်းပစဉ် ဗိုလ်ချုပ်နေဝင်းက တော်လှန်ရေးနေ့ကို တပ်မတော် နေ့အဖြစ် သတ်မှတ်ကြောင်း နောင် မတ်လ ၂၇ ရက်နေ့ တိုင်း တော်လှန်ရေးနေ့နှင့် တစ်ပြိုင်တည်း တပ်မတော်နေ့ကို ကျင်းပသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၁ ဇန်နဝါရီ ၁၉၅၆ တွင် ဗိုလ်ချုပ် ကြီးအဆင့် တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရ၏။ သတိုးသီရိသုဓမ္မကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ရရှိခဲ့၏။ ယင်းနှစ် ဇွန်လ၌လည်း အမေရိကန်နိုင်ငံမှ **Legion of Merit** ဘွဲ့ရရှိခဲ့သည်။

၂၆ စက်တင်ဘာ ၁၉၅၈ တွင် ဝန်ကြီးချုပ် ဦးနုက ဗိုလ်ချုပ်ကြီး နေဝင်းအား ကိုယ်တိုင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူပြီး အစိုးရသစ် အဖွဲ့ဖွဲ့ကာ ၁၉၅၉ ဧပြီလမတိုင်မီ ရွေးကောက်ပွဲ ကျင်းပပေးရန် မေတ္တာရပ်ခံသည်။ ဖဆပလအတွင်း နှစ်ခြမ်းကွဲ ထွက်သွားသဖြင့် ယင်းကဲ့သို့ အကူအညီ တောင်းခံခဲ့ရခြင်း ဖြစ်သည်။ ဗိုလ်ချုပ်ကြီး နေဝင်းကလည်း ပြန်ကြားစာ ပေးပို့၏။ ၂၈ အောက်တိုဘာ ၁၉၅၈ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဝန်ကြီးချုပ် ဦးနုက ဗိုလ်ချုပ်ကြီး နေဝင်းကို ဝန်ကြီးချုပ် အဖြစ် အမည်တင်သွင်းသည်။ ၂၉ အောက်တိုဘာ ၁၉၅၈ တွင် ဗိုလ်ချုပ်ကြီးနေဝင်းက ဝန်ကြီးချုပ်၊ ကာကွယ်ရေးနှင့် အမျိုးသား စီမံကိန်းဌာန ဝန်ကြီးအဖြစ် တာဝန်ယူသော အစိုးရအဖွဲ့သစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

၃ ဖေဖော်ဝါရီ ၁၉၅၉ တွင် ဗိုလ်ချုပ်ကြီး နေဝင်းက နိုင်ငံတော် ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်လွှာ တင်သွင်းသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၁၆ အရ အမတ်မဟုတ်သူ ဗိုလ်ချုပ်ကြီး အနေဖြင့် အစိုးရအဖွဲ့၌ ၆ လ ထက် ပို၍ တာဝန်ထမ်းဆောင်ရန် မဖြစ်နိုင်သောကြောင့်ဟု ဆိုသည်။ ၂၇ ဖေဖော်ဝါရီ ၁၉၅၉ တွင် ပြည်သူ့လွှတ်တော် ပါလီမန်ညီလာခံက ဗိုလ်ချုပ်ကြီး နေဝင်းကို ဝန်ကြီးချုပ်ရာထူး ပြန်လည် ခန့်အပ်သည်။ ၆ ဖေဖော်ဝါရီ ၁၉၆၀ တွင် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ၅ မတ် ၁၉၆၀ တွင် ယိုးဒယားသံရုံး ညှိခံပွဲ၌ ဝန်ကြီးချုပ် ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး နေဝင်းအား ယိုးဒယား ဝန်ကြီးချုပ်နှင့် တန်းတူ ဆင်ဖြူတော်ဘွဲ့ (The Most Exalted Order Of The White Elephant) ပေးအပ်ခဲ့သည်။ ၂၇ မတ် ၁၉၆၀ တွင် လွတ်လပ်ရေး မော်ကွန်းဝင် (ပထမ အဆင့်) ပေးအပ်ခြင်း ခံခဲ့ရသည်။

၄ ဧပြီ ၁၉၆၀ တွင် သခင်နု၏ ပြည်ထောင်စု အစိုးရ တက်လာပြီဖြစ်ရာ ဗိုလ်ချုပ်ကြီးနေဝင်းက ရာထူးမှ နုတ်ထွက်လျှာ တင်သွင်းခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလတွင်လည်း အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ ချီးမြှင့်ခံခဲ့ရသေး၏။ ဗိုလ်ချုပ်ကြီးနေဝင်းက ကာကွယ်ရေး ဦးစီးချုပ်အဖြစ်ပင် ဆက်လက် တာဝန်ယူပါသည်။

၂ မတ် ၁၉၆၂ တွင် ဗိုလ်ချုပ်ကြီး နေဝင်းက နိုင်ငံတော် ပြိုကွဲမည့် အခြေအနေကြောင့် တပ်မတော်မှ အာဏာသိမ်းယူခဲ့ကာ တော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ယင်းနေ့ နံနက် ၂ နာရီအချိန်တွင် ညောင်ရွှေ စော်ဘွားအား ထိန်းသိမ်းရန် အိမ်တွင်းသို့ ဝင်ရောက်စဉ် အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်သဖြင့် စော်ဘွားကြီးသား စဝ်မီမီသိုက် ကွယ်လွန်သွားရာ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက အထူးဝမ်းနည်းကြေကွဲကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။ ယင်းနေ့ နံနက် မြန်မာ့အသံမှ ၈ နာရီ ၂၅ မိနစ်အချိန် ကရင်ပိုင်း အစီအစဉ် ထုတ်လွှင့်နေစဉ် အစီအစဉ် ရုတ်တရက် ရပ်ဆိုင်းကာ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက နိုင်ငံတော်အာဏာကို ဗမာ့တပ်မတော်မှ တာဝန်ယူ စောင့်ရှောက်လိုက်ပြီ ဖြစ်ကြောင်း ကြေညာခဲ့သည်။

၂ မတ် ၁၉၆၂ နံနက်ပိုင်း၌ပင် တော်လှန်ရေး ကောင်စီသည် အုပ်ချုပ်ရေး အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ဗိုလ်ချုပ်ကြီးနေဝင်းက

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး၊ တရားရေးဝန်ကြီး ရာထူးများကို တာဝန်ယူခဲ့သည်။ မတ်လ ၅ ရက်နေ့တွင် ဝန်ကြီးချုပ်ရုံးနှင့် အမျိုးသား စီမံကိန်း ဝန်ကြီးဌာနတို့ကို ထပ်မံ တာဝန်ယူရ၏။ ဗိုလ်ချုပ်ကြီး နေဝင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော တော်လှန်ရေး ကောင်စီသည် ၃၀ ဧပြီ ၁၉၆၃ တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် မူဝါဒသဘောထား ကြေညာချက်ကို ထုတ်ပြန်ကာ အမြုတေပါတီအဖြစ် စတင်ခဲ့သည်။ ၂၉ အောက်တိုဘာ ၁၉၆၃ တွင် လုပ်ငန်းများ ပြည်သူပိုင် ပြု လုပ်ခြင်း ဥပဒေကို ပြဋ္ဌာန်းကာ ပြည်သူပိုင် သိမ်းခဲ့သည်။ ၁၇ စက်တင်ဘာ ၁၉၆၄ တွင် တော်လှန်ရေး အစိုးရအဖွဲ့ကို တိုးချဲ့ ဖွဲ့စည်းခဲ့သည်။ ၁၈ အောက်တိုဘာ ၁၉၆၅ တွင် ကုန်သွယ်ရေး ကောင်စီနှင့်တကွ ကုန်သွယ်ရေး ကော်ပိုရေးရှင်း ၂၂ ခုကို ဖွဲ့စည်းခဲ့၏။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းသည် ၂၉ နိုဝင်ဘာ ၁၉၆၈ တွင် နိုင်ငံရေးသမား ဟောင်းကြီးများကို ဖိတ်ခေါ် ကာ အမျိုးသား စည်းလုံး ညီညွတ်ရေးအတွက် အကြံပေး တင်ပြကြရန် မေတ္တာရပ်ခံခဲ့သည်။ ထို့နောက် ၄ ဒီဇင်ဘာ ၁၉၆၈ တွင် အဖွဲ့ဝင် ၃၃ ဦးပါ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ၂ ဇွန် ၁၉၆၉ တွင် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက ဝင်ဒါမီယာ ဧည့်ရိပ်သာတွင် ပြည်တွင်းညီညွတ်ရေး အကြံပေး အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။

ဗိုလ်ချုပ်ကြီး နေဝင်းသည် ၂၈ ဇွန် ၁၉၇၁ တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပထမအကြိမ် ပါတီညီလာခံကို ကျင်းပခဲ့၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



၉ ဇူလိုင် ၁၉၇၁ တွင် တော်လှန်ရေး ကောင်စီကို အသစ် ပြန်လည်ဖွဲ့စည်းခဲ့သည့်နည်းတူ ၁၅ ဇူလိုင် ၁၉၇၁ တွင်လည်း တော်လှန်ရေး အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ အသစ် ပြန်လည်ဖွဲ့စည်းခဲ့သည့် တော်လှန်ရေး အစိုးရအဖွဲ့တွင် ဗိုလ်ချုပ်ကြီး နေဝင်းက ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးရာထူးကို ရယူထား၏။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူထားသည့် ဗိုလ်ချုပ်ကြီး နေဝင်းသည် ၂၀ ဧပြီ ၁၉၇၂ တွင် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရအဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းသောအခါ ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ် ဦးနေဝင်း ဖြစ်လာ၏။

၃ ဇန်နဝါရီ ၁၉၇၄ တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့ပြီးနောက် ၂ မတ် ၁၉၇၄ တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်းအဝေးမှ နိုင်ငံတော် ကောင်စီကို ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌက ဦးနေဝင်း ဖြစ်ပြီး အတွင်းရေးမှူးက ဗိုလ်ချုပ်ကြီးစန်းယု ဖြစ်သည်။ ၄ မတ် ၁၉၇၄ တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ကို ဖွဲ့စည်းသောအခါ ဦးနေဝင်းသည် နိုင်ငံတော်သမ္မတ ဖြစ်လာခဲ့၏။ ၂ မတ် ၁၉၇၈ တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်းအဝေး ကျင်းပသောအခါ အစိုးရအဖွဲ့တွင် နိုင်ငံတော် သမ္မတအဖြစ် ဦးနေဝင်းပင် တာဝန်ယူခဲ့ရသည်။

နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းသည် ၁၆ ဖေဖော်ဝါရီ ၁၉၈၁ တွင် ဗြိတိသျှ ပါလီမန်အမတ် မစ္စတာ အာသာ

www.burmeseclassic.com

www.burmeseclassic.com



ဘောဂတွမ်လေအား အောင်ဆန်းတံခွန်ဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့သည်။ ၉ နိုဝင်ဘာ ၁၉၈၁ တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်းအဝေး ကျင်းပရာ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစန်းယုအား နိုင်ငံတော် သမ္မတအဖြစ် ကြေညာခဲ့သည်။ ဦးနေဝင်းသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီဥက္ကဋ္ဌအဖြစ်သာ ဆက်လက် တာဝန်ယူခဲ့သည်။

၁၉၈၈ ခုနှစ် မတ်လအတွင်း ရန်ကုန်မြို့တွင် စက်မှုတက္ကသိုလ် ကျောင်းသားအချို့နှင့် ကြို့ကုန်း အနောက်ရပ်ကွက် လူငယ်များ ခိုက်ရန်ဖြစ်ပွားရာမှ အရေးအခင်း ပေါ်ပေါက်လာခဲ့ရာ ၂၃ ဇူလိုင် ၁၉၈၈ တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်းက အရေးပေါ်ပါတီ ညီလာခံ ခေါ်ယူကာ တစ်ပါတီ သို့မဟုတ် ပါတီစုံ စနစ် ၂ ခု အနက် မည်သည့်စနစ်ကို နှစ်ခြိုက်သည် ဆိုခြင်းအား သိရှိရန် လူထုဆန္ဒခံယူပွဲ ကျင်းပမည်ဟု ကြေညာခဲ့သည်။ ဆန္ဒပြပွဲများမှာ မြို့ရွာအနှံ့ ပေါ်ပေါက်လာခဲ့ရာ ဦးနေဝင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၁၈ စက်တင်ဘာ ၁၉၈၈ တွင် တပ်မတော်မှ နိုင်ငံတော် အရေးကိစ္စ အရပ်ရပ်ကို တာဝန်ယူလိုက်ကာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဖြင့် အုပ်ချုပ်ခဲ့၏။

၂ မတ် ၁၉၇၄ မှ ၈ နိုဝင်ဘာ ၁၉၈၁ အထိ နိုင်ငံတော် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဥက္ကဋ္ဌကြီးလည်းဖြစ်သူ ဦးနေဝင်းသည် အသက် ၉၃ နှစ် အရွယ် ၅ ဒီဇင်ဘာ ၂၀၀၂ တွင် ကွယ်လွန်သွားပါသည်။ ဦးနေဝင်း



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်စဉ် သားသမီးမြေးများ ကျန်ရစ်ခဲ့ရာ သတင်းစာပါ နာရေးကြော်ငြာတွင် အောက်ပါအတိုင်း တွေ့ရှိရ၏။

**ဦးနေဝင်း**

**အသက် (၉၃) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် ၁၉ နေ (ဒေါ်ခင်မေသန်း) ၏ခင်ပွန်း၊ (ဦးသိန်း)၊ ဦးငွေစိုး၊ (ဦးအေးအောင်ဝင်း)၊ (ဒေါက်တာဒေါ်လှဲလှဲဝင်း)၊ ဒေါ်သီတာဝင်း၊ ဒေါက်တာသော်တာဝင်း၊ ဒေါက်တာခင်စန္ဒာဝင်း၊ ဦးဖြိုးဝေဝင်း၊ ဒေါက်တာကြေးမုံဝင်းတို့၏ ဖခင် ဦးနေဝင်းသည် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့ နံနက် ၀၇း၃၀ အချိန်တွင် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်သည်ဖြစ်ပါ၍ ကာယကံရှင်၏ ဆန္ဒအရ ဒီဇင်ဘာလ ၅ ရက်နေ့ နေ့လယ် ၁၃း၃၀ အချိန်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။

ကျေးဇူးရှင် ဖခင်ကြီး ဦးနေဝင်း နာမကျန်းစဉ် ပြုစုကုသပေးခဲ့သော ပုဂ္ဂိုလ်များအားလုံးကို လည်းကောင်း၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသော ပုဂ္ဂိုလ်များကို လည်းကောင်း ကျန်ရစ်သူ မိသားစုများမှ ကျေးဇူးတင်ရှိအပ်ပါသည်။ မိမိတို့အနေဖြင့် တစ်ဦးချင်း ကိုယ်စီကိုယ်ငကျေးဇူးတင်ရှိကြောင်းကို ကိုယ်တိုင်ကိုယ်ကျ မပြောဆိုနိုင်သည်ကို နားလည်သည့်အတွက် အထူးပင် ကျေးဇူးတင်ပါတယ်။

**ကျန်ရစ်သူ မိသားစု**

ဟူ၍ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီး ဦးနေဝင်း၏ အိမ်ထောင်ရေးနှင့် ပတ်သက်၍ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

**(၁) ဒေါ်သန်းညွန့်**

ကိုရှုမောင်သည် ၁၉၃၁ ခုနှစ်တွင် ဒေါ်သန်းညွန့်နှင့် လက်ဆက်ခဲ့ပါသည်။ ဒေါ်သန်းညွန့်နှင့် ၁၉၃၇ ခုနှစ်အထိ ပေါင်းသင်းနေထိုင်ခဲ့သည်။ ဦးရှုမောင် (ဦးနေဝင်း) ဒေါ်သန်းညွန့်တို့မှ သားကိုသိန်းခေါ် ဦးကျော်သိန်းကို ဖွားမြင်ခဲ့သည်။ ဦးကျော်သိန်းသည် မြန်မာ့ရေနံတွင် အလုပ်လုပ်ကိုင်ခဲ့ပြီး ပြည်မြို့နေ ဦးစိန်သီး+ဒေါ်ဆိုင်တို့၏သမီး မကြည်ကြည်အေးနှင့် စုံဖက်ခဲ့ပါသည်။ ယခုအခါ ဦးသိန်းခေါ် ဦးကျော်သိန်းရော ဇနီးဒေါ်ကြည်ကြည်အေးပါ ကွယ်လွန်သွားပြီ ဖြစ်ပါသည်။ ဦးကျော်သိန်းသည် အသက် ၄၅ နှစ်အရွယ် ၃၀ နိုဝင်ဘာ ၁၉၇၈ တွင် ကွယ်လွန်ခဲ့ပါသည်။ ဒေါ်ကြည်ကြည်သိန်းက အသက် ၅၉ နှစ်အရွယ် ၂၁ စက်တင်ဘာ ၁၉၉၇ တွင် ကွယ်လွန်ခဲ့ပါသည်။

**(၂) ဒေါ်တင်တင်**

သခင်ရှုမောင် (ဦးနေဝင်း) သည် ၁၈ ဇူလိုင် ၁၉၃၇ တွင် ဒေါ်တင်တင်နှင့် မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်လမ်း) အမှတ် ၁၀၆ နေအိမ်တွင် လက်ထပ်ခဲ့သည်။ လက်ထပ်မင်္ဂလာပွဲသို့ ဦးနေဝင်း၏ ဖခင် ဦးဖိုးခပါ တက်ရောက်ခဲ့၏။

သခင်ရှုမောင်နှင့် ဒေါ်တင်တင်တို့မှ ၁၉၃၉ ခုနှစ်ခန့်တွင် သားကြီး ငွေစိုးကို ဖွားမြင်ခဲ့သည်။ သခင်ရှုမောင် ဂျပန်ပြည်



www.burmeseclassic.com

www.burmeseclassic.com



ဟိုင်နန်ကျွန်းသို့ စစ်ပညာသင် သွားရောက်စဉ်က ကိုငွေစိုးမှာ ၂ နှစ်သား အရွယ်မျှသာ ရှိပါသေးသည်။ ကိုငွေစိုးက နောက်ပိုင်း လေယာဉ်မှူး ဖြစ်လာခဲ့၏။ ဒုတိယသား အေးအောင်ဝင်းခေါ် ကိုအေးအောင်ကို ၁၇ ဇူလိုင် ၁၉၄၉ တွင် ဖွားမြင်ခဲ့ပါသည်။

**(၃) ဒေါ်ခင်မေသန်း**

ဦးနေဝင်းသည် ၁၀ မတ် ၁၉၅၂ တွင် ဒေါ်ခင်မေသန်းခေါ် ကစ်တီ ဘသန်းနှင့် ရန်ကုန်ဆေးရုံကြီးအတွင်းရှိ ဆေးကျောင်းအုပ်ကြီး နေအိမ်၌ လက်ထပ်ခဲ့သည်။ ဒေါ်ခင်မေသန်းမှာ ဆေးကျောင်းအုပ်ကြီး ဒေါက်တာဘသန်းနှင့် ဒေါ်ခင်ကြည်တို့သမီး ဖြစ်သည်။ ဦးနေဝင်း ဒေါ်ခင်မေသန်းတို့မှ သမီး ၃ ဦး ဖွားမြင်ခဲ့ရာ ဒေါ်စန္ဒာဝင်း၊ ဒေါ်သီတာဝင်းနှင့် ဒေါ်ကြေးမုံဝင်းတို့ကို ဖွားမြင်ခဲ့သည်။ (အင်တာနက် မှတ်တမ်းတစ်ခုတွင် ဒေါ်ခင်မေသန်းမှ လှဲ့လှဲ့ဝင်းနှင့် သီတာဝင်း အမြွှာနှစ်ဦး၊ သော်တာဝင်းတို့ ပါလာခဲ့ပြီး ဦးနေဝင်းနှင့် စန္ဒာဝင်း၊ ကြေးမုံဝင်း၊ ဖြိုးဝေဝင်းတို့ကို ဖွားမြင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

**(၄) ဒေါ်နီနီမြင့်**

ဒေါ်နီနီမြင့်သည် တက္ကသိုလ်များ သမိုင်း သုတေသန ဦးစီး ဌာနတွင် ညွှန်ကြားရေးမှူးချုပ် တာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ ၄ မတ် ၁၉၇၃ တွင် ဒေါ်နီနီမြင့်နှင့် လက်ဆက်ခဲ့ပါသည်။

**(၅) ရတနာနတ်မယ်**

ရတနာနတ်မယ်သည် ကနောင်မင်းသားကြီး၏ မြစ်တော်စပ်သူ ဖြစ်သည်။ ဦးနေဝင်းသည် ရတနာနတ်မယ်နှင့် ၂၄ ဒီဇင်ဘာ

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၆ တွင် လက်ဆက်ခဲ့ပါသည်။ (၂၅-၁၂-၁၉၇၆) ရက်စွဲပါ ကြေးမုံသတင်းစာ မျက်နှာဖုံးတွင် ဦးနေဝင်းနှင့် ရတနာနတ်မယ်တို့၏ လက်ထပ်မင်္ဂလာပွဲ သတင်းက ဓာတ်ပုံနှင့်တကွ ပါလာခဲ့သည်။

အိမ်ရှေ့စံ ကနောင်မင်းသားကြီးနှင့် ကိုယ်လုပ်တော်ဆောင်ရ သခင်ကြီးခင်ဖော့တို့မှ သားတော် လင်းပင်မင်းသားကို ဖွားမြင်ခဲ့သည်။ လင်းပင် မင်းသားနှင့် ဓနိုးကြင်ရာ ရေနံ့သာ ခင်ခင်ကြီးတို့မှ သမီး လင်းပင်ထိပ်တင်မလတ်ကို ဖွားမြင်ခဲ့သည်။ လင်းပင်ထိပ်တင်မလတ် သည် အသက် ၃၄ နှစ်အရွယ်တွင် သူ့ထက် အသက် ၁၆ နှစ်ကြီး သော ဩစတြေးလျနိုင်ငံသား အင်္ဂလိပ်လူမျိုး မြင်းပွဲဒိုင် မစ္စတာ ဟားဘတ် ဘယ်လာမီ (Mr. Herbert Bellamy) နှင့် လက်ထပ် ခဲ့သည်။ ၄ နှစ်အကြာ ၁ ဇွန် ၁၉၃၂ တွင် ရတနာနတ်မယ်ကို မွေးဖွားခဲ့၏။ အမည်ရင်းက ဂျွန်ရို့စ်ဘယ်လာမီ (John Rose Bellamy) ဖြစ်သည်။

ရတနာနတ်မယ်၏ မိခင် လင်းပင်ထိပ်တင်မလတ်သည် ဖခင် လင်းပင် မင်းသားကြီး အိန္ဒိယ၌ နေထိုင်ရစဉ်က အထက်တန်းလွှာ များနှင့် ရင်းနှီးဝင်ဆံ့ခဲ့သည်။ အရှေ့တိုင်း တိဘက် တောင်တန်းဒေသ နိုင်ငံတစ်ခုမှ အိမ်ရှေ့မင်းသား တစ်ပါးနှင့် စေ့စပ်ခဲ့ဖူးပါသည်။ သို့ သော် လက်ထပ်ပွဲမတိုင်မီ ရက်အနည်းငယ် အလိုတွင် အဆိပ်ခတ် ခံရကာ ကွယ်လွန်သွားခဲ့သည်။ ယင်းနောက် မြန်မာပြည်သို့ ပြန်လည် ပြောင်းရွှေ့နေထိုင်ခဲ့ကြ၏။ ရန်ကုန်တွင် မစ္စတာ ဘယ်လာမီနှင့် လက်ထပ်ဖြစ်ခဲ့ကြခြင်း ဖြစ်သည်။

ရတနာနတ်မယ်ကလေး ငယ်ရွယ်စဉ် လင်းပင်ထိပ်တင် မလတ်တို့မိသားစု အိန္ဒိယသို့ စစ်ပြေးကြရသည်။ အိန္ဒိယတွင်

www.burmeseclassic.com

www.burmeseclassic.com



ရတနာနတ်မယ်က သာသနာပြုကျောင်း၌ ပညာသင်ယူရသည်။ သာသနာပြု ဆရာမများက သွေးနှောသူကလေးမို့ ချိုးနှိမ် ဆက်ဆံကြ၍၏။ ရတနာနတ်မယ်ကလေးကလည်း သူ့အပေါ် အရှက်ခွဲ၍ ပြန်ရွဲ့ရာမှ ကျောင်းထုတ်ခံရသည်အထိ ဖြစ်ခဲ့သည်။ အသက် ၁၄ နှစ် အရွယ်တွင် ရတနာနတ်မယ်တို့ မေမြို့ (ပြင်ဦးလွင်) သို့ ပြောင်းရွှေ့နေထိုင်ကြသည်။

ခရမ်းရောင်လွင်ပြင် (The Purple Plain) ရုပ်ရှင်ရိုက်ကူးရန် ရတနာနတ်မယ်နှင့် ဦးစွာ သဘောတူခဲ့ခြင်း ဖြစ်သည်။ သို့သော် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ထုတ်လုပ်သူဘက်မှ တောင်းဆိုချက်များကြောင့် ဖျက်သိမ်းခဲ့ရသည်။ နောက်ပိုင်း ဝင်းမင်းသန်းနှင့် ရိုက်ဖြစ်သွားခြင်း ဖြစ်သည်။ ရတနာနတ်မယ် အသက် ၂၂ နှစ် အရွယ်တွင် အီတာလျံလူမျိုး WHO မှ မြန်မာပြည်တွင် တာဝန်ကျနေသော ဆရာဝန်တစ်ဦးနှင့် လက်ထပ်ဖြစ်ခဲ့သည်။ ဆရာဝန်နှင့် သားနှစ်ယောက် ထွန်းကားခဲ့သည်။

တစ်ကြိမ်တွင် ကွန်မြူနစ်တို့ ရတနာနတ်မယ်၏ အမျိုးသားကို ပြန်ပေးဆွဲသွားခဲ့ဖူးသည်။ အကျိုးအကြောင်းရှင်းပြ မေတ္တာရပ်ခံ၍ အမျိုးသားကို ပြန်လွှတ်ပေးခဲ့သည်။ ဤတွင် မြန်မာနိုင်ငံအစိုးရက မြန်မာပြည်မှ ထွက်ခွာသွားကြရန် အကြံပြုသဖြင့် အီတလီသို့ လိုက်ပါသွားရသည်။ အီတလီတွင် အခြေချနေထိုင်စဉ် သဘောချင်း မတိုက်ဆိုင်သဖြင့် ရတနာနတ်မယ် ခင်ပွန်းသည်နှင့် ကွာရှင်းပြတ်စဲခဲ့ပါသည်။ ရတနာနတ်မယ်က သားနှစ်ဦးနှင့်သာ အတူနေထိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၂ ခုနှစ် နှစ်ဦးပိုင်းတွင် မေမြို့ (ပြင်ဦးလွင်) ၌ ဖခင်ဘယ်လာမီ ဆုံးပါးသွားသဖြင့် ရတနာနတ်မယ် ပြန်လာရန် ပြင်ဆင်သည်။ သို့သော် ဗီဇာ မရ၍ အခက်အခဲဖြစ်နေရာ ဦးနေဝင်းဇနီး ကစ်တီဘသန်းနှင့် ရင်းနှီးခဲ့ဖူး၍ အကူအညီ တောင်းခံခဲ့သည်။ ဦးနေဝင်းထံ အကူအညီတောင်းခံရရှိရာမှ ခင်မင် ရင်းနှီးသွားခဲ့သည်။ နောက်ဆုံး ၂၄ ဒီဇင်ဘာ ၁၉၇၆ တွင် လက်ထပ်ဖြစ်ခဲ့ကြသည်။ သို့သော် ၅ လမျှသာ ပေါင်းလိုက်ရ၏။

ယခုအခါ အသက် ၇၀ ကျော်ပြီဖြစ်သော ရတနာနတ်မယ်သည် အီတလီနိုင်ငံတွင် နေထိုင်လျက် ရှိပါသည်။ အီတလီနိုင်ငံ၊ Tuscany ပြည်နယ်၏ မြို့တော် ဖလော်ရင့်မြို့ (Florence) တွင် ရတနာနတ်မယ်က အချက်အပြုတ် သင်တန်းကျောင်း ဖွင့်ထားသည်။ သူ၏အိမ်တွင် Associazione Culture Arte E Gastronomia Orientale ဟူသော ဆိုင်းဘုတ်ကို ချိတ်ဆွဲထားသည်။

အီတလီ ဆောင်းပါးရှင် တစ်ဦးက Mrs. Johne Rose Bellamy အား သွားရောက် တွေ့ဆုံစဉ် အနောက်နိုင်ငံ စပိုင်လုပ်၍ ဦးနေဝင်းက မောင်းထုတ်ခဲ့သည် ဆိုခြင်းကို ဟုတ်မဟုတ် မေးမြန်းရာ ရတနာနတ်မယ်က ပြန်မဖြေဘဲ ရယ်နေပါသည်။ သို့သော် ဦးနေဝင်းက ဆေးလိပ်ပြာခွက်နှင့် ပစ်ပေါက်ခဲ့ပုံကိုမူ ဝန်ခံခဲ့၏။ နောက်တစ်နေ့တွင် စင်းလုံးငှား လေယာဉ်ဖြင့် မြန်မာပြည်မှ ပြန်လည် ထွက်ခွာလာခဲ့ရသည် ဆိုပါသည်။ ရတနာနတ်မယ်သည် နာဂစ်မုန်တိုင်းဒဏ် ခံရပြီး မကြာမီကာလ၌ အသက် ၂၅ နှစ်အရွယ်ရှိ မြေးကလေးနှင့်အတူ မြန်မာပြည်သို့ လာရောက်ကာ နာဂစ်ကယ်ဆယ်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သေး၏။



www.burmeseclassic.com

www.burmeseclassic.com



အသက် ၇၇ နှစ်အရွယ် ရှိပြီဖြစ်သော Mrs. John Rose Bellamy ခေါ် ရတနာနတ်မယ် အကြောင်းကို အီတလီ ဆောင်းပါးရှင်က ဖလောရင့်မြို့နေအိမ်သို့ သွားရောက် တွေ့ဆုံမေးမြန်းကာ ဩစတြေးလျ အရှေ့ပိုင်း Griffith University ၏ Review Journal အမှတ် ၂၇၊ Food ကဏ္ဍတွင် ဆောင်းပါးဖြင့် ရေးသား ဖော်ပြခဲ့သဖြင့်သာ ယခုကဲ့သို့ သိရှိရခြင်း ဖြစ်ပါသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



## ၅။ သမ္မတ ဦးစန်းယု

(၉ နိုဝင်ဘာ ၁၉၈၁ – ၂၅ ဇူလိုင် ၁၉၈၈)

သမ္မတ ဦးစန်းယုကို ဦးစံဖေ၊ ဒေါ်ရွှေလှဲတို့မှ ၃ မတ် ၁၉၁၈ တွင် ပြည်ခရိုင် သဲကုန်းမြို့၌ ဖွားမြင်ခဲ့သည်။ ဖခင် ဦးစံဖေက ဘီအိုစီ ရေနံကုမ္ပဏီ စာရေးကြီး ဖြစ်သည်။ ဦးစန်းယုကို မွေးဖွားပြီး နောက် မိခင် ဒေါ်ရွှေလှဲ ကွယ်လွန်သွားပြီး ဖခင်ကလည်း နောက် အိမ်ထောင်ပြုသွားခဲ့သည်။ သို့ဖြင့် ဦးစန်းယုမှာ မွေးစကလေး အရွယ်ကပင် အဘွားဖြစ်သူ (မိခင်ဒေါ်ရွှေလှဲ၏မိခင်) နှင့် ရွှေတောင် မြို့သို့ လိုက်ပါနေထိုင်ခဲ့ရ၏။ ဦးစန်းယု အသက် ၅ နှစ်သား အရွယ်တွင် ဖခင်ဖြစ်သူ၏ အိမ်သို့ ပြောင်းရွှေ့နေထိုင်သည်။

ဦးစန်းယုသည် ငယ်စဉ်က ရွှေတောင်မြို့၌ ပညာဆည်းပူးခဲ့သည်။ ထို့နောက် ပြည်မြို့သို့ ပြောင်းရွှေ့ ပညာသင်ယူခဲ့ပြန်သည်။ အသက် ၁၆–၁၇ နှစ်အရွယ် ကျောင်းသားဘဝတွင် ဒုတိယကျောင်းသား သပိတ်နှင့် ကြုံကြိုက်ခဲ့ရာ ဦးစန်းယု တက်ကြွစွာ ပါဝင်ခဲ့ခြင်းကြောင့် အခြား ကျောင်းသားအချို့နှင့်အတူ တစ်နေ့တာ အဖမ်းအဆီး



www.burmeseclassic.com

www.burmeseclassic.com



ခံခဲ့ရသည်။ ၁၉၃၈–၃၉ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရွှေတောင်မြို့မှ အောင်မြင်ပြီး ရန်ကုန်၌ ဆေးကျောင်းလာတက်သည်။

ဦးစန်းယုက ဆေးကျောင်းသား ဘဝတွင်လည်း ရန်ကုန်ဆေးကျောင်း ကျောင်းသားသမဂ္ဂတွင် ပါဝင်လှုပ်ရှားခဲ့သည်။ ဆေးကျောင်းတွင် ဒုတိယနှစ်အထိ ပညာဆည်းပူးဖြစ်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေတပ်များ မြန်မာပြည်သို့ ပြန်လည် ဝင်ရောက်လာစဉ် ပြည်မြို့၌ ဘီအိုင်အေတပ်သို့ ဝင်ရောက်ခဲ့သည်။ ထိုစဉ်က ဂျပန်စစ်အရာရှိများ သင်ကြားပေးသည့် အခြေခံ စစ်ပညာကို သင်ယူခဲ့ရသည်။ စစ်သင်တန်း ဆင်းသောအခါ ဦးစန်းယုကို ဒုဗိုလ်အဖြစ် ခန့်အပ်လိုက်ပါသည်။

ဒုဗိုလ်ကလေး ဦးစန်းယုသည် ၁၉၄၂ ခုနှစ် ဆန်းပိုင်းကာလတွင် ရောဝတီ မြစ်ကြောင်းမှ ဗန်းမော်အထိ စစ်ကြောင်း ချီတက်ရာတွင် လိုက်ပါခဲ့ရ၏။ ၁၉၄၄ ခုနှစ်တွင် အမှတ် ၂ ခြေလျင်တပ်ရင်း၊ တပ်ခွဲ ၃ ၌ တာဝန်ထမ်းဆောင်ရသည်။ ထိုစဉ်က ပြည်မြို့ နဝင်းချောင်းမှ ရေနံချောင်းမြို့ မန်ကျည်း ကျည်တောက်ရွာအထိ ရေနံပိုက်လိုင်းကို အာလံမြို့ မိုးကောင်းရွာမှ စခန်းချကာ စောင့်ရှောက်ပေးခဲ့ရ၏။ ထိုအတွင်း ဗိုလ်အဆင့် ရရှိခဲ့သည်။

၂၄ မတ် ၁၉၄၅ နံနက် ၄ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ သရက်ခရိုင်၊ အာလံ (မြေထဲ) မြို့နယ် ပြလို့ရွာရှိ တိုင်းအမှတ် ၇ ဌာနချုပ်သို့ ရောက်ရှိလာသည်။ ဂျပန်တော်လှန်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်ရန် လျှို့ဝှက် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က တိုင်း ၇ တိုင်းမှူး ဗိုလ်မှူးအောင်၊ တပ်ရင်း ၂ တပ်

www.burmeseclassic.com

www.burmeseclassic.com



ရင်းမှူး ဗိုလ်ကြီးစန်းယု၊ တပ်ရင်း ၆ တပ်ရင်းမှူး ဗိုလ်ကြီးစိန်ဝင်းတို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အသေးစိတ် အစီအစဉ်များကို ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့သည် ယင်းနေ့ ည ၇ နာရီတွင် ပြလို့ရွာမှ ရွှေတောင်သို့ ပြန်လည် ထွက်ခွာ သွားပါသည်။

နောက်တစ်နေ့ဖြစ်သော ၂၆ မတ် ၁၉၄၅ တွင် တိုင်း ၇ စစ် ဌာနချုပ်၊ တပ်ရင်း ၂ နှင့် စစ်ဦးစီးဌာနချုပ်မှ အဖွဲ့ဝင်များ ဧရာဝတီမြစ် အနောက်ဘက်ကမ်းသို့ ကူးကြရသည်။ ၂၇ မတ် ၁၉၄၅ နံနက် ၇ နာရီတွင် သရက်မြို့အစွန်ရှိ တပ်ရင်း ၆ စစ်ဌာနချုပ်သို့ ရောက်ရှိကြသည်။ ထိုသို့ ရောက်ရှိကြပြီးနောက် ဗိုလ်မှူးအောင်၊ ဗိုလ်ကြီးစိန်မှန်၊ ဗိုလ်ကြီးစိန်ဝင်းနှင့် ဗိုလ်ကြီးစန်းယုတို့ မတ်လ ၂၇ ရက်နေ့ ညဘက်တွင် စတင်မည့် ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် အသေးစိတ် တိုင်ပင်ညှိနှိုင်းခဲ့ကြသည်။

ဗိုလ်ကြီးစန်းယု ပါဝင်သည့် ဆွေးနွေးပွဲက အကြောင်းအရာ စုံလင်လှသည်။ ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်ပြီ ဆိုသည်နှင့် တပ်ရင်းတပ်ခွဲများ ချီတက်ကြမည့် အစီအစဉ်၊ တပ်ချမည့် စခန်းများနှင့် တိုက်ပွဲဖြစ်ပွားစဉ် တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းများအကြား အဆက် အသွယ် မပြတ်စေရေး၊ ရန်သူ့သတင်းများ အလျင်အမြန် ပေးပို့ရေး၊ ပြည်သူလူထုအား တော်လှန်ရေးနှင့် ပတ်သက်၍ ဝါဒဖြန့်ချိ လှုံ့ဆော်ရေး၊ ရပ်ရွာကာကွယ် အုပ်ချုပ်ရေး အစီအစဉ်များအထိ ပါဝင် ပါသည်။

၂၇ မတ် ၁၉၄၅ နံနက် ၉ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းတို့ အဖွဲ့ ပုဏ္ဏားရွာသို့ ရောက်ရှိလာခဲ့သည်။ ညနေ ၅ နာရီတွင် အစီ



www.burmeseclassic.com

www.burmeseclassic.com



အစဉ်အရ ဗိုလ်ကြီးစန်းယုတို့ ပျဉ်ထောင်မင်း တဲလမ်းအတိုင်း မင်းတုန်းနယ်သို့ ချီတက်ကြရသည်။ ည ၁၁ နာရီခွဲ အချိန်တွင် မင်းတဲရွာသို့ ရောက်ရှိကာ ဘုန်းတော်ကြီးကျောင်း အနီးတွင် တပ်စခန်းချကြ၏။ ဖက်ဆစ်ဂျပန် တော်လှန်ရေးကား ည ၇ နာရီကပင် စတင်လိုက်ပြီ ဖြစ်ပါသည်။ စစ်ကြောင်း တစ်လျှောက် လုပ်ဆောင်စရာ ရှိသည်များကို လုပ်ဆောင်ပြီး ပုဏ္ဏားရွာသို့ ပြန်လည် ချီတက်ကြရ၏။

၂၅ ဧပြီ ၁၉၄၅ တွင် ပုဏ္ဏားရွာ၌ တိုင်း ၇ နယ်မြေအတွင်း ဖက်ဆစ်ဂျပန် တော်လှန်ရေးနှင့် ပတ်သက်၍ ဆွေးနွေးကြရာတွင် ဗိုလ်မှူးအောင်နှင့်အတူ ဗိုလ်ကြီးစန်းယုလည်း ပါဝင်တက်ရောက်ခဲ့ ဆွေးနွေးခဲ့သည်။ စစ်ဌာနချုပ်မှ တပ်ရင်းတပ်ခွဲများ သရက်တွင် ၅ ရက်ခန့် စခန်းချကြပြီးနောက် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်း ပြလို့ စခန်းသို့ ကူးပြောင်းလာခဲ့ကြ၏။

၁ ဇွန် ၁၉၄၅ တွင် အာလံမြို့ ပျေင်းကျေးရွာ၌ တပ်ရင်း ၂ ကို ပြန်လည် ဖွဲ့စည်းလိုက်ပါသည်။ တပ်ရင်း ၂ တွင် တပ်ရင်းမှူး အဖြစ် ဗိုလ်ကြီးစန်းယုက ဦးဆောင်ပြီး တပ်ခွဲ ၃ ခွဲ ထားရှိလိုက်၏။ တပ်ခွဲ ၁ ကို တပ်ခွဲမှူး ဗိုလ်မြ၊ တပ်ခွဲ ၂ ကို တပ်ခွဲမှူး ဗိုလ်သိန်းရွှေ၊ တပ်ခွဲ ၃ ကို တပ်ခွဲမှူး ဗိုလ်နေမျိုးတို့က ကြီးကြပ်ကွပ်ကဲပြီး တပ်သားအင်အားက ၂၀၄ ဦး ပါဝင်၏။

၁၇ ဇွန် ၁၉၄၅ တွင် ဗိုလ်ကြီးစန်းယု၏ တပ်ရင်း ၂ သည် ဗိုလ်ချုပ်အောင်ဆန်း အမိန့်အရ ရွှေတောင်သို့ ဆက်လက် ချီတက်ကြရရာ ည ၇ နာရီ အချိန်တွင် ရောက်ရှိကြသည်။ ရွှေတောင်မြို့သား

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးစန်းယု ကြီးပြင်းခဲ့ရာ မြို့ပင် ဖြစ်သည်။ ဇွန်လ ၁၈ ရက်နေ့တွင် နတ်တလင်းမှတစ်ဆင့် မြို့အရှေ့ဘက်ရှိ ဓမ္မငယ်ရွာသို့ စသွားရောက်ကာ ရန်သူအခြေအနေကို လေ့လာသည်။ ဇွန်လ ၂၃ ရက်နေ့တွင် စန်းကြီးကျေးရွာအထိ ချီတက်ကြရ၏။ ထိုစဉ် ဖက်ဆစ်ဂျပန်တို့ ကရင်ရေနောက် (တောင်ပေါ်စခန်း) တွင် စခန်းချလျက်ရှိကြောင်း သတင်းကြားသိရသည်။

ဗိုလ်ကြီး စန်းယုသည် ဆိုင်ရာတပ်မှူးထံသို့ သတင်းပေးပို့ခဲ့ပြီးနောက် အမိန့်အရ ဇူလိုင်လ ၁၃ ရက်နေ့တွင် ပြန်လည် တပ်ခေါက်လာခဲ့ရသည်။ ၂ စက်တင်ဘာ ၁၉၄၅ တွင် ဂျပန်တို့ အညံ့ခံလက်မှတ်ရေးထိုးလိုက်ကြောင်း သတင်း ကြားသိရသည်။ ဆုတ်ခွာလာခဲ့ကြသော ဖက်ဆစ်ဂျပန်များကို ဗိုလ်ကြီး စန်းယုတို့တပ်ရင်း ၂ က အပြတ်အသတ် ချေမှုန်းတိုက်ခိုက်ကြသည်။ ဗိုလ်ကြီး စန်းယုကား ဖက်ဆစ်ဂျပန် တော်လှန်ရေး ပြီးဆုံးသည်အထိ ပဲခူးရိုးမဘက် တိုင်းစစ်ဆင်ရေး တာဝန်ကို ယူခဲ့ရသည်။

၁၀ ဇန်နဝါရီ ၁၉၄၆ တွင် ကန္ဒီစာချုပ်ပါ သဘောတူညီချက်အရ ဗမာ့ တပ်မတော်ကို ပြန်လည်ဖွဲ့စည်းခဲ့ရာ ဗိုလ်ကြီးစန်းယုက ဗမာ့သေနတ်ကိုင် တပ်ရင်း ၃ တွင် ဒုဗိုလ်အဖြစ် ပြန်လည် စစ်မှုထမ်းခဲ့ရ၏။ အရာရှိငယ် သင်တန်း တက်ရောက်ပြီးသည့်နောက် ဖျာပုံခရိုင်အတွင်း မငြိမ်မသက် ဖြစ်နေမှုကို နှိမ်နင်းရေးတာဝန် ယူခဲ့ရသည်။ ၂၃ ဇန်နဝါရီ ၁၉၄၇ တွင် ဗိုလ်ကြီး အဆင့်ဖြင့် ဒုတပ်ခွဲမှူး၊ တပ်ခွဲမှူးများ ဖြစ်လာခဲ့သည်။

၂၄ ဖေဖော်ဝါရီ ၁၉၄၉ တွင် ဗိုလ်မှူးအဆင့် တိုးမြှင့်ခံရကာ ဗမာ့ သေနတ်ကိုင်တပ်ရင်း ၃ ၏ ဒုတပ်ရင်းမှူး ဖြစ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၂၅ နိုဝင်ဘာ ၁၉၄၉ တွင် ဒုဗိုလ်မှူးကြီးအဆင့် ခန့်အပ်ခံရပြီး အမှတ် ၁ အရေးပေါ် ကယား သေနတ်ကိုင်တပ်ရင်း၏ တပ်ရင်းမှူး အဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ ဒုဗိုလ်မှူးကြီး စန်းယုသည် ကလောမြို့၌ အခြေစိုက်ကာ ကလော၊ မိတ္ထီလာ၊ လွိုင်ကော်ဒေသများ လုံခြုံရေးအတွက် တာဝန်ယူခဲ့ရ၏။

မကြာမီ မကွေးသို့ တပ်ရင်း ပြောင်းရွှေ့ခဲ့ရသည်။ တောင်တွင်းကြီးကို သောင်းကျန်းသူများလက်မှ ပြန်လည် သိမ်းပိုက်ရာတွင် ဒုဗိုလ်မှူးကြီးစန်းယု ပါဝင်ခဲ့ရ၏။ ၁၉၅၀ ပြည့်နှစ်တွင် မင်္ဂလာဒုံ စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ်စဉ် ၃ သို့ တက်ရောက်နေစဉ် စစ်ရုံးမှ ပြန်လည်ခေါ်ယူကာ အမှတ် ၂ အရေးပေါ် ချင်းသေနတ်ကိုင် တပ်ရင်း၏ တပ်ရင်းမှူး အဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ ထို့ပြင် စစ်တွေမြို့နယ် တပ်မှူးတာဝန်ကိုပါ ပူးတွဲထမ်းဆောင်ခဲ့ရသည်။

၂၉ မေ ၁၉၅၁ တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ယာယီ လက်ထောက် စစ်ရေးနှင့် စစ်ထောက်ချုပ် အဖြစ် ခန့်အပ်ခံခဲ့ရ၏။ ၁၉၅၂ ခုနှစ် ဇွန်လတွင် အမှတ် ၂၁ ခြေလျင်တပ်ရင်း၏ တပ်ရင်းမှူးအဖြစ်ပါ ပူးတွဲတာဝန် ထမ်းဆောင်ရသည်။ ၁၉၅၂ ခုနှစ် ဇူလိုင်လတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၌ လက်ထောက်စစ်ရေးနှင့် စစ်ထောက်ချုပ် ဖြစ်လာခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဗိုလ်မှူးကြီးအဆင့် တိုးမြှင့်ခန့်အပ်ခံခဲ့ရ၏။

ဗိုလ်မှူးကြီး စန်းယုသည် ၂၅ ဖေဖော်ဝါရီ ၁၉၅၉ တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအဖြစ် ခန့်အပ်ခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



၉ မေ ၁၉၅၉ တွင် ဗိုလ်မှူးချုပ်အဆင့် တိုးမြှင့်ခြင်းခံရ၏။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ဗိုလ်မှူးချုပ် စန်းယုသည် ၁ အောက်တိုဘာ ၁၉၆၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့၌ တရုတ်မြန်မာ နယ်နိမိတ်စာချုပ်လက်မှတ်ရေးထိုးပွဲသို့ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း၊ ဝန်ကြီးချုပ် ဦးနုတို့နှင့်အတူ တက်ရောက်ခဲ့သည်။

၁၆ အောက်တိုဘာ ၁၉၆၁ တွင် ဗိုလ်မှူးချုပ် စန်းယု အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ထို့နောက် ၂၉ နိုဝင်ဘာ ၁၉၆၁ တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ် ပြောင်းရွှေ့တာဝန်ယူခဲ့ရပြန်၏။ ယင်းသို့တာဝန်ထမ်းဆောင်စဉ်အတွင်း မြန်မာပြည် ကွန်မြူနစ်ပါတီ အပါအဝင် တရုတ်ဖြူ လှုပ်ရှားမှုများ၊ သောင်းကျန်းသူများကို ချေမှုန်းတိုက်ခိုက်ခဲ့ရသည်။ ၂ မတ် ၁၉၆၂ တွင် တော်လှန်ရေးကောင်စီ ဖွဲ့စည်းစဉ် ဗိုလ်မှူးချုပ် စန်းယုလည်း ပါဝင်ခဲ့ပါသည်။ ၁၅ ဖေဖော်ဝါရီ ၁၉၆၃ တွင် ဒုတိယကာကွယ်ရေး ဦးစီးချုပ် (ကြည်း) အဖြစ် ခန့်အပ်ခံခဲ့ရသည်။

ဗိုလ်မှူးချုပ် စန်းယုသည် ၃ ဒီဇင်ဘာ ၁၉၆၃ တွင် တော်လှန်ရေး အစိုးရအဖွဲ့၌ ဘဏ္ဍာရေးနှင့် အခွန်ဌာနဝန်ကြီး အဖြစ် ခန့်အပ်ခြင်းခံခဲ့ရ၏။ ၁၈ ဇွန် ၁၉၆၉ တွင် ဘဏ္ဍာရေးနှင့် အခွန်ဌာနအပြင် အမျိုးသားစီမံကိန်း ဝန်ကြီးအဖြစ်ပါ ပူးတွဲခန့်အပ်ခြင်း ခံခဲ့ရသည်။ ၂၅ စက်တင်ဘာ ၁၉၇၁ တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက အဖွဲ့ဝင် ၉၇ ဦးပါ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်း ရေးဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ရေး ကော်မတီကို ဖွဲ့စည်းခဲ့ရာ ဗိုလ်မှူးချုပ် စန်းယုအား ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့၏။

၂၀ ဧပြီ ၁၉၇၂ တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းစဉ် ဗိုလ်ချုပ်ကြီး အဆင့်ဖြင့် ဒုဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး တာဝန်များ ပေးအပ်ခြင်း ခံခဲ့ရသည်။ ၂ မတ် ၁၉၇၄ တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်း အဝေးတွင် နိုင်ငံတော်ကောင်စီကို ဖွဲ့စည်းစဉ် ဗိုလ်ချုပ်ကြီး စန်းယုအား နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး အဖြစ် ခန့်အပ်ခဲ့သည်။ ၁၂ မေ ၁၉၇၄ တွင် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယုက ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး အတွေ့ အကြုံ ရှင်းလင်းပွဲကို ကျိုက္ကစံကွင်း ဆရာစံခန်းမ၌ ပြုလုပ်ကျင်းပ ခဲ့သည်။

၉ နိုဝင်ဘာ ၁၉၈၁ တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟို အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးမှ နိုင်ငံတော် ကောင်စီ၊ ဝန်ကြီးအဖွဲ့နှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများကို ရွေးချယ်ဖွဲ့စည်းခဲ့၏။ ထိုစဉ် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ ဦးစန်းယုကို နိုင်ငံတော်သမ္မတ အဖြစ် ကြေညာခဲ့ပါသည်။

နိုင်ငံတော်သမ္မတ ဦးစန်းယု လက်ထက် ၁ ဧပြီ ၁၉၈၃ တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ တစ်ဝန်းလုံး လူဦးရေ သန်းခေါင်စာရင်းကို တစ်ပြိုင်နက် စတင်ကောက်ခံခဲ့ပါသည်။ ၄

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာ ၁၉၈၃ တွင် သမ္မတကြီး ဦးစန်းယု ဟန်ဂေရီ ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။ ၈ စက်တင်ဘာ ၁၉၈၃ စာတတ်မြောက်ရေး အထိမ်းအမှတ် အခမ်းအနားတွင် နိုမာဆု ချီးမြှင့်ခြင်း ခံခဲ့ရသည်။

၉ အောက်တိုဘာ ၁၉၈၃ တွင် ရန်ကုန်မြို့ အာဇာနည် ဗိမာန်သို့ လွမ်းသူ့ပန်းခွေချ ဂါရဝပြု လာရောက်သည့် ကိုရီးယားသမ္မတ ချန်ဒူးဝမ်တို့ မရောက်ရှိမီ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ကိုရီးယား ဧည့်သည်တော် ၁၇ ဦး ကွယ်လွန်ပြီး ၁၄ ဦး ဒဏ်ရာရခဲ့သည်။ မြန်မာအမျိုးသားဘက်မှ ၄ ဦး ကွယ်လွန်ပြီး ၃၂ ဦး ဒဏ်ရာရခဲ့၏။ ဧည့်သည်တော် သမ္မတ ချန်ဒူးဝမ်နှင့် ဇနီးတို့အဖွဲ့ မူလ ခရီးစဉ် ဖျက်သိမ်းပြီး ကိုရီးယားနိုင်ငံသို့ ပြန်လည် ထွက်ခွာသွားကြသည်။ ထိုစဉ် လေဆိပ်သို့ သမ္မတ ဦးစန်းယုက လမ်းစဉ်ပါတီ ဥက္ကဋ္ဌ ဦးနေဝင်းနှင့်အတူ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့နှုတ်ဆက်ခဲ့သည်။

၁ ဇူလိုင် ၁၉၈၄ တွင် သမ္မတ ဦးစန်းယု ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ထိုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင်လည်း တရုတ်ပြည် သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သေး၏။ ၄ နိုဝင်ဘာ ၁၉၈၅ တွင် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ၌ သမ္မတဦးစန်းယုက ဗဟန်းမြို့နယ်၊ အမှတ် ၁ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး နိုင်ငံတော် ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ ရာထူးများဖြင့် ဆက်လက် တာဝန်ယူခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



၄ မတ် ၁၉၈၆ တွင် ရွှေတိဂုံစေတီတော်မြတ် တည်ရှိရာ သိင်္ဂုတ္တရ ကုန်းတော်၏ တောင်ဘက် ကိုက်ငါးရာအကွာရှိ မဇ္ဈိမရက္ခိတ ကုန်းတော်ထက်တွင် မဟာဝိဇယစေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။ ၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလတွင် သမ္မတ ဦးစန်းယု ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။ ထို့ပြင် ၈ ဇွန် ၁၉၈၇ တွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ချန်ဒူးဝမ်၏ ဖိတ်ကြားချက်အရ သမ္မတကြီး ဦးစန်းယုနှင့် သမ္မတကတော်တို့ ကိုရီးယားနိုင်ငံသို့ ၄ ရက်ကြာ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။ ၂၉ ဇွန် ၁၉၈၇ တွင် အင်ဒိုနီးရှား၊ ဇူလိုင်လ ၄ ရက်တွင် မလေးရှားတို့သို့ သွားသည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီးနောက် ၂၁ ဇူလိုင် ၁၉၈၇ တွင် အူအတက်ရောင် ရောဂါဖြင့် မင်္ဂလာဒုံ စစ်ဆေးရုံသို့ တက်ရောက် ဆေးကုသခံယူခဲ့ရ၏။

၂၀ အောက်တိုဘာ ၁၉၈၇ တွင် ယူဂိုဆလားဗီးယား ရူမေးနီးယားနှင့် ဂျာမနီနိုင်ငံများသို့ လှည့်လည် သွားရောက်ခဲ့သည်။ ၁၉၈၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် အရေးအခင်း စတင်ဖြစ်ပွားခဲ့သည်။ ၂၁ ဇွန် ၁၉၈၈ တွင် ရန်ကုန်တက္ကသိုလ်နှင့် စီးပွားရေး တက္ကသိုလ် သင်တန်းများ အားလုံးကို ပိတ်လိုက်ရ၏။ ၂၃ ဇူလိုင် ၁၉၈၈ တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် အရေးပေါ် ပါတီညီလာခံကို ရန်ကုန်မြို့ ဆရာစံခန်းမ၌ ကျင်းပခဲ့သည်။ ၂၅ ဇူလိုင် ၁၉၈၈ တွင် နိုင်ငံတော် သမ္မတ ဦးစန်းယု ရာထူးမှ နုတ်ထွက်ခဲ့သည်။

နိုင်ငံတော်သမ္မတကြီး ဦးစန်းယုသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင်ခဲ့ရုံမျှမက နိုင်ငံတော်မှ ပေးအပ်သော တာဝန်

www.burmeseclassic.com

www.burmeseclassic.com



များကို ကျေပြွန်စွာ ထမ်းဆောင်ခဲ့သောကြောင့် ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခြင်း ခံခဲ့ရ၏။ သမ္မတကြီး ဦးစန်းယု ရရှိခဲ့သည့် ဘွဲ့တံဆိပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- အရေးတော်ပုံတံဆိပ်
- လွတ်လပ်ရေး စည်းရုံးမှုတံဆိပ်
- လွတ်မြောက်ရေးတံဆိပ်
- လွတ်လပ်ရေးတံဆိပ်
- စတားတံဆိပ်
- ဘားမားစတားတံဆိပ်
- ကမ္ဘာစစ်တံဆိပ်
- စစ်မှုထမ်းကောင်းတံဆိပ်
- နိုင်ငံတော် စစ်မှုထမ်းတံဆိပ်
- ပြည်ပရန်နှိမ်တံဆိပ်
- ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်
- သီရိပျံချီဘွဲ့
- သရေစည်သူဘွဲ့
- လွတ်လပ်ရေးမော်ကွန်းဝင် (ပထမအဆင့်)
- နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမအဆင့်)

တို့ ဖြစ်ကြပါသည်။

သမ္မတကြီး ဦးစန်းယုသည် ၂၄ ဧပြီ ၁၉၄၇ တွင် ရန်ကုန်မြို့ ပညာမင်းကြီး၏ အပါးတော်မြဲ ဦးရှိန်ဝှက်၊ ဒေါ်သန်းရွှေတို့၏သမီး အင်းစိန်အစိုးရ အထက်တန်းကျောင်း ကျောင်းဆရာမ ဒေါ်သန်းရှိန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဆက်ခဲ့ရာ သမီး ၄ ဦး ထွန်းကားခဲ့ပါသည်။ သမီးများမှာ ဒေါ်လှဲ့လှဲ့ယု၊ ဒေါ်ခင်ဆွေယု၊ ဒေါ်အေး သန်းယုနှင့် ဒေါ်စောယုမွန်တို့ ဖြစ်ကြသည်။

နိုင်ငံတော်သမ္မတ ဦးစန်းယုသည် အသက် ၇၈ နှစ်အရွယ် ၂၈ ဇန်နဝါရီ ၁၉၉၆ တွင် ကွယ်လွန်သွားပါသည်။ ကွယ်လွန်စဉ် ဇနီးဒေါ်သန်းရှိန်နှင့် သမီးများ ကျန်ရစ်ခဲ့၏။ သတင်းစာပါ နာရေးကြော်ငြာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

**ကြည်း–၃၅၆၉**

**ဗိုလ်ချုပ်ကြီး စန်းယု (အငြိမ်းစား)**

**လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်**

**နိုင်ငံ့ဂုဏ်ရည် ပထမဆင့်**

**နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ (အငြိမ်းစား)**

**နိုင်ငံတော်သမ္မတကြီး (အငြိမ်းစား)**

**ကာကွယ်ရေးဦးစီးချုပ် (အငြိမ်းစား)**

**အသက် (၇၈) နှစ်**

အမှတ် ၁၆၊ ကမ္ဘောဇရိပ်သာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သန်းရှိန်၏ခင်ပွန်း၊ ပါမောက္ခ ဒေါက်တာဦးမောင်မောင်ဝင့်–ဒေါ်လှဲ့လှဲ့ယု၊ ဦးအောင်ကျော်–ဒေါ်ခင်ဆွေယု လ/ထ မန်နေဂျာ (စာတိုက်) ကြေးနန်း ဆက်သွယ်ရေးနှင့် စာတိုက် သင်တန်းကျောင်း၊ ဒေါ်အေးသန်းယု (အမှတ် ၂၊ စက်မှုဝန်ကြီးဌာန)၊ ဦးမြင့်ကြည် (MDSM Tours & Transport Co. Ltd) ဒေါ်စောယုမွန်တို့၏ဖခင်၊ မောင်ဇော်ထွန်းလတ်၊ မောင်ဝေသက်ဖြိုး၊ မဆုလှဲ့ဝင့်၊ မယုမွန်အောင်၊

www.burmeseclassic.com

www.burmeseclassic.com



မစုနန္ဒာ၊ မအိမွန်အောင်၊ မောင်သက်ဖြိုးအောင်တို့၏ အဘိုးသည် ၂၈–၁–၉၆ ရက်နေ့ ညနေ ၆ နာရီခွဲအချိန် အမှတ် ၂ တပ်မတော်စစ်ဆေးရုံ (ခုတင် ၅၀၀) တွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၁–၉၆ ရက် အင်္ဂါနေ့ မွန်းလွဲ ၂ နာရီအချိန်တွင် အမှတ် ၂ တပ်မတော်စစ်ဆေးရုံမှ မင်္ဂလာဒုံ စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ဟူ၍ ဖြစ်သည်။

❒



www.burmeseclassic.com

www.burmeseclassic.com



## ၆။ သမ္မတ ဦးစိန်လွင်

(၂၇ ဇူလိုင် ၁၉၈၈ – ၁၂ ဩဂုတ် ၁၉၈၈)

ဦးစိန်လွင်ကို မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကော့ကရင်ကျေးရွာ၌ အဘ ဦးရွှေရင်၊ အမိဒေါ်မာကြီးတို့က ၂၂ ဇန်နဝါရီ ၁၉၂၄ တွင် ဖွားမြင်ခဲ့သည်။ ဦးစိန်လွင်သည် ငယ်စဉ်က ပေါင်မြို့တွင် ပညာသင်ယူခဲ့ပြီး ဆရာဖြစ်သင်တန်း အောင်မြင်ခဲ့ပြီးနောက် အလယ်တန်းပြဆရာအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) သို့ ဝင်ရောက်ခဲ့၏။ ဦးစိန်လွင်သည် ထိုစဉ်က အသက် ၁၈ နှစ်အရွယ်သာ ရှိသေးပြီး သထုံခရိုင် ဗိုလ်မှူးဉာဏ အုပ်ချုပ်ရာ ဘီအိုင်အေတပ်သို့ ဝင်ရောက်အမှုထမ်းခဲ့ခြင်း ဖြစ်သည်။

၁၉၄၃ ခုနှစ်တွင် ဘီအိုင်အေမှ ဘီဒီအေသို့ ပြောင်းလဲဖွဲ့စည်းစဉ် ဗမာ့ကာကွယ်ရေး တပ်မတော်၊ တပ်ရင်း ၁၊ တပ်ခွဲ ၃ ၌ တပ်သားအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရ၏။ ထိုစဉ်အတွင်း ဂျပန်ခေတ်

www.burmeseclassic.com

www.burmeseclassic.com



မဂ်လာဒုံစစ်တက္ကသိုလ် ဗိုလ်သင်တန်း တတိယပတ်သို့ တက်ရောက်ခဲ့သည်။ တတိယပတ် ဗိုလ်သင်တန်းမှာ ၂၇ မေ ၁၉၄၄ တွင် စတင်ဖွင့်လှစ်ပြီး ၃၀ နိုဝင်ဘာ ၁၉၄၄ တွင် သင်တန်းဆင်းခဲ့၏။

ဦးစိန်လွင် ဗိုလ်သင်တန်း ဆင်းလာပြီးနောက် ဖက်ဆစ်ဂျပန်တော်လှန်ရေး၌ ပါဝင်ဆင်နွှဲခဲ့ရသည်။ ဗိုလ်စိန်လွင်သည် ဗမာ့မျိုးချစ်တပ်မတော် တိုင်း ၂၊ တပ်ရင်း ၈၃၊ တပ်ခွဲ ၃ ၌ တပ်ခွဲမှူး အဖြစ်တာဝန်ယူရင်း မြစ်ဝကျွန်းပေါ်ဒေသ၌ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ကန္ဒီ သဘောတူညီချက်အရ ဗမာ့တပ်မတော်ကို ပြန်လည်ဖွဲ့စည်းသောအခါ ဦးစိန်လွင်သည် သေနတ်ကိုင်တပ်ရင်း ၄ သို့ တပ်သားအဖြစ် ပြန်လည် ဝင်ရောက်ခဲ့ရ၏။

ဦးစိန်လွင်သည် ၁၉၄၈ ခုနှစ်တွင် ပြန်တမ်းဝင် အရာရှိဖြစ်လာခဲ့ပြီးနောက် တနင်္သာရီတိုင်းမင်းကြီး၏ အပါးတော်မြဲ အဖြစ်ပြည်ထဲရေးဌာနသို့ တွဲဖက် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ၁၉၄၉ ခုနှစ်တွင် ထားဝယ် စစ်ဝန်ထမ်း တပ်ရင်းမှူး အဖြစ် ပြောင်းရွှေ့အမှုထမ်းခဲ့ရ၏။ ထို့နောက် ၁၉၅၀ ပြည့်နှစ်တွင် အမှတ် ၃ ခြေလျင်တပ်ရင်း၌ တပ်ခွဲမှူး ဖြစ်လာပါသည်။ ၁၉၅၁- ၁၉၅၂ ခုနှစ်များအတွင်း အမှတ် ၁ လေ့ကျင့်ရေးတပ်သို့ တပ်ခွဲမှူး အဖြစ်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရ၏။ ထို့နောက်တစ်ဖန် ၁၉၅၂-၅၃ ခုနှစ်များတွင် တပ်ထိန်း အမှတ် ၂ တပ်ခွဲ တပ်မှူး ဖြစ်လာခဲ့သည်။

ဦးစိန်လွင်သည် ၁၉၅၃-၅၄ ခုနှစ်များတွင် ချင်း သေနတ်ကိုင်တပ်ရင်းတွင် ဒုတပ်ရင်းမှူးနှင့် အမှတ် ၁ လေ့ကျင့်ရေးတပ်

www.burmeseclassic.com

www.burmeseclassic.com



ဒုတပ်ရင်းမှူး တာဝန်များ ထမ်းဆောင်ရသည်။ ၁၉၅၇ ခုနှစ်တွင် အမှတ် ၄ သေနတ်ကိုင်တပ်ရင်း၏ တပ်ရင်းမှူး ဖြစ်လာပါသည်။ ၂ မတ် ၁၉၆၂ တွင် နိုင်ငံတော်အာဏာကို တပ်မတော်မှ ထိန်းသိမ်းရစဉ် ဦးစိန်လွင်သည် ကွပ်ကဲမှုခေါင်းဆောင် တစ်ယောက်အနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ရသည်။ ထို့နောက် ၁၉၆၅ ခုနှစ်အထိ ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးနှင့် ဒေသန္တရ အဖွဲ့အစည်းများ ဝန်ကြီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဝန်ကြီးဌာန၊ တရားရေး ဝန်ကြီးဌာနတို့တွင် အတွင်းဝန်အဖြစ် အမှုထမ်းခဲ့ရသည်။

၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူး ဖြစ်လာပါသည်။ ဗိုလ်မှူးကြီး စိန်လွင်သည် ၃ ဇူလိုင် ၁၉၆၉ မှ ၈ မတ် ၁၉၇၄ အထိ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် တာဝန်ယူခဲ့ရ၏။ ၄ မတ် ၁၉၇၄ တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ကို ဖွဲ့စည်းသောအခါ ဗိုလ်မှူးကြီး စိန်လွင်သည် သမဝါယမ ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။ ထို့နောက် ၂ မတ် ၁၉၇၈ တွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်းအဝေးမှ ဝန်ကြီးအဖွဲ့ကို ဖွဲ့စည်းသောအခါ ဗိုလ်မှူးကြီးစိန်လွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဖြစ်လာပါသည်။

ဗိုလ်မှူးကြီး စိန်လွင်သည် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်စဉ်အတွင်း ၇ အောက်တိုဘာ ၁၉၇၈ တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲ



www.burmeseclassic.com

www.burmeseclassic.com



လက်ခံရေးစခန်းတွင် ဟာသ်ာစီမံချက်အရ ဘင်္ဂလားဒေ့ရှ်ဘက်သို့ တိမ်းရှောင်သွားသူများအား လက်ခံရေး တာဝန်ယူခဲ့ရသည်။ ဗိုလ်မှူးကြီး စိန်လွင်သည် ၄ အောက်တိုဘာ ၁၉၈၁ မှ အောက်တိုဘာလ ၁၈ ရက်နေ့အထိ ကျင်းပသော တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်ပွဲတွင် နိုင်ငံတော်ကောင်စီဝင်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရ၏။ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး ကော်မတီ အဖွဲ့ဝင်အဖြစ်လည်း တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

၆ အောက်တိုဘာ ၁၉၈၅ တွင် စတင်ကျင်းပသည့် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲတွင် ဦးစိန်လွင်အား နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ထို့ပြင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တွဲဖက်အထွေထွေ အတွင်းရေးမှူး အဖြစ်လည်း တာဝန်ယူခဲ့ရ၏။ ၂၇ ဇူလိုင် ၁၉၈၈ တွင် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးကို ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသောအခါ ဦးစိန်လွင်အား နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

သမ္မတ ဦးစိန်လွင် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူ ဆောင်ရွက်ချိန်တွင် အခြေအနေမှာ ဆိုးဝါးလျက်ရှိပြီ ဖြစ်ပါသည်။ သမ္မတ ဦးစိန်လွင်သည် ၃ ဩဂုတ် ၁၉၈၈ တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၇၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို သုံးစွဲကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ် ၂၇ မြို့နယ်၌



www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ်အခြေအနေ ကြေညာလိုက်ကာ စစ်အုပ်ချုပ်ရေး ဥပဒေကို စတင်ခဲ့သည်။ သို့သော် ၈ ဩဂုတ် ၁၉၈၈ တွင် မြန်မာနိုင်ငံ မြို့ရွာအနှံ့ လူထုဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ ဩဂုတ်လ ၉ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံးရှိ စာသင်ကျောင်းများ အားလုံးကို ပိတ်လိုက်ရသည်။ ထိုစဉ်အတွင်း သမ္မတ ဦးစိန်လွင်က ဝန်ထမ်းများကို လစာငွေ တိုးမြှင့်ပေးခဲ့သည်။

၁၁ ဩဂုတ် ၁၉၈၈ တွင် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဦးစီးချုပ်တို့၏ တင်ပြချက်များကို ထုတ်ပြန် ကြေညာခဲ့၏။ ၁၂ ဩဂုတ် ၁၉၈၈ တွင် ဦးစိန်လွင်သည် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ်မှ လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ လည်းကောင်း နုတ်ထွက်သွားပါသည်။ သမ္မတ ဦးစိန်လွင်သည် ဇနီး ဒေါ်ရွှေတင်ခေါ် ဒေါ်တင်တင်လှိုင်နှင့် လက်ဆက်ကာ သားသမီး ၆ ဦး ထွန်းကားခဲ့သည်။

၉ ဧပြီ ၂၀၀၄ တွင် နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးစိန်လွင် ရန်ကုန်မြို့ ၌ ကွယ်လွန်သွားပါသည်။ ဦးစိန်လွင်၏ နာရေးကြော်ငြာကို အောက်ပါအတိုင်း တွေ့ရှိရ၏။

**ဗိုလ်မှူးချုပ် စိန်လွင် (ငြိမ်း)**

**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၀ ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ ခြံအမှတ် ၁၆ နေ ဦးရွှေရင်–ဒေါ်မာကြီးတို့၏ သား၊ ဦးစံရင်– ဒေါ်နှင်းလှိုင်တို့၏ သားသမက်၊ ဒေါ်တင်တင်လှိုင်၏ ခင်ပွန်း၊ ဒေါ်လဲ့လဲ့လွင်၊ ဦးကျော်လွင်ဦး–ဒေါ်ကြည်ကြည်ခင်၏၊

www.burmeseclassic.com

www.burmeseclassic.com



ဦးရဲလွင်ဦး၊ ဦးမင်းလွင်ဦး၊ ဦးလှဝေ– ဒေါ်ချိုလွင်ဦး၊ ဦးယုလွင်ဦး– ဒေါ်ခင်ယဉ်ယဉ်ထွန်း၊ ဒေါ်စောသုမာလာလွင်ဦး တို့၏ ဖခင်၊ မြေး ၁၁ ယောက်တို့၏ အဘိုးသည် ၉–၄–၂၀၀၄ ရက် (သောကြာနေ့) နံနက် ၇း၁၀ နာရီတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁–၄–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းပါမည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်)

**ကျန်ရစ်သူ မိသားစု**

ဟူ၍ ဖြစ်သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



## ၇။ ဒုတိယသမ္မတ ဦးအေးကို

(၁၂ ဩဂုတ် ၁၉၈၈ – ၁၉ ဩဂုတ် ၁၉၈၈)

ဦးအေးကိုသည် ၄ နိုဝင်ဘာ ၁၉၈၅ တွင် သမ္မတ ဦးစန်းယု ၏ ဒုသမ္မတအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသူ ဖြစ်သည်။ ၂၅ ဇူလိုင် ၁၉၈၈ တွင် သမ္မတ ဦးစန်းယု နုတ်ထွက်သွားပြီးနောက် ၂၇ ဇူလိုင် ၁၉၈၈ တွင် သမ္မတဦးစိန်လွင် ရာထူးတာဝန် စတင်ထမ်းဆောင်သော အခါ ဒုတိယသမ္မတအဖြစ်ပင် ဆက်လက် အမှုထမ်းခဲ့သည်။ ၁၂ ဩဂုတ် ၁၉၈၈ တွင် သမ္မတ ဦးစိန်လွင် နုတ်ထွက်သွားသောအခါ ဒုတိယသမ္မတ ဦးအေးကိုကပင် နိုင်ငံတော် အကြီးအကဲအဖြစ် ဆက်လက် တာဝန်ယူခဲ့ရသည်ဟု ဆိုနိုင်ပါသည်။ ဒုတိယသမ္မတ ဦးအေးကိုသည် ဒေါက်တာမောင်မောင် သမ္မတအဖြစ် စတင် တာဝန်ယူချိန် ၁၉ ဩဂုတ် ၁၉၈၈ အထိ ရက်သတ္တပတ်တစ်ပတ်ကြာ နိုင်ငံတော် အကြီးအကဲ အဖြစ် တာဝန်ယူခဲ့ရသည်။

ဦးအေးကို ကို ၁၉ စက်တင်ဘာ ၁၉၂၁ တွင် ပုသိမ်ခရိုင် ကျုံပျော်မြို့၌ ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးဖေညွန့် – ဒေါ်ငွေဆိုင်တို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည်။ ဦးအေးကိုသည် ငယ်စဉ်က ကျုံပျော်မြို့ နေရှင်နယ် အမျိုးသားအထက်တန်း ကျောင်း၌ ပညာဆည်းပူးခဲ့ပါသည်။ ဦးအေးကိုသည် ၁၉ နိုဝင်ဘာ ၁၉၅၁ တွင် ဗိုလ်သင်တန်း အပတ်စဉ် ၆ သို့ တက်ရောက်ခဲ့သူ ဖြစ်၏။ ထိုစဉ်က နောင် ဗိုလ်ချုပ်မှူးကြီး ဖြစ်လာခဲ့သည့် ဦးစောမောင်နှင့် သင်တန်းတစ်ပတ်တည်း ဖြစ်ခဲ့သည်။ သင်တန်း ဆင်းလာပြီးနောက် ၂၈ ဧပြီ ၁၉၅၂ မှစ၍ အမှတ် ၁၅ ခြေလျင်တပ်ရင်းတွင် တပ်ခွဲအရာရှိ အဖြစ် ဒုတိယဗိုလ်အဆင့် ဖြစ်တာဝန် စတင်ထမ်းဆောင်ခဲ့သည်။

၁၅ မေ ၁၉၅၂ တွင် စစ်ဝန်ထမ်းတပ် (ဟသ်ာတ) သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရ၏။ ၃၀ ဧပြီ ၁၉၅၂ တွင် ဗိုလ်အဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရသည်။ ၁ ဇန်နဝါရီ ၁၉၅၅ တွင် အမှတ် ၃၀ ခြေလျင်တပ်ရင်းသို့ ယာယီတပ်ရေး ဗိုလ်ကြီး အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။ ၈ ဇူလိုင် ၁၉၅၅ တွင် ဗိုလ်ကြီးအဆင့် တိုးမြှင့်ခံရကာ ယင်းတပ်ရင်း၌ပင် တပ်ရေး ဗိုလ်ကြီး အဖြစ် ဆက်လက်တာဝန်ယူခဲ့ရသည်။ ၂၇ ဇူလိုင် ၁၉၅၆ တွင် အမှတ် ၂ ထောက်လှမ်းရေးတပ် အင်အားပြဖြင့် တပ်မဟာ ၈ ၌ တွဲဖက်ခန့်အပ်ခြင်း ခံခဲ့ရ၏။

၆ နိုဝင်ဘာ ၁၉၅၆ တွင် ဦးအေးကို တပ်မဟာ ၈ ၌ ဦးစီးဗိုလ်ကြီး (စစ်ရေးနှင့် စစ်ထောက်) တာဝန်များကို ပြောင်းလဲထမ်းဆောင်ခဲ့ရသည်။ ၃၀ အောက်တိုဘာ ၁၉၅၆ တွင် တပ်မဟာ ၈ ၌ပင် ဦးစီးအရာရှိ (တတိယတန်း) ဖြစ်လာခဲ့သည်။ ထို့နောက် ၂၅ မေ ၁၉၆၀ တွင် အမှတ် ၃၀ ခြေလျင် တပ်ရင်း၏ ယာယီ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူး တာဝန်ထမ်းဆောင်ရ၏။ ၃ ဇွန် ၁၉၆၁ တွင် ဗိုလ်မှူး အဆင့် တိုးမြှင့်ခံခဲ့ရသည်။

ဗိုလ်မှူး အေးကိုသည် ၁၇ ဇွန် ၁၉၆၃ တွင် အမှတ် ၁ ရှမ်းသေနတ်ကိုင် တပ်ရင်းသို့ ယာယီတပ်ရင်းမှူး အဖြစ် ပြောင်းရွှေ့ရ၏။ ၂၀ ဇန်နဝါရီ ၁၉၆၄ တွင် ဒုတိယဗိုလ်မှူးကြီး အဆင့်ဖြင့် ယင်းတပ်ရင်း၏ တပ်ရင်းမှူး ဖြစ်လာခဲ့သည်။ ၉ စက်တင်ဘာ ၁၉၆၄ တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်သို့ စစ်ဦးစီးမှူး (ပထမတန်း) အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ၂ ဇွန် ၁၉၆၆ တွင် ကက (ကြည်း) စစ်ဆင်ရေး ဌာနစုသို့ ယင်းရာထူးဖြင့်ပင် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရသည်။

၂၄ ဧပြီ ၁၉၆၇ တွင် အမှတ် ၈၈ ခြေမြန်တပ်မဌာနချုပ်သို့ ယာယီ ဒုတိယတပ်မမှူး အဖြစ် ပြောင်းရွှေ့ ခန့်အပ်ခံခဲ့ရ၏။ ၁၇ ဩဂုတ် ၁၉၆၈ တွင် ဗိုလ်မှူးကြီး အဆင့်ဖြင့် ယင်းတပ်မဌာနချုပ်၏ ဒုတပ်ရင်းမှူး ဖြစ်လာခဲ့သည်။ ၃ ဇူလိုင် ၁၉၆၉ တွင် တပ်မ ၈၈ တပ်မမှူးအဖြစ် ရာထူး တိုးမြှင့်ခန့်အပ်ခံရ၏။ ၂၄ ဇန်နဝါရီ ၁၉၇၂ တွင် မဟာဗျူဟာဌာနချုပ် ဌာနချုပ်မှူး၊ ၁၁ ဇူလိုင် ၁၉၇၂ တွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ၈ မတ် ၁၉၇၄ တွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ၁၈ မတ် ၁၉၇၅ တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးများ ဖြစ်ခဲ့သည်။

၂ ဧပြီ ၁၉၇၆ တွင် ဗိုလ်မှူးချုပ်အဆင့်ဖြင့် ဒုတိယကာကွယ်ရေး ဦးစီး ချုပ် (ကြည်း) တာဝန် ထမ်းဆောင်ခဲ့ရသည်။ ၁ ဇန်နဝါရီ ၁၉၇၉ တွင် ဗိုလ်ချုပ် အဆင့်တိုးမြှင့်ခြင်း ခံရ၏။ ထို့နောက် ၁၉



www.burmeseclassic.com

www.burmeseclassic.com



မတ် ၁၉၈၁ တွင် ဒုတိယဗိုလ်ချုပ်ကြီး အဆင့်ဖြင့် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) တာဝန်ကို ဆက်လက် ထမ်းဆောင် ခဲ့ရသည်။ ၇ ဩဂုတ် ၁၉၈၁ တွင် နိုင်ငံတော်ကောင်စီသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဦးအေးကိုသည် ၆ အောက်တိုဘာ ၁၉၈၅ တွင် စတင်ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် ရန်ကုန်တိုင်း၊ တိုက်ကြီး မဲဆန္ဒနယ် ၁ မှ ရွေးချယ်ခံခဲ့ရသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတွင် အထွေထွေ အတွင်းရေးမှူး ဖြစ်လာခဲ့ပြီး နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌလည်း ဖြစ်လာခဲ့၏။

၄ နိုဝင်ဘာ ၁၉၈၅ တွင် ဝန်ကြီးအဖွဲ့၌ ဒုတိယသမ္မတ အဖြစ် ခန့်အပ်ခြင်း ခံခဲ့ရ၏။ ဦးအေးကိုသည် ထိုစဉ်က ဒုတိယသမ္မတ ဖြစ်သော်လည်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အထွေထွေ အတွင်း ရေးမှူးအနေဖြင့် ပိုမို အရေးပါသော လုပ်ငန်းတာဝန်များကို ထမ်း ဆောင်ခဲ့ရသည်။ ထိုစဉ်က နိုင်ငံတော်သမ္မတမှာ ဦးစန်းယု ဖြစ်သည်။ ၂၅ ဇူလိုင် ၁၉၈၈ တွင် သမ္မတ ဦးစန်းယု နုတ်ထွက်သွားပြီးနောက် ၂၇ ဇူလိုင် ၁၉၈၈ တွင် သမ္မတ ဦးစိန်လွင် တာဝန်ထမ်းဆောင်ခဲ့ သည်။ ၁၂ ဩဂုတ် ၁၉၈၈ တွင် သမ္မတ ဦးစိန်လွင် နုတ်ထွက် သွားချိန်တွင် ဦးအေးကိုသည် ဒုတိယသမ္မတ အဖြစ် နိုင်ငံတော် အကြီးအကဲတာဝန်ကို ယူခဲ့ရပါသည်။ ၁၉ ဩဂုတ် ၁၉၈၈ တွင် ဒေါက်တာမောင်မောင် ၌သမ္မတ ဖြစ်လာခဲ့သည်။

ဒုတိယသမ္မတ ဦးအေးကိုသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ အထွေထွေ အတွင်းရေးမှူး အဖြစ် ၁၆ စက်တင်ဘာ ၁၉၈၈



www.burmeseclassic.com

www.burmeseclassic.com



တွင် ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲနှင့် ဝန်ထမ်းများအား လမ်းစဉ်ပါတီ၊ ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်း ကြေညာခဲ့သည်။ ဒေါက်တာမောင်မောင် သမ္မတ ဖြစ်လာပြီးနောက် ဦးအေးကိုသည် ဒုတိယသမ္မတ အဖြစ် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့ရာ ၁၈ စက်တင်ဘာ ၁၉၈၈ အထိ ဖြစ်ပါသည်။ သို့သော် ဒုတိယသမ္မတ ဦးအေးကို၏ နိုင်ငံတော် အကြီးအကဲ အဖြစ် တာဝန်ယူရချိန်ကမူ ဒေါက်တာမောင်မောင် သမ္မတ ဖြစ်မလာမီ ၁၉ ဩဂုတ် ၁၉၈၈ အထိဟု ဆိုနိုင်ပါသည်။


နိုင်ငံတော် ဒုတိယသမ္မတ ဦးအေးကိုသည် နိုင်ငံ့ဂုဏ်ရည် (ပထမအဆင့်) လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယအဆင့်) များ ရရှိခဲ့ပြီး အသက် ၈၆ နှစ် အရွယ် ၂၆ စက်တင်ဘာ ၂၀၀၆ တွင် ကွယ်လွန်ခဲ့ပါသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



## ၈။ သမ္မတ ဒေါက်တာမောင်မောင်

(၁၉ ဩဂုတ် ၁၉၈၈ – ၁၈ စက်တင်ဘာ ၁၉၈၈)

ဒေါက်တာမောင်မောင်ကို အဘ အထက်တန်းရှေ့နေ ဦးဆင့်နှင့် အမိ ဒေါ်အေးတင်တို့က ၃၁ ဇန်နဝါရီ ၁၉၂၅ တွင် မန္တလေးမြို့၌ ဖွားမြင်ခဲ့သည်။ ဒေါက်တာမောင်မောင်ကို မဖွားမြင်မီက ဦးဆင့်–ဒေါ်အေးတင်တို့က သားယောကျ်ားကလေးတစ်ဦး ဖွားမြင်ခဲ့သေး၏။ သို့သော် တစ်နှစ်သားအရွယ်တွင် အဖတ်မတင်ဘဲ ကွယ်လွန်သွားရှာသည်။ သို့ဖြင့် ဒေါက်တာမောင်မောင်ကို မွေးဖွားသောအခါ မိဘများက အထူး ဂရုစိုက်ကြသည်။ သားဦးကလေးကဲ့သို့ ငယ်ငယ်ရွယ်ရွယ်နှင့် အဖတ်မတင်မည်ကို စိုးရိမ်သဖြင့် ပုခက်တွင်း၌ပင် သင်္ကန်းစည်းပေးခဲ့ရသည် ဆိုသည်။

ဒေါက်တာမောင်မောင်၏ ဘိုးဘွားများကား အင်းဝ ဆင်ကျုံးရွာဇာတိ ဖြစ်သည်။ ဖခင် ဦးဆင့်၏ အဆက်အနွယ်မှာ ငတိမ်းငဖဲ နှစ်မြို့ဝန် မောင်မောင်တုတ်မှ ဆင်းသက်လာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငတိမ်းငဖဲ နှစ်မြို့ဝန် ဦးမောင်မောင်တုတ်သည် မြဝတီမင်းကြီး ဦးစ၏ တူမ ဒေါ်မမလေးနှင့် လက်ဆက်ကာ သား ဦးစောကို ဖွားမြင်ခဲ့သည်။ ဦးစောက ဆီကုန်သည် ဦးသန်း–ဒေါ်ဖောင်း (အရိုးဖောင်း) တို့သမီး ဒေါ်တော်နှင့် ထိမ်းမြားလက်ထပ်ကာ သားမောင်တင့်၊ မောင်ဆင့်၊ မောင်သိတို့ကို ဖွားမြင်ခဲ့သည်။ မောင်ဆင့်မှာ ဒေါက်တာမောင်မောင်၏ဖခင် အထက်တန်းရှေ့နေ ဦးဆင့်ပင် ဖြစ်ပါသည်။

ဒေါက်တာမောင်မောင်၏ မိခင် ဒေါ်အေးတင်က ပန်းပဲဆရာကြီး ဦးကြူးနှင့် ဒေါ်ဇင်တို့၏သမီး ဖြစ်ပါသည်။ ဦးကြူးသည် ငယ်ရွယ်စဉ်ကပင် ဒေါ်ဇင်နှင့် ကွဲကွာခဲ့ရာ နောက်အိမ်ထောင် မပြုတော့ပေ။ ဒေါက်တာမောင်မောင် ငယ်စဉ်က မန္တလေးမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့သည်။ အမျိုးသားကျောင်းတွင် နေခဲ့ရသဖြင့်လည်း ဒေါက်တာမောင်မောင်အား မျိုးချစ် စိတ်ဓာတ် ထက်သန်လာစေခဲ့သည်။

ကျောင်းနေစဉ်က ဒေါက်တာမောင်မောင် ကင်းထောက်အဖွဲ့တွင် ပါဝင်ခဲ့သည်။ ဝံပုလွေမှ ကင်းထောက်လူငယ်၊ ယင်းနောက် ရိဗာစကောက်ကြီး ဖြစ်လာခဲ့သည်။ ထိုစဉ်က အထက်မြန်မာပြည် ကင်းထောက်မင်းကြီးမှာ ဦးလှကြီး ဖြစ်သည်။ အားလပ်ချိန်များတွင် မောင်မောင်က ဦးလှကြီးရုံး၌ အလံအချက်ပြ၊ ကြေးနန်း အချက်ပြများကို လေ့ကျင့်သည်။ ကျောင်းပိတ်ရက်များတွင် တောထွက်စခန်းချ ပညာရပ် လေ့လာဆည်းပူးရသည်။ ထိုစဉ်က ရေကူးတံဆိပ်၊ ထမင်းချက် တံဆိပ်မျိုးစုံကို ရရှိခဲ့သည်။

မိဘများက သားဖြစ်သူအား ဘီစီအက်စ် ဖြစ်စေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖခင် အထက်တန်း ရှေ့နေ ဦးဆင့်ကမူ သားဖြစ်သူအား ပညာရေး၊ အိမ်ထောင်ဖက် ရွေးချယ်ရေးနှင့် အလုပ်အကိုင် ရွေးချယ်ရေးတို့တွင် ဖခင်၏ ဆုံးဖြတ်ချက်ကို လိုက်နာရမည် ဖြစ်ပြီး ကျန်ကိစ္စရပ်များ အားလုံးကို မိမိဘာသာ လွတ်လပ်စွာ ရွေးချယ်လုပ်ကိုင်နိုင်ကြောင်း ငယ်စဉ်ကပင် ပြောပြခဲ့သည်။ ဤသို့ဖြင့် ဒေါက်တာ မောင်မောင်သည် ငယ်စဉ်ကပင် ဖခင်ထံမှ အလေ့အကျင့်ကောင်းများကို ရရှိခဲ့သည်။

အသက် ၁၃ နှစ်အရွယ် ကျောင်းသားဘဝတွင် ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်နှင့် ကြုံတွေ့ခဲ့ရသည်။ အိမ်တော်ရာ ဘုရား၊ စကြာသီဟ ဘုရားများတွင် သပိတ်စခန်းများ ဖွင့်ထားကြသည်။ ရန်ကုန်တွင် ဗိုလ်အောင်ကျော် ကျဆုံးသည်။ မန္တလေးတွင် အာဇာနည် ၁၇ ဦး ကျသည်။ ယင်းနောက်ပိုင်း ဝံသာနုစိတ်ဓာတ် နိုးကြား တက်ကြွလာကြသည်။ မန္တလေးတွင် ရဟန်းပျိုများက ဝံသာနု အရေးတော်ပုံကို ဦးဆောင်ကြ၏။ ရဟန်းပျိုတို့က မြန်မာအမျိုးသမီး များ အင်္ကျီပါးမဝတ်ကြရန် မေတ္တာရပ်ခံသည်။

ဝံသာနုများက ပြည်တွင်းဖြစ် အထည်အဝတ်များကိုသာ ဝတ်ဆင်ကြရန် တိုက်တွန်းသည်။ နိုင်ငံခြားမှ တင်သွင်းသည့် နိုင်ငံခြားဖြစ် ပစ္စည်းဟူသမျှကို သပိတ်မှောက်ကြသည်။ ပြောမရသူများကို ကြိမ်ဖြင့် ဆုံးမကြသည်။ အင်္ကျီများကို ကတ်ကြေးဖြင့် ကိုက်ဖြတ်ကြသည်။ ဝံသာနု လှုပ်ရှားမှုက မန္တလေးတွင် အတော်ပြင်းထန်လှသည်။ ယောကျ်ားကလေးများ၏ ဘိုကေဆံပင်ကို အလျှုံခံကြသည်။ ဘိုကေ မထားကြဖို့ ဆော်သြ၏။ ဒေါက်တာမောင်မောင်သည်ပင် မိခင်အတွက် ဈေးထွက်ဝယ်ပေးစဉ် ကိုလိုနီစနစ်၏ အမွေဆိုးတစ်ခု ဖြစ်သော အင်္ဂလိပ်ဆံတောက်ကို ရိတ်ဖြတ်ခြင်း ခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၉ ခုနှစ်တွင် ဒေါက်တာမောင်မောင် မန္တလေးမြို့ ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်း (BTN) မှ ဆယ်တန်း အောင်မြင်ပြီး မန္တလေး ဥပစာကောလိပ် သိပ္ပံတန်းသို့ တက်ရောက်ပညာသင်ယူသည်။ သို့သော် အသက်က ၁၄ နှစ်သာ ရှိသေး၍ အလွန်ငယ်နေသည်။ သို့ဖြင့် ကျောင်းတက်ခွင့်မရ ဖြစ်နေရာ ကျောင်းအုပ်ကြီး မစ္စတာ မာရှယ်၏ ခွင့်ပြုချက်ကြောင့်သာ အတန်းတက်ခဲ့ရသည်။ ၁၉၄၂ ခုနှစ် ဂျပန်ခေတ်တွင် တက္ကသိုလ်ပညာက တစ်ပိုင်းတစ်စနှင့် ရပ်ဆိုင်းသွားသည်။

ဒေါက်တာမောင်မောင်က ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) ထောက်ပံ့ရေး တပ်ရင်းသို့ ဝင်ရောက်ခဲ့သည်။ ထိုစဉ်က ဒေါက်တာမောင်မောင်မှာ အသက် ၁၈ နှစ်အရွယ်သာ ရှိပါသေးသည်။ ၇ အောက်တိုဘာ ၁၉၄၄ တွင် ဒေါက်တာမောင်မောင် သည် ဂျပန်ခေတ် မင်္ဂလာဒုံ စစ်တက္ကသိုလ် စတုတ္ထပတ် ဗိုလ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ၃၁ ဇန်နဝါရီ ၁၉၄၅ တွင် စစ်သင်တန်း ဆင်းသောအခါ စစ်ဝန်ကြီးရုံး၊ စစ်ပညာဌာနတွင် ဗိုလ်ကလေးအဖြစ် အမှုထမ်းရသည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ဟသ်ာတခရိုင်၊ မျိုးချစ် ဗမာ့တပ်မတော် တိုင်း ၁ ၌ စစ်မှုထမ်းခဲ့ရသည်။ ပဲနွယ်ကုန်း၌ တပ်များ သိမ်းသည်အထိ ပါဝင်ခဲ့သည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီး ၁၉၄၆ တွင် ဒေါက်တာ မောင်မောင် တက္ကသိုလ်ပြန်တက်ရာ ၁၉၄၆ ခုနှစ်၌ပင် ရန်ကုန် တက္ကသိုလ်မှ အင်္ဂလိပ်စာ ဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်အမှုထမ်းခဲ့သည်။ ထိုစဉ်အတွင်း ပန်းတနော် ဦးသန့်နှင့် ဆုံမိကာ ၁၉၄၆–၄၇ ခုနှစ်များတွင် ပြန်ကြားရေးဌာန၊ **New Time of Burma** သတင်းစာ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၃ ဒီဇင်ဘာ ၁၉၄၇ တွင် ဒေါက်တာမောင်မောင်သည် ဟင်္သာတမြို့နေ ပါလီမန်အမတ် ဦးသန်းတင်– ဒေါ်ကျင်မြတို့သမီး ဒေါ်ခင်မြင့်နှင့် လက်ဆက်ခဲ့သည်။ ၄ ဇန်နဝါရီ ၁၉၄၈ တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိစဉ် လွတ်လပ်ရေး ကြေညာစာတမ်းကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးသားပေးခဲ့ရသည်။

၁၉၄၈ ခုနှစ် နှစ်ဦးပိုင်းတွင် ဒေါက်တာမောင်မောင်သည် မြန်မာနိုင်ငံ မီးရထားဌာန၌ လက်ထောက် အတွင်းဝန်ရာထူး ရရှိ၍၊ ၁၉၄၉ ခုနှစ် အောက်တိုဘာလအထိ ယင်းရာထူးဖြင့် အမှုထမ်းခဲ့ပြီးနောက် အင်္ဂလန်နိုင်ငံသို့ သတင်းဖြန့်ချိရေး ပညာသင်ယူရန် ပညာတော်သင်အဖြစ် စေလွှတ်ခြင်း ခံခဲ့ရသည်။ ဒေါက်တာမောင်မောင် နိုင်ငံခြားသို့ ထွက်ခွာချိန်မှာ မြန်မာနိုင်ငံ၌ ပြည်တွင်းရောင်စုံ သောင်းကျန်းသူများဖြင့် မငြိမ်မသက် ဖြစ်နေချိန် ဖြစ်ပါသည်။ ဒေါက်တာမောင်မောင်သည် တပ်မတော်သို့ ပြန်လည် ဝင်ရောက်လိုသော်လည်း အထက်လူကြီးများအား မလွန်ဆန်နိုင်သဖြင့် ပညာတော်သင်ခရီး ထွက်ခွာလာခဲ့ရသည်။

ဒေါက်တာမောင်မောင်သည် ၁၉၄၉ ခုနှစ်မှ ၁၉၅၃ ခုနှစ် အထိ အင်္ဂလန်နိုင်ငံ၌ နေထိုင်ရင်း ပညာဆည်းပူးခဲ့သည်။ ပညာတော်သင် စေလွှတ်သည့် သတင်းဖြန့်ချိရေး ပညာရပ်အပြင် ဝတ်လုံပညာကိုလည်း ဆည်းပူးခဲ့သည်။ နွေရာသီတွင် နယ်သာလန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



Academy of International Law မှ အပြည်ပြည်ဆိုင်ရာ ဥပဒေဒီပလိုမာကို ရရှိခဲ့သည်။ လန်ဒန်မြို့တွင် နေစဉ်၌လည်း မြိုးခြဲချွေတာစွာ နေထိုင်ရင်း ဝတ်လုံပညာကို လင်ကွန်းအင်း (Lincoln's Inn) မှ ညနေပိုင်း တက်ရောက်သင်ယူခဲ့၏။ ၁၉၅၂ ခုနှစ်တွင် လန်ဒန်မြို့ လင်ကွန်းအင်းမှ ဝတ်လုံ (Barrister - at - Law) အဖြစ် ခံယူပြီးနောက် မြန်မာပြည်သို့ ပြန်လာကာ ၁၉၅၃–၅၅ ခုနှစ်များအတွင်း အစိုးရရှေ့နေ အဖြစ် အမှုထမ်းသည်။ ၁၉၅၅ ခုနှစ်တွင် ဥပဒေသတင်းထောက် အဖြစ် ခန့်အပ်ခံရ၏။ ၁၉၅၆ ခုနှစ်တွင် ဥပဒေပါရဂူဘွဲ့ယူရန် ဟော်လန်နိုင်ငံ နယ်သာလင်သို့ ထွက်ခွာလာခဲ့သည်။ ဟော်လန်နိုင်ငံ နယ်သာလင်ရှိ Utrecht တက္ကသိုလ်၌ ပါရဂူဘွဲ့အတွက် လေ့လာဆည်းပူးခဲ့သည်။

ဥပဒေစာအုပ်များမှာ ဈေးကြီးလှသဖြင့် ညဥ့်နက်သန်းခေါင်အထိ ဖွင့်လှစ်သော တက္ကသိုလ် စာကြည့်တိုက်များသို့ သွားရောက်ကာ လေ့လာဖတ်ရှု ရေးမှတ်ရသည်။ ကား‌ခ သက်သာစေရန် ကျောင်းအသွားအပြန်ကိုပင် လမ်းလျှောက်သည်။ တစ်ခါတစ်ရံ မဂ္ဂဇင်းတိုက်သို့လည်း ဆောင်းပါးရေးပို့သည်။ တစ်ကြိမ်တွင် သူ၏လက်ရာ မန္တလေးအိမ်အကြောင်း ဆောင်းပါးပါလာ၍ စာမူခ ဆယ်ပေါင်ရရှိခဲ့ဖူးသည်။ Utrecht တက္ကသိုလ်မှ နာမည်ကျော် ဥပဒေပညာရှင် ပါမောက္ခဗာဒီး (Prof-J.H.W Verzijl) ထံတွင် ဒေါက်တာဘွဲ့အတွက် ကျမ်းပြုခွင့် ရရှိပြီးနောက် အဆင့်မီ ကျမ်းတစ်ဆောင် တင်သွင်းနိုင်ခဲ့သဖြင့် ၁၉၅၆ ခုနှစ် ဇွန်လတွင် Utrecht တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ ဥပဒေဘာသာရပ်ဖြင့် ဥပဒေပါရဂူဘွဲ့ LLD (Doctor of Law) ကို ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမောင်မောင် မြန်မာပြည်သို့ ပြန်လည် ရောက်ရှိလာခဲ့ပြီးနောက် ၁၉၅၈ ခုနှစ်တွင် လက်ထောက်ရှေ့နေချုပ် အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၁၉၅၉ ခုနှစ် အိမ်စောင့်အစိုးရ လက်ထက်တွင် ကုလသမဂ္ဂသို့ စေလွှတ်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လိုက်ပါခဲ့ရ၏။ ဒေါက်တာမောင်မောင်သည် ဂျပန်နိုင်ငံသို့ပါ လှည့်လည်ဝင်ရောက်ခဲ့ပြီး ဟာမာမတ်စုမြို့တွင် ဗိုလ်မိုးကြိုးခေါ် ကာနယ်ဆူဇူကီးနှင့် တွေ့ဆုံခဲ့သေး၏။

၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဒေါက်တာမောင်မောင် လက်ထောက် ရှေ့နေချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ် ဥပဒေဌာနတွင် ကထိကအဖြစ် ဝင်ရောက်လုပ်ကိုင်၏။ ထို့နောက် ၁၉၆၀ ပြည့်နှစ်အတွင်း အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်သို့ ကထိက အဖြစ် တာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားပါသည်။ ဒေါက်တာမောင်မောင်က ကထိက အဖြစ် အမှုထမ်းရင်း ၁၉၆၁ ခုနှစ်တွင် ယေးလ်တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ ဥပဒေ ဘာသာရပ်အတွက် ဒေါက်တာဘွဲ့ ထပ်မံရရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဒေါက်တာ မောင်မောင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

၂ မတ် ၁၉၆၂ တွင် တော်လှန်ရေးကောင်စီ တက်လာပြီးနောက် ဒေါက်တာမောင်မောင်အား တရားရုံးချုပ် တရားသူကြီးချုပ် အဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ဒေါက်တာမောင်မောင်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အမြုတေ ပါတီကာလတွင် ပညာရေးရာ ကော်မတီဝင် အဖြစ် တာဝန်ထမ်းဆောင်ရ၏။ ၂၈ ဇွန် ၁၉၇၁ တွင် ပထမအကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ပါတီညီလာခံ စတင်ကျင်းပသောအခါ ပါတီစည်းကမ်း ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ထို့ပြင် ၁၉၇၁ ခုနှစ်တွင် ဖွဲ့စည်းသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် (မူကြမ်း) ရေးဆွဲရေး ကော်မရှင်၌ အဖွဲ့ဝင်အဖြစ်လည်း ပါဝင်ခဲ့သည်။

၂၀ ဧပြီ ၁၉၇၂ တွင် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရအဖွဲ့ကို အသစ် ပြန်လည်ဖွဲ့စည်းစဉ် ဒေါက်တာမောင်မောင်သည် တရားရေး ဌာန ဝန်ကြီးအဖြစ် အစိုးရအဖွဲ့၌ ပါဝင်ခဲ့သည်။ ယင်းရာထူးဖြင့် ၂ မတ် ၁၉၇၄ အထိ တာဝန် ထမ်းဆောင်ခဲ့ရသည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးကို ၂ မတ် ၁၉၇၄ တွင် ကျင်းပစဉ် ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီကို ဖွဲ့စည်းခဲ့ရာ၌ ဒေါက်တာမောင်မောင်အား နိုင်ငံတော်ကောင်စီဝင် အဖြစ် တာဝန်ပေး အပ်ခဲ့သည်။ ဒေါက်တာမောင်မောင်သည် ၁၉၇၄ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲတွင် အမရပူရမြို့နယ် မဲဆန္ဒနယ်မြေ အမှတ် ၂ မှ ရွေးချယ်ခံခဲ့ရသူ ဖြစ်သည်။

၁၉၇၈ ခုနှစ်တွင် ဥပဒေကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေး အပ်ခြင်းခံခဲ့ရ၏။ ၂၇ ဇူလိုင် ၁၉၈၈ တွင် ပြည်သူ့ဥပဒေ အကျိုး ဆောင်အဖွဲ့ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခန့်အပ်ခြင်း ခံခဲ့ရသည်။ ၁၉ ဩဂုတ် ၁၉၈၈ တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ၁၁ ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပစဉ် ဒေါက်တာ မောင်မောင်အား



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ယင်းနေ့ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးကလည်း ဒေါက်တာမောင်မောင်ကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

နိုင်ငံတော်ကောင်စီသည် ထိုနေ့၌ပင် ကြေညာချက် အမှတ် ၇/၈၈ ဖြင့် ပြည်သူ့ဆန္ဒ လေ့လာစုံစမ်းရေး ကော်မရှင်ကို ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ သို့သော် ၁၀ စက်တင်ဘာ ၁၉၈၈ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အရေးပေါ် ညီလာခံတွင် တစ်ပါတီနှင့် ပါတီစုံစနစ် နှစ်မျိုးအနက် မည်သည့်စနစ်ကို ပြည်သူအများ နှစ်ခြိုက်ကြောင်း ဆန္ဒခံယူပွဲ မလုပ်တော့ဘဲ ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန် ရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ၁၆ စက်တင်ဘာ ၁၉၈၈ တွင် ပြည်သူ့ဝန်ထမ်းအားလုံးအား မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ နုတ်ထွက်ခွင့်ပြုခဲ့၏။ ထိုစဉ်အတွင်း ၁၈ စက်တင်ဘာ ၁၉၈၈ တွင် နိုင်ငံတစ်ဝန်း၌ အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေကို အချိန်မီ ထိန်းသိမ်းနိုင်ရန်အတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ ကြေညာချက်အမှတ် ၁/၈၈ ဖြင့် နိုင်ငံတော်အာဏာ အရပ်ရပ်ကို တပ်မတော်မှ ထိန်းသိမ်းခဲ့ရသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် တစ်ထောင့် တစ်နေရာမှ ပါဝင်ခဲ့သည့် ဒေါက်တာမောင်မောင်သည် နိုင်ငံတော်မှ လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယအဆင့်) ကို ၁၉၇၅ ခုနှစ်တွင်လည်းကောင်း၊ နိုင်ငံ့ဂုဏ်ရည် (ပထမအဆင့်) ကို ၁၉၈၄ ခုနှစ်တွင်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ပေးအပ်ချီးမြှင့်ခြင်း ခံခဲ့ရသည်။ နိုင်ငံတော်တာဝန်များ ထမ်းဆောင်နေစဉ်အတွင်း ဒေါက်တာမောင်မောင်သည် ဥရောပနှင့် အာရှနိုင်ငံအများသို့ ရောက်ရှိခဲ့သည်။

စာပေဝါသနာပါသူ ဒေါက်တာမောင်မောင်သည် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် စာအုပ်စာတမ်း အချို့ကိုလည်း ရေးသားပြုစုခဲ့ပါသည်။ ဒေါက်တာမောင်မောင် ရေးသားခဲ့သည့် စာအုပ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

မြန်မာဘာသာ

၁။ သွေးနီ – ရန်ကုန်၊ ၁၉၄၆
၂။ သက်ရှိရာဇဝင် – ရန်ကုန်၊ သမာမိတ္တ၊ ၁၉၅၆
၃။ တို့ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ–ရန်ကုန်၊ ၁၉၅၉
၄။ နိုင်ငံတော် လုပ်ကြံမှု၊ ပြည်ထောင်စုနှင့် ဦးစော–ရန်ကုန်၊ ၁၉၆၈
၅။ မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း – ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၉
၆။ သားမောင်စစ်သည်သို့ – ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၃

အင်္ဂလိပ်ဘာသာ

၁။ Aung San of Burma (1962)
၂။ Burma and General Ne Win (1969)



www.burmeseclassic.com

www.burmeseclassic.com



၃။ Burma in the Family of Nations (1956)

၄။ Burma's Constitution (1959)

၅။ Burma's Teetrhing Time (1949)

၆။ Eggar's Law of Evidence (1959)

၇။ The Forgotten Army (1959)

၈။ Grim War against the KMT (1943)

၉။ London Diary (1952)

၁၀။ A Trial in Burma (1962) တို့ ဖြစ်ကြသည်။

နိုင်ငံတော်သမ္မတ (အငြိမ်းစား) ဒေါက်တာမောင်မောင်သည် အသက် ၇၀ နှစ်အရွယ် ၂ ဇူလိုင် ၁၉၉၄ တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်မြင့်နှင့် သားသမီးများ ကျန်ရစ်ခဲ့၏။ နာရေးကြော်ငြာကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

**နိုင်ငံတော်သမ္မတ (အငြိမ်းစား)**

**ဒေါက်တာမောင်မောင်**

**အသက် (၇၀) နှစ်**

**B.A, B.L, LLD (Utrecht)**

**J.S.D (Yale) of Lincoln's Inn**

**Barrister at - Law**

မန္တလေးမြို့နေ ဦးဆင့်၊ ဒေါ်အေးတင်တို့၏သား၊ ဟင်္သာတမြို့နေ ဦးသန်းတင်၊ ဒေါ်ကျင်မြတို့၏သားသမက်၊ ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ်၊ မေခလမ်း အမှတ် ၁၆ နေ ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ဒုတိယ ဗိုလ်မှူးကြီးကျော်သူ [စစ်ဦးစီး (ပထမတန်း)] ဒကခ–ဒေါ်လှဲ့လှဲ့ကြည်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်နိုင်–ဒေါ်သဇင်ဌေး၊ ဦးသောင်းဦး–ဒေါ်ယဉ်ယဉ်ဦး (မြန်မာ သံရုံး၊ ခတ္တမန္ဒူ)၊ ဗိုလ်မှူးလှိုင်ထွဋ်–ဒေါ်ယဉ်ယဉ်အေး၊ ဦးဝင်းမောင်– ဒေါ်ခင်သီတာ၊ ဗိုလ်မှူး အောင်ရွှေဦး–ဒေါ်ခင်သီတာ၊ ဦးကျော် ကျော်ထွန်း–ဒေါ်ခင်စန္ဒာတို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုး ဒေါက်တာမောင်မောင်သည် ၁၉၉၄ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ နံနက် ၆:၄၅ နာရီအချိန်တွင် အထက်ပါနေအိမ်၌ ကွယ်လွန် အနိစ္စရောက်သွားပါကြောင်း၊ သင်္ဂြိုဟ်မည့်နေ့ရက်နှင့် အချိန်ကို ထပ်မံ အကြောင်းကြားပါမည်။

**ကျန်ရစ်သူ မိသားစု**

ဟူ၍ ဖြစ်ပါသည်။

❒

**တင်နိုင်တိုး**



www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုးစာရင်း


၁။ ကျော်ဝင်း၊ ဦး၊ ဦးမြဟန်နှင့် ဦးသိန်းလှိုင် — **၁၉၅၈ – ၁၉၆၂ မြန်မာနိုင်ငံရေး (တတိယတွဲ)**၊ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ၁၉၉၁ ခုနှစ်။

၂။ ကြန်၊ ဒေါ် — **မြန်မာနိုင်ငံအခြေအနေ (၁၈၈၅–၈၆)** ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၈။

၃။ ဂေါပကအဖွဲ့ — **ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော် မြတ်ကြီးသမိုင်း**၊ ရန်ကုန်၊ သုဓမ္မဝတီစာပုံနှိပ်တိုက်၊ ၁၉၉၇မတ် (ပဥ္စမအကြိမ်) ဓမ္မဒါန။




www.burmeseclassic.com

www.burmeseclassic.com




၄။ စိုင်းအိုက်စံ၊ ဒေါက်တာ — "ရှမ်းနွယ်ဖွား ပြည်ထောင်စုသားကောင်းများ"၊ ရွှေရတု ရှမ်းပြည်နယ် (၁၉၄၇–၁၉၉၇) မဂ္ဂဇင်း၊ ရန်ကုန်၊ တိုးတက်ရေး ပုံနှိပ်တိုက်၊ ၁၉၉၇။

၅။ စိန်ဝင်းစိန် — ကျွန်ုပ်၏ မြန်မာနိုင်ငံ (သမ္မတ တစ်ဦး၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ) (My Burma by U Ba U)၊ ရန်ကုန်၊ စာလုပ်ငန်း ပုံနှိပ်တိုက်၊ ၂၀၁၀ ဇွန်။

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ရွေးချယ်ခံ ကိုယ်စားလှယ်များ၏ ကိုယ်ရေးအကျဉ်း (၁၉၇၈)

၇။ ဒေါက်တာမောင်မောင် — မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီး နေဝင်း၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၄၆။

၈။ နဂါးဗိုလ်ထိပ်တင်ဒွေး — ရန်ကုန်ရာဇဝင်

၉။ နီနီမြင့်၊ ဒေါ် — မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်း၊ အပိုင်း(၁)




www.burmeseclassic.com

www.burmeseclassic.com



(၁၈၈၅–၁၉၃၅)၊ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ၁၉၈၈။

၁၀။ မင်းမင်းစိုး၊ မောင် — **ပြည်ထောင်စု မြန်မာနိုင်ငံ၊ နိုင်ငံတော် သမ္မတနှင့် ဝန်ကြီးချုပ်များ အတ္ထုပ္ပတ္တိ (၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ)** စာကြည့်တိုက်နှင့် သုတပညာဌာန၊ ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့ယူ ကျမ်းပြုစာတမ်း (၂၀၀၆)

၁၁။ မောင်ဖေယျာ — **မြန်မာလူကျော် ၁၀၀ (ပထမအုပ်)** ရန်ကုန်၊ Color Zone ပုံနှိပ်တိုက်၊ ၂၀၁၀ မတ်။

၁၂။ မောင်သန်းဆွေ (ထားဝယ်) — **ကုန်းဘောင်အလွန် (ဒုတိယတွဲ)**၊ ရန်ကုန်၊ ရာပြည့် အော့ဖ်ဆက်၊ ၂၀၁၀ ဇွန်။

၁၃။ မြဝင်း — **တပ်မတော် ခေါင်းဆောင်**

www.burmeseclassic.com

www.burmeseclassic.com



များ သမိုင်းအကျဉ်း (၁၉၄၁ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ) ရန်ကုန်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၁၉၉၂ မတ်။

၁၄။ မြဟန်၊ ဦး နှင့် ဦးသိန်းလှိုင် — **၁၉၅၈ – ၁၉၆၂ မြန်မာ့နိုင်ငံရေး (စတုတ္ထတွဲ)**၊ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ၁၉၉၁ ဇွန်။

၁၅။ **မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၉၅) (၂၀၀၇)**

၁၆။ **မြန်မာ့ရက်စဉ်သမိုင်း (၁၉၄၅ မှ ၂၀၀၈ အထိ) (ဒုတိယတွဲ)** ရန်ကုန်၊ သမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၉။

၁၇။ ရွှေဥဩ — **တစ်ချိန်က ထင်ရှားခဲ့သော ပုဂ္ဂိုလ်ကြီးများ**၊ ရန်ကုန်၊ တောက်တောက်ဝင်း ပုံနှိပ်တိုက်၊ (ဒုတိယအကြိမ်) ၁၉၉၇ ဩဂုတ်။

၁၈။ သာယာဝတီအောင်ရှင်း — **လင်းဓေး ဦးထွန်းမြင့်**၊ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်၊ ၁၉၇၆ ဒီဇင်ဘာ

■

www.burmeseclassic.com